# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**သူတော်ကောင်းထံချဉ်းကပ်**

အရိယာသူတော်ကောင်းတို့နှင့် တွေ့မြင်၊ ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့နှင့် မတွေ့မြင် မပေါင်းဖော်ခြင်းသည် အမြဲပင်ချမ်းသာ၏။ ထို့ကြောင့် လူမိုက်တို့ကိုရှောင်ခွာ၍ ပညာရှိ အရိယာ သူတော်ကောင်းတို့ထံ ချဉ်းကပ်၍ မှီဝဲဆည်းကပ်ရာ၏။

သုခဝဂ်(ဓမ္မပဒ- ၂၀၈)


၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 April 2020 ၉၉၉၇


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန်၊ COVID-19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ကိုတောင်စွမ်းခိုင်၊ ကိုကျော်လင်းထက်တို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန်၊ COVID-19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ကိုတောင်စွမ်းခိုင်၊ ကိုကျော်လင်းထက်တို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

- ☆ မိမိအင်အားကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကြရမည်
- ☆ တစ်ဦးနှင့်တစ်ဦး အားပေးကြရေးနှင့် ဝန်းရံပေးကြရေးသည် အရေးကြီး
- ☆ ပြည်သူပြည်သားများအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိကြစေလို

နေပြည်တော် ဧပြီ ၂၈

Coronavirus Disease 2019 (COVID- 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ပြည်မြို့ဆေးရုံမှ COVID- 19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန်(Case–30)၊ COVID- 19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ချင်းပြည်နယ် တီးတိန်မြို့နယ် ကပ်တဲလ်ကျေးရွာမှ ကိုတောင်စွမ်းခိုင်(Case – 01)နှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်မှ ကိုကျော်လင်းထက် (Case–04) တို့နှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID- 19) ကာကွယ်၊ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြန်လည်ကောင်းမွန်စပြုလာသည့် ကိုတောင်စွမ်းခိုင် (Case–01)က တီးတိန်ပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ဆရာမများ၏ နွေးထွေးစွာ ပြုစုကုသဆက်ဆံမှုများနှင့် COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်လာစေရန် ပြုလုပ်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း၊ COVID–19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန် (Case–30)က COVID–19 လူနာများအား စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ကြေးမုံ ယနေ့ ဖတ်စရာ**


ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင်မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်း — စာမျက်နှာ » ၄

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာမည့် မုန်တိုင်းနှင့်စပ်လျဉ်းသည့် အသိပေးချက် — စာမျက်နှာ » ၁၀

COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း — စာမျက်နှာ » ၁၅





ကြေးမုံ

# မြွေပူရာကင်းမှောင့် သတိထောက်ဖို့လို

မြွေပေါများရာတွင် ကင်းကပါ နှောင့်ယှက်ပြန်သကဲ့သို့ ပူပန်စရာများ တွေ့ကြုံနေရာတွင် နောက်အပူတစ်မျိုးက ဝင်ရောက်နှောင့်ယှက်ခြင်း ဖြစ်သော "မြွေပူရာ ကင်းမှောင့်" ဟူသည့် မြန်မာစကားပုံတစ်ခုကို မြန်မာတို့၏ လူမှုဘဝနယ်ပယ်တွင် ပြောလေ့ဆိုလေ့ရှိသည်။ တစ်ပူပေါ် တစ်ပူဆင့်၊ ဘူးလေးရာ ဖရုံဆင့်ဆိုသကဲ့သို့ အပူတစ်ခုကြုံတွေ့နေချိန်တွင် နောက်အပူ တစ်ခုမကြုံတွေ့ရအောင် သတိထောက်ဖို့လိုမည် ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးမှ ပြည်သူပြည်သားများ စိုးရိမ်ပူပန်ကြောင့်ကြမှုများ ဖြစ်နေကြသည်။ ထိုသို့ လူတိုင်းလူတိုင်း ပူပန်သောကဖြစ်နေချိန်တွင် နောက်ထပ် အခြားစိုးရိမ်ဖွယ်ရာများ ဖြစ်မလာအောင် သတိထောက်ဖို့လိုမည် ဖြစ်သည်။ လက်ရှိကြုံတွေ့နေရသော စိုးရိမ်ဖွယ်မှာ ကပ်ရောဂါဘေးဖြစ်ပြီး အခြားစိုးရိမ်ဖွယ်ရာများမှာ စစ်ဘေး၊ စစ်ဒဏ်နှင့် ရန်သူမျိုးငါးပါးအန္တရာယ် ဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် ကြုံတွေ့နေရသော ကပ်ရောဂါဘေးအန္တရာယ်ကြောင့် ကမ္ဘာ့ပြည်သူများ စိုးရိမ်သောကရောက်နေချိန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံအချို့၌ ဖြစ်ပွားနေသော ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းလိုက်ကြသည်ကို ဝမ်းမြောက်ဖွယ် ကြားသိရသည်။ မြန်မာနိုင်ငံတွင် ရောဂါကပ်ဘေးဖြစ်ပွားနေချိန်၌ လက်နက်ကိုင်ပဋိပက္ခများ ရပ်ဆိုင်းသွားသည်ကို တွေ့ရသော်လည်း ရခိုင်ပြည်နယ်တွင် အကြမ်းဖက်သမားတို့၏ နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်မှုများရှိနေသည်ကို စိတ်မကောင်းဖွယ် ကြားသိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများ ပြုလုပ်နေစဉ်ကာလ၌ ဒုစရိုက်မှုခင်းကျူးလွန်မှုများ လျော့နည်းသွားသည်ဟု ထင်ရသည်။ တာဝန်ရှိသူအဖွဲ့အစည်းများက နယ်မြေဒေသများအတွင်း ညမထွက်ရအမိန့်များ၊ အသွားအလာကန့်သတ်မှုများ၊ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသောကြောင့် ဒုစရိုက်မှုများ ငုပ်လျှိုးနေခြင်းသာဖြစ်ပြီး အခြားနည်းလမ်းအမျိုးမျိုးဖြင့် ဒုစရိုက်မှုများ ထိုးဖောက်ဝင်ရောက်လာမည်ကို သတိထောက်ရမည် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ်ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့ရွာများတွင် လူဝင်/ လူထွက်စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညပိုင်းတွင် အပြင်မထွက်ရခြင်း၊ အထူးသဖြင့် နေအိမ်တွင်သာ နေထိုင်စေခြင်း စသည့် အရေးပေါ်အစီအမံများ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူကာ နည်းလမ်းပြောင်းလဲဆောင်ရွက်လာကြသည်။

ယခုအခါ ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး အွန်လိုင်းနှင့်နေအိမ်တွင်း၌ ကျူးလွန်မှုများအဖြစ်သို့ ပြောင်းလဲသွားသည်ကို သတိချပ်ကြရမည် ဖြစ်သည်။ ဒုစရိုက်သမားများသည် ဆက်သွယ်ရေးနည်းပညာ နည်းလမ်းသစ်များကိုအသုံးချ၍ ငွေကြေးလိမ်လည်မှုများ၊ ခြိမ်းခြောက်မှုများ၊ ကွန်ပျူတာနှင့် ဆက်သွယ်ရေးစနစ်များ ထိခိုက်အောင် တိုက်ခိုက်နှောင့်ယှက်လာကြသည်။ ဝိသမလောဘသားများက ပြည်သူများ ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကို အခွင့်ကောင်းယူ၍ အများပြည်သူလိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးနှင့် သက်ဆိုင်သော ဆေးဝါးပစ္စည်းများကို တုပမှုများပြုလုပ်လာခြင်း၊ ဈေးနှုန်းများ မြှင့်တင်ရောင်းချခြင်းများ ပြုလုပ်လာကြသည်။

အဓိကမှာ အွန်လိုင်းကိုအသုံးပြု၍ ခြိမ်းခြောက်ခြင်းများ၊ ငွေကြေးလိမ်လည်ခြင်းများ ဖြစ်ပွားနိုင်ပြီး အယောင်ဆောင်ပြုလုပ်ခြင်း၊ လူသွားလူလာပြတ်သည်ကို အခွင့်ကောင်းယူခြင်း၊ ပူပြင်းသောရာသီတွင် နေအိမ်တံခါးဖွင့်လှစ်ထားခြင်းနှင့် နေအိမ်တွင်း အနေကြာလာသည်နှင့်အမျှ မိသားစုအတွင်း၊ အဆောင်နေသူအချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုများ၊ ပဋိပက္ခများ ဖြစ်ပွားနိုင်သည်ကို သတိချပ်ရမည် ဖြစ်သည်။

သို့ဖြစ်ရာ မျက်မှောက်ကာလတွင် ကိုဗစ် - ၁၉ ရောဂါကြောင့် မြန်မာနိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးမှ ပြည်သူပြည်သားများ စိုးရိမ်ပူပန်ကြောင့်ကြမှုများဖြစ်နေချိန်တွင် "မြွေပူရာကင်းမှောင့်" ဆိုသည့်အလား အပူတစ်ခု ကြုံတွေ့နေချိန်တွင် နောက်ထပ် အပူတစ်ခု ထပ်မံမကြုံတွေ့ရအောင် သတိထောက်ဖို့လိုမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၉၀၀ | ၁၀,၅၀၀ | ၁,၂၈၂ | ၁၂,၈၆၁,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၈၀၀ | ၂၉,၆၉၆ | ၁၁၁,၇၄၆,၁၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၂ | ၁၆,၆၀၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၇၂ | ၁,၅၈၄,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁ | ၂,၈၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဧပြီ ၂၈

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၁၅/၄၅၅ ကျပ် | ၄၆၀/၄၇၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၃၀/၄၅၀ ကျပ် | ၄၉၅/၅၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၂၉၀/၃၁၀ ကျပ် | ၃၄၀/၃၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၅/၄၇၀ ကျပ် | ၄၇၅/၄၈၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၃၃၅/၃၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၃၄၅/၃၅၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၂၃၀/၂၄၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၁၉.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၉.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀.၃၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၇၂၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၄.၉၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၆၃၅ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၅.၂ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၆.၁၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၉.၄၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၁.၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 အတည်ပြုလူနာ မေ့ဆေးဆရာဝန်ကြီး ဒေါ်မြင့်မြင့်စိန်၊ COVID–19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကောင်းမွန်စပြုလာကြသည့် ကိုတောင်စွမ်းခိုင်၊ ကိုကျော်လင်းထက်တို့နှင့်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးစဉ်။

- ☆ မိမိကိုယ်ကို မှန်မှန်ကန်ကန်နေနိုင်ရန် တည်ဆောက်ကြရမည်
- ☆ တစ်ဦးနှင့်တစ်ဦး နွေးထွေးမှုပေးကြရမည်
- ☆ စေတနာဖြင့် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးကြရမည်
- ☆ ထိုသို့ဆောင်ရွက်ပေးကြမည်ဆိုပါက လူသားအရင်းအမြစ်မှ အစပြု၍ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်အဆုံး အားနည်းသည့်ကာလဖြစ်နေပါစေ အဆိုပါအရာအားလုံးကို ကျော်လွှားနိုင်မည်ဟု ယုံကြည်

☆ ရှေ့ဖုံးမှ

ပြုစုကုသရာတွင် တွေ့ကြုံခဲ့ရသည့် အတွေ့အကြုံများ၊ ကျန်းမာရေး လုံခြုံမှုရှိစေရန် ဆောင်ရွက်ခဲ့မှုများနှင့် COVID–19 ရောဂါမှ ပြန်လည်ကျန်းမာရန် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပြန်လည်ကောင်းမွန်စပြုလာသည့် ကိုကျော်လင်းထက် (Case–04)က COVID–19 ရောဂါကူးစက်ခြင်းမှ ဖြတ်သန်းခဲ့ရသည့် အခြေအနေများ၊ COVID–19 ရောဂါကူးစက်ခြင်းမှ ပြန်လည်ကျန်းမာကောင်းမွန်လာစေရန် ဆောင်ရွက်နေမှုများနှင့် ကန်တော်နဒီဆေးရုံ၏ အခြေခံလိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျန်းမာရေးနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရန်နှင့် နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။


## အားလုံးကိုအားပေးလို

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် COVID–19 ရောဂါကို ကျော်လွှား၍ရပါကြောင်း၊ မိမိအင်အားကို မိမိတို့ကိုယ်တိုင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ တည်ဆောက်၍ရပါကြောင်း၊ အင်အားဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦးအားပေးကြရေးနှင့် ဝန်းရံပေးကြရေးသည် အရေးကြီးပါကြောင်း၊ နံပါတ်တစ်မှာ မိမိသာလျှင် ဖြစ်ပါကြောင်း၊ မိမိကိုယ်ကိုသာ အားကိုးရာ၊ မိမိကိုယ်သာ ကိုးကွယ်ရာဖြစ်ပါကြောင်း၊ နံပါတ်နှစ်မှာ မိမိအသိုက်အဝန်းဖြစ်ပါကြောင်း၊ မိမိအသိုက်အဝန်းက မိမိကိုပံ့ပိုးပေးရေးသည် အရေးကြီးပါကြောင်း၊ ပြည်သူပြည်သားများအနေဖြင့် မိမိကိုယ်ကို ယုံကြည်မှုရှိကြစေလိုပါကြောင်း၊ မိမိကိုယ်ကို မှန်မှန်ကန်ကန်နေနိုင်ရန် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နွေးထွေးမှုပေးကြရမည်ဖြစ်ပါကြောင်း၊ စေတနာဖြင့် တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးကြမည်ဆိုပါက လူသားအရင်းအမြစ်မှ အစပြု၍ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်အဆုံး အားနည်းသည့်ကာလဖြစ်နေပါစေ အဆိုပါအရာအားလုံးကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ အားလုံးကို အားပေးလိုပါကြောင်း၊ မေတ္တာများ ပို့သအပ်ပါကြောင်း၊ မေတ္တာ၏အင်အား မေတ္တာ၏တန်ခိုးဖြင့် အမြန်ဆုံး ကျန်းမာလာကြပါစေ၊ ကျန်းမာလာခြင်းနှင့်အတူ စိတ်ချမ်းသာကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေဟု ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

facebook

မှုပိုင်ခွင့်အသိရှိပါ



Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဧပြီ ၂၈

| | | | |
|---|---|---|---|
| မဒေါက် | ၂ | ဒသမ | ၉၁ လက်မ |
| ဂန့်ဂေါ | ၁ | ဒသမ | ၄၆ လက်မ |
| ဖောင်းပြင် | ၁ | ဒသမ | ၁၇ လက်မ |
| ရွှေကျင် | ၁ | ဒသမ | ၁၀ လက်မ |
| ဟသ်ာတ | ၀ | ဒသမ | ၉၈ လက်မ |
| ဘောလခဲ | ၀ | ဒသမ | ၈၇ လက်မ |
| မင်းကင်း | ၀ | ဒသမ | ၈၃ လက်မ |
| တွန်းဇံ | ၀ | ဒသမ | ၇၉ လက်မ |
| မင်းဘူး | ၀ | ဒသမ | ၇၅ လက်မ |
| ထီးလင်း | ၀ | ဒသမ | ၇၁ လက်မ |
| ထားဝယ် | ၀ | ဒသမ | ၇၁ လက်မ |

မိုး/ဇလ

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ်၊ ၆၄ / ၂၀၂၀
၁၃၈၂ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
( ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၈ ရက် )

**ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO) ဝန်ထမ်း ဦးပြည့်စုံဝင်းမောင်နှင့် အရပ်သားဝန်ထမ်း ကျန်းမာရေးကြီးကြပ်(၂) ဦးအောင်မျိုးဦးတို့သည် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ COVID–19 ရောဂါ စောင့်ကြည့်ခံထားရသူများ၏ နှာခေါင်း၊ အာခေါင် တို့ဖတ်နမူနာများကို ရန်ကုန်မြို့ရှိ အမျိုးသားဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပို့ဆောင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် ယာဉ်အမှတ် UN (5/34) ဖြင့် သယ်ယူလာစဉ် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၀ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ်၊ မင်းပြားမြို့နယ်၊ ရာမောင် ဇက်ဆိပ် အနီး၌ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရပါသည်။

၂။ ထိုသို့ ကမ္ဘာ့ကုလသမဂ္ဂ (United Nation–UN) အမှတ်တံဆိပ်ပါ မော်တော်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်မှုခံခဲ့ရခြင်းကြောင့် ဦးပြည့်စုံဝင်းမောင်၏ ဘယ်ဘက် တင်ပါး၊ ယာဘက် တံတောင်ဆစ်နှင့် ဦးအောင်မျိုးဦး၏ ယာဘက်လက်တို့တွင် လက်နက်ငယ် ထိမှန်ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် မင်းရွာကျေးလက်ကျန်းမာရေးဌာနသို့ ဝင်ရောက်ပြသခဲ့ပြီး ၎င်းမှတစ်ဆင့် စက်လှေဖြင့် မင်းပြားပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရာ ဦးပြည့်စုံဝင်းမောင်သည် ဧပြီလ ၂၁ ရက် နံနက် ၁ နာရီတွင် ဆေးရုံ၌ ကွယ်လွန်ခဲ့ပါသည်။

၃။ COVID–19 ရောဂါနှင့်သက်ဆိုင်သည့် လိုအပ်သော ဓာတ်ခွဲစမ်းသပ်မှုများပြုလုပ်ရန် သယ်ဆောင်ပေးသည့် ကမ္ဘာ့ကုလသမဂ္ဂ (UN) အမှတ်တံဆိပ်ပါ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ဖြစ်စဉ်အမှန်ကို စုံစမ်းစစ်ဆေးဖော်ထုတ်သိရှိနိုင်ရေးအတွက် **“ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

(က) ဦးစော — ဥက္ကဋ္ဌ
ဥက္ကဋ္ဌ
နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ
ပြည်သူ့လွှတ်တော်

(ခ) ဒေါက်တာစုစုသာထွန်း — အဖွဲ့ဝင်
ကမ္ဘာ့ကုလသမဂ္ဂ အကြီးတန်းအကြံပေးပုဂ္ဂိုလ်
(အငြိမ်းစား)

(ဂ) ဒေါက်တာအောင်သူရိန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဃ) ဗိုလ်မှူးကြီးထိန်လင်း — အတွင်းရေးမှူး
နိုင်ငံတော်သမ္မတရုံး တွဲဘက်တာဝန်

၄။ “ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် မော်တော်ယာဉ် ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့်စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးကော်မတီ” ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) ဖြစ်စဉ်ဖြစ်ပွားခဲ့သည့်နေရာ၏ နောက်ခံအခြေအနေ၊ ဖြစ်ပွားခဲ့ရခြင်းအကြောင်းရင်း၊ ဖြစ်စဉ်အသေးစိတ် စသည်တို့ သိရှိနိုင်ရန် ဖြစ်စဉ်နေရာသို့ သွားရောက်၍ မြေပြင် ကွင်းဆင်း စစ်ဆေးမှုများ ဆောင်ရွက်ခြင်း၊

(ခ) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် ယာဉ်အမှတ် UN (5/34) ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းအတွက် မျက်မြင်သက်သေများ၊ အထောက်အထားများ ရှာဖွေစုံစမ်း၍ ထွက်ဆိုချက်များ ရယူခြင်း၊

(ဂ) ပစ်ခတ်တိုက်ခိုက်မှု ဖြစ်စဉ်နှင့်စပ်လျဉ်းသည့် သက်မဲ့သက်သေ၊ သက်ရှိသက်သေများမှ အထောက်အထားများ၊ အချက်အလက်များရယူခြင်း၊

(ဃ) စုံစမ်းစစ်ဆေးမှု မှန်ကန်ပြည့်စုံစေရေးအတွက် ရင်ခွဲစစ်ဆေးချက်များ၊ မှုခင်းကျွမ်းကျင်သူများ၊ စစ်လက်နက်ဆိုင်ရာ ကျွမ်းကျင်သူများ၊ အခြားကျွမ်းကျင်သူများ၏ ထင်မြင်ယူဆချက် သဘောထားများကို ရယူခြင်း၊

(င) ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပိုင် ယာဉ်အမှတ် UN (5/34) ပစ်ခတ်တိုက်ခိုက်ခံခဲ့ရခြင်းနှင့် အရပ်သားပြည်သူများ ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် အကြံပြုချက်များ တင်ပြခြင်း၊

(စ) စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် နိုင်ငံတကာစံနှုန်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း။

၅။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးရမည်။

၆။ စုံစမ်းစစ်ဆေးရေးကော်မတီသည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေ၊ သက်သေခံဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် တပ်မတော်၊ ရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးအရာရှိများ အပါအဝင် လိုအပ်သော လူပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းခြင်း၊ စာရွက်စာတမ်း တောင်းယူခြင်းနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည်။

၇။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတထံ စုံစမ်းစစ်ဆေးရေး အစီရင်ခံစာ တင်သွင်းပြီးချိန်အထိဖြစ်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

❍ ကျောဖုံးမှ


အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၅၉၄ သန်းနှင့် ငွေကျပ် ၁၀၈၄၀ ဒသမ ၁၃၄ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၃၄၄ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မသန်စွမ်းသူများ ကိုဗစ်-၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီနှင့်တွေ့ဆုံဆွေးနွေး





**နေပြည်တော် မေ ၂၈**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ကိုဗစ်–၁၉ ကာလအတွင်း မသန်စွမ်းသူများ ကာကွယ်စောင့်ရှောက်ရေးအတွက် မသန်စွမ်းသူများ ကိုဗစ်–၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီနှင့် ယနေ့နံနက်ပိုင်းက Video Conference ဖြင့် ညှိနှိုင်းဆွေးနွေးသည်။

**ပါဝင်ဆွေးနွေး**

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်နှင့် မသန်စွမ်းအဖွဲ့အစည်း ၃၁ ဖွဲ့ဖြင့် စုပေါင်းဖွဲ့စည်းထားသည့် မသန်စွမ်းသူများ ကိုဗစ်–၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီမှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ကိုဗစ်–၁၉ အရေးပေါ် တုံ့ပြန်ရေးအတွက် ထိခိုက်လွယ်အုပ်စုများအတွက် ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိရာ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ မသန်စွမ်းသူများအတွက်လည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်နေပါကြောင်း၊ ယခု ကိုဗစ်–၁၉ အရေးပေါ်အခြေအနေကို တုံ့ပြန်ရာတွင် မသန်စွမ်းသူများကို ချန်ထားခြင်းမရှိဘဲ ထည့်သွင်းဆောင်ရွက်နိုင်မည့် စီမံချက်ကိုလည်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံချက်အရ ကိုဗစ် –၁၉ ဆိုင်ရာ အသိပညာပေးအစီအစဉ်ကို မသန်စွမ်းမှုအလိုက် မျက်မမြင်စာ၊ လက်သင်္ကေတပြ ဘာသာစကား၊ အလွယ်တကူ နားလည်လွယ်သည့်ပုံစံတို့ဖြင့် ထုတ်ဝေဖြန့်ချိနေပါကြောင်း၊ မသန်စွမ်းသူများ ကိုဗစ်–၁၉ အရေးပေါ်တုံ့ပြန်ရေး ပူးပေါင်းကော်မတီမှ တင်ပြထားသည့် မသန်စွမ်းသူများနှင့် မိသားစုများအား ထောက်ပံ့နိုင်ရေးအတွက် စိစစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ အရေးပေါ်ကာလအတွင်း မသန်စွမ်းသူများ၏ လိုအပ်ချက်တို့ကို သိရှိနိုင်ရန် Rapid Assessment ပြုလုပ်ထားပြီးဖြစ်ပါကြောင်း၊ ဆက်လက်ပြီး စည်းလုံးညီညွတ်စွာ လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် အသိပညာပေးလုပ်ငန်းများကို အဆက်မပြတ် ဆောင်ရွက်ရန်လိုပါကြောင်း၊ သတင်းအမှန်များ ရရှိနိုင်ဖို့ စီစဉ်ရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်များကို မသန်စွမ်းမှုအလိုက် သိရှိနိုင်ရေးဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ထောက်ပံ့မှုများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ခံရသူနှင့် ရောဂါပိုး ရှိ / မရှိ စစ်ဆေးခံရသူ မသန်စွမ်းသူများအနေဖြင့် Quarantine နေရာများတွင် လှုပ်ရှားသွားလာမှု အဆင်ပြေရန် ညှိနှိုင်းဆောင်ရွက်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

**တင်ပြဆွေးနွေး**

ထို့နောက် မသန်စွမ်းသူများဆိုင်ရာ ကိုဗစ်–၁၉ အရေးပေါ် တုံ့ပြန်ရေးပူးပေါင်းကော်မတီမှ တာဝန်ရှိသူများက လက်ရှိတွင် ကော်မတီ၏ ထောက်ပံ့ကူညီပေးနေမှုအခြေအနေ၊ ရှေ့ဆက် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များ၊ ကြိုတင်ကာကွယ်ရေး၊ ငွေကြေးထောက်ပံ့ရေး၊ မသန်စွမ်းသူများအတွက် Quarantine နေရာများသတ်မှတ်ရေး၊ စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးရေးတို့နှင့် စပ်လျဉ်း၍ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ပူးပေါင်းကူညီဆောင်ရွက်ပေးရေးအတွက် ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသားချင်းများ

တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်နဲ့သာ စည်းလုံးညီညွတ်မှုကို ရရှိစေမှာဖြစ်ပါတယ်။ ပြည်ထောင်စုအတွင်းမှာ မတူညီတဲ့လူမျိုး၊ မတူတဲ့ဘာသာစကား၊ မတူတဲ့ကိုးကွယ်မှုများရှိလင့်ကစား စည်းလုံးညီညွတ်စွာ နေရေးကို ဦးတည်ကြရပါမယ်။ ကျွန်မတို့အားလုံးဟာ ပြည်ထောင်စုသားချင်းများဖြစ်တာနဲ့အညီ ဒီပြည်ထောင်စု၊ ဒီမြေ၊ ဒီရေကို ချစ်မြတ်နိုးပြီး ငြိမ်းချမ်းရေး၊ ညီညွတ်ရေး၊ တိုးတက်ဖွံ့ဖြိုးမှုနဲ့ သာယာခိုင်မာတဲ့ပြည်ထောင်စုတစ်ခုတည်ဆောက်ရေးကို တန်ဖိုးထားကြဖို့က အင်မတန်မှ အရေးကြီးပါတယ်။

*[ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၂-၂၀၂၀ ရက်နေ့တွင်ကျင်းပသော သွေးချင်းတို့ရဲ့ပွဲတော်ဆီ ၂၀၂၀ ဖွင့်ပွဲအခမ်းအနားၥ် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်]*





# ပြည်ပမှ ပြန်လည်ရောက်ရှိလာကြမည့် မြန်မာနိုင်ငံသားများကို Quarantine ပြုလုပ်ရေးအတွက် လိုအပ်သည့် ဟိုတယ်များခွင့်ပြုပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

ပြည်ပခရီးသွားလုပ်ငန်းများ အရည်အသွေး ပြည့်မီစေရေးနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာကြမည့် မြန်မာနိုင်ငံသားများကို Quarantine ပြုလုပ်ရေးအတွက် လိုအပ်သည့် ဟိုတယ်များ ခွင့်ပြုပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာန နီလာအစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။

**ဆွေးနွေး**

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒုတိယဝန်ကြီး ဦးတင်လတ်၊ ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ပန်းသဇ္ဇာမျိုး၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များက Video Conferencing စနစ်ဖြင့် Online မှ ပါဝင်တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် အခြားဆက်စပ်လုပ်ငန်းများအပေါ် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရေးအတွက် ခရီးသွားလုပ်ငန်းမှ လိုင်စင်ကြေး၊ လိုင်စင်အသစ်လဲလှယ်ကြေးများပေးဆောင်ခြင်းကို တစ်နှစ်တာကာလအတွက် လျှော့ပေါ့ပေးခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ငှားရမ်းထားသည့် နိုင်ငံပိုင်ဟိုတယ်များက မြေငှားရမ်းမှုများ ရွှေ့ဆိုင်းပေးသွင်းခွင့် ပြုခြင်းများကို ဆောင်ရွက်ပါကြောင်း၊ လုပ်ငန်းများအနေဖြင့်လည်း ခရီးသည်များကို စနစ်တကျနှင့် အာမခံမှုရှိရှိ ဝန်ဆောင်မှုပေးစေလိုပါကြောင်း။

**ဝိုင်းဝန်းဆွေးနွေးပေးရန် ဖိတ်ခေါ်**

ယခုလာမည့် ဧပြီ ၂၉ ရက်တွင် ကိုဗစ်-၁၉ နှင့်ပတ်သက်၍ အာဆီယံခရီးသွားဝန်ကြီးများ အထူးအစည်းအဝေးနှင့် မေ ၇ ရက်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) ၏ Healing solutions for Tourism Challenges Digital Meeting ကို Video Conferencing စနစ်ဖြင့် ဆောင်ရွက်ရန်ရှိပါကြောင်း၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရေး ဆောင်ရွက်ရာတွင် ပြည်ပခရီးသွားလုပ်ငန်းများ စနစ်တကျ အရည်အသွေးပြည့်မီရေးနှင့် သက်ဆိုင်ရာဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက လုပ်ငန်းလိုင်စင်များ ခွင့်ပြုပေးရာတွင် စနစ်တကျနှင့် ခရီးသွားများ ကျန်းမာရေး၊ ခရီးစဉ်လည်ပတ်ရေးမှစ၍ အာမခံမှုရှိအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ခရီးသွားများအား အဆင်ပြေပြေ အာမခံချက်ရှိရှိ ခရီးသွားနိုင်ရန် တာဝန်ယူ တာဝန်ခံပေးရမှာဖြစ်သလို ခရီးသွားများကို ဝန်ဆောင်မှုပေးမည့် လုပ်ငန်းရှင်များ လုပ်ငန်းကို အဆင်ပြေပြေ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ တက်ရောက်လာသူများက ခရီးသွားလုပ်ငန်းများကို ဖိစီးမှုမဖြစ်စေဘဲ Outbound ခရီးသွားများကို အာမခံချက်ဘယ်လိုပေးနိုင်မည်ဆိုသည်ကို ဝိုင်းဝန်းဆွေးနွေးပေးရန် မေတ္တာရပ်ခံ ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးတင်လတ်က ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း လိုင်စင်များထုတ်ပေးခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီများသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးပြီးဖြစ်သဖြင့် ပြည်ပခရီးသွားလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ အာမခံမှုရှိစေရေးအတွက် သက်ဆိုင်ရာကော်မတီများနှင့် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များပူးပေါင်း၍ ဆောင်ရွက်သင့်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်မူဝါဒများ၊ လုပ်ငန်းလမ်းညွှန်မှုများ ချမှတ်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်နော်ပန်းသဇ္ဇာမျိုးက လာမည့် မေ ၁၅ ရက်တွင် ပြည်ပမှမြန်မာနိုင်ငံသားများ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရန်ရှိရာ Hotel Quarantine လုပ်နိုင်ရေးအတွက် လုံလောက်သော Volunteer Hotel များ ရရှိရန် ဝိုင်းဝန်းကူညီစေလိုကြောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာ နိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် ခရီးသွားလုပ်ငန်းတတ်သိပညာရှင်များက ပြည်ပခရီးသွားလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးဆိုင်ရာများ၊ ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် အခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၇၃၅၇ | ၁၄၉ |
| **ပြန်လည်သက်သာသူ** | **သေဆုံးသူ** |
| ၁၆ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၂၉၃၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ - ၁၆ (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုးတွေ့ရှိ သေဆုံးသူ စာရင်းအဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၆ | ၄ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၅ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| | စုစုပေါင်း | ၁၄၉ | ၅ |

အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်း ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီတိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၄-၂၀၂၀ ရက် ည(၈)နာရီ

# ဆီဆိုင်မြို့မဈေး၌ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆီဆိုင် ဧပြီ ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးအတွက် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)မှ ယနေ့ နံနက်ပိုင်းက ဆီဆိုင်မြို့မဈေး၌ ဈေးဝယ်လာသူများအား နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုဆေးကြောပေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)ဥက္ကဋ္ဌ ဦးချိုတူးမောင်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်တို့က ဆီဆိုင် မြို့မဈေးတွင် ဈေးဝယ်လာကြသူများအား နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာရေး အသိပညာပေးပြောကြားခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကိုဆေးကြောပေးခြင်း၊ နှာခေါင်းစည်းများ အခမဲ့တပ်ဆင်ပေးခြင်း၊ အပူချိန်တိုင်းကိရိယာဖြင့် ကိုယ်အပူချိန် တိုင်းတာစစ်ဆေးခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**





# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာမည့် မုန်တိုင်းနှင့်စပ်လျဉ်းသည့် အသိပေးချက်


၁။ (က) ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၃၀)ရက်နေ့တွင် ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်းတစ်ခု စတင်ဖြစ်ပေါ်လာနိုင်ပြီး ပိုမိုအားကောင်းကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ပေးခဲ့ပြီး ဖြစ်ပါသည်။


(ခ) (၂၈-၄-၂၀၂၀)ရက်နေ့ နံနက် (၀၆:၀၀)နာရီအချိန်တွင် မုန်တိုင်းလမ်းကြောင်း ခန့် မှန်းချက်များအရ မေလ(၃)ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီးသို့ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းထားသော်လည်း နေ့လယ်(၁၂:၀၀)နာရီအချိန် ခန့်မှန်းချက်များအရ ဦးတည်ရာပြောင်းလဲသွားကြောင်း တွေ့ရပြီး မိုးလေဝသခန့်မှန်းရေး မော်ဒယ်များမှ အောက်ပါအတိုင်း ခန့်မှန်းထားကြပါသည်-


- အိန္ဒိယ မိုးလေဝသဌာန၏ Global Forecasting System (GFS) Model မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့် ခန့်မှန်းချက်တွင် (၅-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀)နာရီအချိန်ခန့်တွင် ရခိုင်ပြည်နယ် (တောင်ပိုင်း)နှင့် မြစ်ဝကျွန်းပေါ်ဒေသများကြားမှ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့် လည်းကောင်း၊
- အမေရိကန်နိုင်ငံ၊ National Ocean and Atmospheric Administration (NOAA) ရှိ NOAA/NWS/NCEP ၏ Global Forecasting System (GFS) Model မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့် ခန့်မှန်းချက်တွင် (၇-၅-၂၀၂၀)ရက်နေ့၊ နေ့လယ်(၁၂:၀၀) နာရီအချိန်ခန့်တွင် ရခိုင်ပြည်နယ် (မြောက်ပိုင်း)ကမ်းခြေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ(တောင်ပိုင်း)ကမ်းခြေကြားမှ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အဆင့်ဖြင့်လည်းကောင်း၊
- European Center for Medium Range Weather Forecast (ECMWF) Model မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့်ခန့်မှန်းချက်တွင် (၇-၅-၂၀၂၀)ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်ခန့်တွင် ရခိုင်ကမ်းရိုးတန်း(မြောက်ပိုင်း)ကို စစ်တွေမြို့နှင့် ကျောက်တော်မြို့အကြားမှ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ဖြင့်လည်းကောင်း၊
- NAVGEM (Navy Global Environmental Model)မှ ယနေ့ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့်ခန့်မှန်းချက်တွင် (၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအချိန်ခန့်တွင် ရခိုင်ကမ်းရိုးတန်း(မြောက်ပိုင်း) ကို မောင်တောနှင့် စစ်တွေမြို့ကြားမှ ဆိုင်ကလုန်းမုန်တိုင်း အဆင့်ဖြင့်လည်းကောင်း၊
- မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ Weather Research and Forecast (WRF) Model ၏ (၂၈-၄-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၀၆:၀၀)နာရီကို အခြေခံသည့် ခန့်မှန်းချက်တွင် (၅-၅-၂၀၂၀) ရက်နေ့၊ ညနေ(၁၆:၀၀) နာရီအချိန်ခန့်တွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသကို မုန်တိုင်းငယ် အဆင့်ဖြင့်လည်းကောင်း ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းပါသည်။
-Joint Typhoon Warning Center (JTWC)သည် မုန်တိုင်းဖြစ်ပေါ်မှုသာ ယင်း၏ ခန့်မှန်းချက်ကိုရရှိနိုင်ပြီး ဘင်္ဂလားပင်လယ်အော်တွင် မည်သည့်မုန်တိုင်းမျှ မရှိကြောင်းဖော်ပြထားပါသည်။











၂။ ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နိုင်သည်မှာ သေချာသလောက်ရှိသော်လည်း မုန်တိုင်းကမ်းဖြတ်ကျော်မည့်နေရာ၊ ဖြတ်ကျော်မည့်ရက်၊ အချိန်တို့မှာ ယနေ့အထိ မသေချာမှုများ ရှိနေဆဲဖြစ်ကြောင်းတွေ့ရပါသည်။

၃။ သို့ဖြစ်ပါ၍ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မေလဆန်းအတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာဖွယ်ရာရှိသည့် မုန်တိုင်းနှင့်ပတ်သက်၍ လေဖိအားနည်း ရပ်ဝန်းဖြစ်ပေါ်သည့်အချိန်မှ မုန်တိုင်းအဖြစ်ရောက်ရှိပြီး မုန်တိုင်းကမ်းခြေကို ဖြတ်ကျော်သည့်အချိန်အထိ (၂၄/၇) စောင့်ကြည့်လျက်ရှိပြီး မုန်တိုင်းသတင်း/သတိပေးချက်များကို မိဘပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် မုန်တိုင်းနှင့်ပတ်သက်၍ နေ့စဉ်ဖြစ်ပေါ်ပြောင်းလဲနေသည့်အခြေအနေများကိုပါ ထုတ်ပြန်ပေးသွားမည်ဖြစ်သည့်အတွက် မုန်တိုင်းနှင့်ပတ်သက်သည့် ကောလာဟလသတင်းများကို မယုံကြည်ကြပါရန် အသိပေးအပ်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

---

**❖ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ**

(ခ) ဗဟိုဘဏ်မှ သတ်မှတ်ထားသော အောက်ပါအာမခံပစ္စည်းများရယူ၍ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအထက် (၃) ရာခိုင်နှုန်း (၇%+၃%=၁၀%)ထက်ကျော်လွန်၍ ကောက်ခံခြင်း မပြုရ-

- မြေနှင့်အဆောက်အဦ၊ ရွှေ-ရွှေထည်ပစ္စည်း၊ စိန်နှင့် အဖိုးတန် ကျောက်မျက်ရတနာများ၊ ငွေစုလက်မှတ်၊ အစိုးရငွေတိုက်စာချုပ်၊ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များနှင့် လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ၊ လက်ရောက်အပေါင် (Pledge)၊ ချေးငွေအာမခံ (Credit Guarantee) ဖြင့် ထုတ်ချေးသည့် ချေးငွေများ၊
- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာသတ်မှတ်သည့် အာမခံပစ္စည်းများကို အခြေပြု၍ ထုတ်ချေးသည့်ချေးငွေများ။

(ဂ) အထက်အပိုဒ်(ခ)ပါ အာမခံပစ္စည်းများမှအပ အခြားအာမခံပစ္စည်းရယူ၍ ဖြစ်စေ၊ အာမခံပစ္စည်းရယူခြင်းမပြုဘဲဖြစ်စေ၊ ထုတ်ချေးသည့်ချေးငွေများအပေါ်တွင် တောင်းခံနိုင်သည့် အများဆုံးအတိုးနှုန်းကို (၁၄.၅) ရာခိုင်နှုန်းဖြင့် ဆက်လက်ထားရှိမည်ဖြစ်သည်။

(ဃ) ဘဏ်များမှ ကောက်ခံနိုင်သည့်အများဆုံးအတိုးနှုန်းတွင် ကတိခံကြေး၊ စီမံခန့်ခွဲမှုစရိတ်စသည့် အခကြေးငွေများ ပါဝင်ပြီးဖြစ်သည်။

ဤညွှန်ကြားချက်ပါ လျှော့ချသည့်အတိုးနှုန်းများသည် ၂၀၂၀ ပြည့်နှစ်၊ မေလ (၁) ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

---

**✻ ကိုဗစ်-၁၉ မှ**

နမ့်စန်မြို့နယ်တွင် လူစုလူဝေးမဖြစ်စေဘဲ ပြည်သူများအဆင်ပြေစွာ ရောင်းချဝယ်ယူနိုင်ရန်အတွက် မြို့မဈေးပတ်ဝန်းကျင်တွင် ရောင်းချနေသည့် ပုံကျဈေးသည်များကို ဧပြီ ၁၉ ရက်မှစတင်၍ အထက(နမ့်စန်)ဘောလုံးကွင်းအတွင်းပြောင်းရွှေ့၍ နေ့စဉ်နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်ပေးခဲ့ပြီး ဈေးရောင်းဈေးဝယ်ပြည်သူများအား ဈေးအဝင်တွင် လက်ဆေးနိုင်ရန် စီစဉ်ပေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ နှာခေါင်းစည်းမပါသူများကို နှာခေါင်းစည်းများဖြန့်ဝေပေးခြင်း၊သတ်မှတ်စည်းကမ်းများအတိုင်းရောင်းဝယ်ရေး ကြီးကြပ်စစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးအသိပညာပေးခြင်း၊လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

သူရအောင်(ပြန်/ဆက်)

---

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၂၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်

**နေပြည်တော် မေ ၂၈**

ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးထိခိုက်ခဲ့ရသော အသေးစားစီးပွားရေးလုပ်ငန်းများအား ဗြိတိန်အစိုးရက ချေးငွေပေးအပ်မည်



**လန်ဒန် ဧပြီ ၂၈**

ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးထိခိုက်ခဲ့ရသော အသေးစားစီးပွားရေးလုပ်ငန်းများအား ဗြိတိန်အစိုးရက ချေးငွေပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရီရှီဆူနက်က အသေးစားစီးပွားရေးလုပ်ငန်းများအား ဗြိတိန်ပေါင် ၅၀၀၀၀ကို ချေးငွေအဖြစ် ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ငွေကြေး လိုအပ်နေသော အသေးစားစီးပွားရေးလုပ်ငန်းများအား လုပ်ငန်းလည်ပတ်ရန်အတွက် အွန်လိုင်းမှတစ်ဆင့် ချေးငွေပေးအပ်သွားမည်ဖြစ်သည်။

ယခုဆောင်ရွက်ချက်သည် ဗြိတိန်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုက ကိုရိုနာဗိုင်းရပ်စ်ကြောင့် စီးပွားရေးထိခိုက်ခဲ့ရသော နိုင်ငံအတွင်းရှိ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ချေးငွေပေးအပ်ရန် တိုက်တွန်းရာမှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ "နိုင်ငံတွင်းမှာရှိတဲ့ အသေးစားစီးပွားရေးလုပ်ငန်းတွေဟာ နိုင်ငံရဲ့ ကျောရိုးပမာ အရေးကြီးပါတယ်၊ ယခုလို ချေးငွေပေးအပ်တာဟာ စီးပွားရေးလုပ်ငန်းတွေကို အလျင်အမြန် ဆောင်ရွက်နိုင်ဖို့ အထောက်အကူပြုပါတယ်"ဟု ဆူနက်က ပြောကြားသည်။

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ရင်းနှီးငွေလိုအပ်နေသော အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထောက်အကူပြုပြီး နိုင်ငံတစ်ဝန်းရှိ အလုပ်အကိုင်ပေါင်းများစွာကိုလည်း ကာကွယ်စောင့်ရှောက်ရာရောက်ကြောင်း အသေးစားစီးပွားရေးလုပ်ငန်းများအဖွဲ့၏ ဥက္ကဋ္ဌ မိုက်ချယ်ရီကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

## ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၀၀၀၀ ကျော်ရှိလာ

**ပါရီ ဧပြီ ၂၈**

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၀၀၀၀ ကျော်ရှိလာကြောင်း ယနေ့ထုတ်ပြန်သည့် တရားဝင် သတင်းရင်းမြစ်များမှ ရယူထားသော နောက်ဆုံးအချက်အလက်အရ သိရသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း သေဆုံးမှု၏ ၈၅ ရာခိုင်နှုန်းသည် ဥရောပတိုက်နှင့် အမေရိကန်ပြည်ထောင်စုတွင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းက တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံနှင့် ဒေသပေါင်း ၁၉၃ ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပေါင်း ၃၀၂၇၈၅၃ ဦးရှိလာပြီး ၎င်းတို့အနက် ၂၁၀၉၃၀ သေဆုံးခဲ့ကြောင်း သိရသည်။ သို့သော် ရောဂါကူးစက်ခံရသူများအနက် ၈၃၂၀၀၀ သည် ရောဂါမှ ပြန်လည်ကျန်းမာလာကြောင်း သိရသည်။

ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၄၁၇၁ ဦးရှိပြီး ၎င်းတို့အနက် ၁၂၆၇၉၃ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့သည်။

ထို့အပြင် အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၅၆၂၅၃ ဦး သေဆုံးခဲ့ပြီး ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု အများဆုံးနိုင်ငံဖြစ်လာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် အီတလီတွင် ၂၆၉၇၇၊ စပိန်တွင် ၂၃၈၂၂၊ ပြင်သစ်တွင် ၂၃၂၉၃ နှင့် ဗြိတိန်တွင် ၂၁၀၉၂ ဦး စသည်ဖြင့် အသီးသီးသေဆုံးခဲ့ကြကြောင်း သိရ သည်။

ဥရောပတစ်ခွင်လုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၀၅၃၁၁ ဦးနှင့် ယင်းရောဂါကြောင့် သေဆုံးသူ ၁၂၆၉၇၅ ဦး၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါ နှစ်နိုင်ငံစလုံးတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၃၆၆၉၈ ဦးနှင့် ရောဂါကြောင့် သေဆုံးသူ ၅၉၀၃၄ ဦး၊ လက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများတွင် ရောဂါကူးစက်ခံရသူ ၁၇၇၈၂၉ ဦးနှင့် သေဆုံးသူ ၈၈၉၇ ဦး၊ အာရှတိုက်တွင် ရောဂါကူးစက်ခံရသူ ၂၀၈၇၅၄ ဦးနှင့် သေဆုံးသူ ၈၂၂ ဦး၊ အရှေ့အလယ်ပိုင်းဒေသတွင် ရောဂါ ကူးစက်ခံရသူ ၁၆၀၄၇၇ ဦးနှင့် သေဆုံးသူ ၆၄၈၂ ဦး၊ အာဖရိကတွင် ရောဂါကူးစက်ခံရသူ ၃၃၁၄၀ ဦးနှင့် သေဆုံးသူ ၁၄၆၆ ဦးနှင့် သမုဒ္ဒရာဒေသနိုင်ငံ များတွင် ရောဂါကူးစက်ခံရသူ ၈၀၃၇ ဦးနှင့် သေဆုံးသူ ၁၁၀ ဦး စသည်ဖြင့် အသီးသီးရှိကြကြောင်း အေအက်ဖ်ပီသတင်းဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**

## အစ္စရေးတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၁၅၅၈၉ ဦး၊ သေဆုံးသူ ၂၀၈ ဦးရှိ

**ဂျေရုဆလင် ဧပြီ ၂၈**

အစ္စရေးနိုင်ငံ၌ ဧပြီ ၂၈ ရက်တွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ထပ်မံကူးစက်ဖြစ်ပွားသူ ၃၄ ဦးရှိပြီး နိုင်ငံတစ်ဝန်း၌ ကူးစက်ခံရသူ ၁၅၅၈၉ ဦးနှင့် သေဆုံးသူ စုစုပေါင်း ၂၀၈ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြင့် လူလေးဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် သေဆုံးသူ ၂၀၈ ဦး ရှိလာကြောင်း၊ ယင်းရောဂါကြောင့် အထူးကြပ်မတ်ကုသရသူ ၁၂၆ ဦးမှ ၁၁၇ ဦးထိ ကျဆင်းသွားပြီး ရောဂါကူးစက်ခံရသူ ၃၅၄ ဦးတို့မှာ ဆေးရုံများ၌ ကုသမှုခံယူနေကြကြောင်း ကျန်းမာရေးဝန်ကြီးဌာန ယမန်နေ့ညနေပိုင်းက ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ခံရသူ ၁၇၅ ဦး ပြန်လည် သက်သာလာခြင်းကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၇၃၇၅ ဦးထိ တိုးမြင့်လာသည်ဟု သတင်းတွင် ဖော်ပြသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဇော်ဝင်း**

## ထိုင်းလယ်သမား ၁၀ သန်းအား လစဉ်ကယ်ဆယ်ရေး ထောက်ပံ့ငွေ ဘတ် ၅၀၀၀ ထုတ်ပေးမည်

**ဗန်ကောက် ဧပြီ ၂၈**

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ သက်ရောက်မှု ခံစားနေရသည့် ထိုင်းနိုင်ငံမှ လယ်သမားဦးရေ ၁၀ သန်းတို့အား လစဉ် ကယ်ဆယ်ရေးထောက်ပံ့ငွေ ဘတ် ၅၀၀၀ (အမေရိကန် ဒေါ်လာ ၁၅၃ ဒေါ်လာ) ထုတ်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းအစိုးရအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နာရူမွန်ပင်ရီဆင်ဝပ်က ဧပြီ ၂၈ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတစ်ဝန်းရှိ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါသက်ရောက်မှုကြောင့် ထိခိုက်ခံစားရသည့် ထိုင်းလယ်သမားများအတွက် ထိုင်းအစိုးရက တည်ထောင်ထားသည့် ကယ်ဆယ်ရေးဆိုင်ရာ ရန်ပုံငွေ ထိုင်းဘတ်ငွေ ဘီလီယံ ၁၅၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံ)မှ ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ လယ်သမားဦးရေ ၁၀ သန်းခန့်အား ကယ်ဆယ်ရေးထောက်ပံ့ငွေ လစဉ် ဘတ် ၅၀၀၀ ဖြင့် သုံးလ ဆက်တိုက်ထုတ်ပေးသွားရန် လျာထားကြောင်း ထိုင်းအစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထိုင်းလယ်သမားများအနေဖြင့် ယင်းကယ်ဆယ်ရေးထောက်ပံ့ငွေကို မေလမှ ဇူလိုင်လအထိ ရရှိမည်ဖြစ်ပြီး ထောက်ပံ့ငွေရရှိရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့ဌာန သို့မဟုတ် ခြံမွေးတိရစ္ဆာန် ဖွံ့ဖြိုးရေးဌာန သို့မဟုတ် ငါးလုပ်ငန်းဌာနများ၌ မှတ်ပုံတင်ရန် လိုအပ်ကြောင်း ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ပင်ရီဆင်ဝပ်က ပြောကြားသည်။

ထိုစဉ်အတွင်း၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုသက်ရောက်ခံစားနေရသည့် ထိုင်းနိုင်ငံသား ၁၆ သန်းတို့မှာလည်း လစဉ် ကယ်ဆယ်ရေး ထောက်ပံ့ ငွေ ဘတ်-၅၀၀၀ ရရှိခဲ့ပြီးဖြစ်ပြီး ၎င်းတို့မှာ ဧပြီလမှ ဇူလိုင်လအထိ ရရှိကြမည်ဖြစ်သည်။



**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဇော်ဝင်း**

## ပါကစ္စတန်နိုင်ငံ ဆင်းပြည်နယ်အုပ်ချုပ်ရေးမှူး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ

**အစ္စလာမ္မာဘတ် ဧပြီ ၂၈**

ပါကစ္စတန်တောင်ပိုင်း ဆင်းပြည်နယ်အုပ်ချုပ်ရေးမှူး အမ်မရန်အစ္စမေးလ်ကသူ့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိခဲ့ပြီး နေအိမ်၌ သီးသန့်ခွဲ၍နေထိုင်ခဲ့ကြောင်း ယမန်နေ့က အတည်ပြုပြောကြားခဲ့သည်။

"ကျွန်တော့်မှာ ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ပါတယ်" ဟု အမ်မရန်အစ္စမေးလ်က တွစ်တာ၌ ရေးသားခဲ့သည်။ ဝန်ကြီးချုပ် အမ်မရန်ခန်းက ဘဝတွင် အခက်ခဲဆုံး အခြေအနေများတွင် တိုက်ပွဲဝင်ရန် ပြည်သူများကို သင်ပြပေးခဲ့ကြောင်း သူက ဆိုသည်။ သူ၏ စမ်းသပ်ချက်နမူနာများကို ဧပြီ ၂၆ ရက်က ဓာတ်ခွဲခန်းတစ်ခုသို့ ပို့ဆောင်ခဲ့ပြီး ယမန်နေ့ ညပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သောရက်များအတွင်း တွေ့ဆုံခဲ့သူများကို အကြောင်းကြားခဲ့ပြီး မိသားစုဝင်များကိုလည်း ဗိုင်းရပ်စ်ပိုး ကူးစက်မှုရှိ မရှိ စမ်းသပ်စေမည်ဟု ၎င်းက ဒေသန္တရမီဒီယာများသို့ ပြောကြားသည်။

"မနေ့က ကျွန်တော့်မိခင်ကြီး ကျွန်တော့်ဆီလာပြီး အတူတူ နေ့လယ်စာသုံးဆောင်ခဲ့ပါတယ်။ နောက်ပိုင်း ကျွန်တော် ဖျားနာလာခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ်ပိုး စစ်ဆေးမှုပြုလုပ်ရမယ်လို့ တွေးမိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ညပိုင်းကတည်းက ကျွန်တော် သီးသန့်ခွဲနေခဲ့ပါတယ်"ဟု သူက ဆိုသည်။ သူ၏ကျန်းမာရေးကကောင်းမွန်ပြီး စိုးရိမ်စရာမရှိကြောင်း အစ္စမေးလ်က ပြောသည်။ ပါကစ္စတန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှု ဆက်လက်မြင့်တက်နေပြီး မေလနှင့် ဇွန်လအတွင်း အမြင့်ဆုံးအဆင့် ကူးစက်မည်ကို ကျွမ်းကျင်သူများက စိုးရိမ်လျက်ရှိသည်။

ယမန်နေ့ညပိုင်းအထိ ပါကစ္စတန်နိုင်ငံ၌ အတည်ပြုကူးစက်သူ ၁၃၉၁၅ ဦးရှိပြီး ကိုဗစ်-၁၉ ရောဂါ ဒုတိယအဆိုးရွားဆုံးဖြစ်ပွားရာ ဆင်းပြည်နယ် တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်သူ ၄၉၉၆ ဦးရှိကြောင်း ကြေညာခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ကျော်ထိုက်စိုး**

## ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း လူ ၆၄၁၁ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး ကူးစက်ခံရသူပေါင်း ၉၀၀၀၀ ကျော်ရှိလာ

**မော်စကို ဧပြီ ၂၈**

ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၄၁၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၉၃၅၅၈ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ရေးဗဟိုဌာနမှ ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ထို့အတူ ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် လူနာ ၇၂ ဦးသေဆုံးခဲ့ရာ ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၈၆၇ ဦး ရှိလာခဲ့ကြောင်း သိရသည်။ သို့သော် ရုရှားနိုင်ငံတွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ လူနာ ၁၁၁၀ ဦး ပြန်လည်ကျန်းမာလာပြီး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၈၄၅၆ ဦးရှိလာကြောင်း သိရသည်။

ရုရှားနိုင်ငံအတွင်း ကိုဗစ်-၁၉ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် မော်စကိုမြို့တွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၃၀၇၉ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ မော်စကိုမြို့တစ်မြို့တည်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄၈၄၂၆ ဦး ရှိလာခဲ့သည်။

သို့သော် မော်စကိုမြို့တွင် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၆၀၆ ဦးရှိရာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၁၃၀ ရှိလာကြောင်း လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ဒုတိယမြို့တော်ဝန် အနာ့စ်တားဆီးယား ရာကိုဗာက ယနေ့ပြောကြားသည်။

မော်စကိုမြို့တွင် တစ်ရက်တာအတွင်း ကျန်းမာလာသော အဆိုပါ လူဦးရေသည် မကြာသေးမီ ရက်များအတွင်း ပျမ်းမျှအားဖြင့် ပြန်လည်ကျန်းမာလာသည့် လူဦးရေထက်နှစ်ဆနီးပါး ပိုမိုများပြားကြောင်း၊ မော်စကိုမြို့ရှိ ကိုဗစ်-၁၉ ရောဂါလူနာများသည် ပြန်လည်ကျန်းမာလာမည်ဟု မျှော်လင့်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ရုရှားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် နိုင်ငံအတွင်း သီးခြားခွဲ၍နေရေး စီမံချက် သို့မဟုတ် အသွားအလာကန့်သတ်မှုများကို လောလောဆယ် ပြဋ္ဌာန်းထားပြီး ဆေးဝါးကုသမှု လုပ်ငန်းခွင်သို့သွားခြင်းနှင့် အနီးအနားရှိ စတိုးဆိုင်များနှင့် ဆေးဆိုင်များတွင် စျေးဝယ်ခြင်းကိုသာ ခွင့်ပြုထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

ကြေးမုံ
မေ ၂၉၊ ၂၀၂၀

# အီဂျစ်၌ ကိုရိုနာဗိုင်းရပ်စ်နှင့် လုံခြုံရေးကြောင့် အရေးပေါ်အခြေအနေကာလ တိုးမြှင့်

**ကိုင်ရို မေ ၂၈**

အီဂျစ်သမ္မတ အက်ဘဒယ်ဖာတာအယ်လ်စီစီက ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာများကို ကိုးကားလျက် ကာလရှည်ကြာတည်ရှိနေသည့် အရေးပေါ်အခြေအနေကို သုံးလထပ်မံ သက်တမ်းတိုးမြှင့်ရန် အင်္ဂါနေ့က အမိန့်ပေးခဲ့သည်။

အိုင်အက်စ်အဖွဲ့နှင့် ဆက်နွယ်သည့် အုပ်စုတစ်စုက ဘာသာရေးအဆောက်အအုံနှစ်ခုကို ၂၀၁၇ ခုနှစ် ဧပြီလက တိုက်ခိုက်ခဲ့ရာ လူအများအပြား သေဆုံးခဲ့သည်။ ထိုအချိန်မှစ၍ အီဂျစ်နိုင်ငံသည် အရေးပေါ်အခြေအနေတွင် ရှိနေခဲ့သည်။ အရေးပေါ်အခြေအနေကာလသက်တမ်းတိုးခြင်းသည် အာရပ်ကမ္ဘာ၌ လူဦးရေအများဆုံးနိုင်ငံဖြစ်သည့် အီဂျစ်တွင် အစိုးရက ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါ ပျံ့နှံ့မှုထိန်းချုပ်ရေး တိုက်ပွဲဝင်နေစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

စိုးရိမ်ဖွယ်ရာ ကျန်းမာရေးနှင့်လုံခြုံရေးအခြေအနေကို ထောက်ဆလျက် နိုင်ငံတစ်ဝန်းလုံးတွင် မေ ၂၈ ရက် အင်္ဂါနေ့မှစ၍ အရေးပေါ်အခြေအနေ သုံးလတိုးမြှင့်ကြောင်း သမ္မတအမိန့်၌ ဖော်ပြသည်။

လူဦးရေ သန်း ၁၀၀ ရှိသည့် အီဂျစ်နိုင်ငံတွင် ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၇၈၂ ဦးရှိကြောင်း၊ ၎င်းတို့အနက် ၃၃၇ ဦး သေဆုံးပြီး ၁၂၃၆ ဦး ပြန်လည်ကျန်းမာသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မှတ်တမ်းတင်ထားသည်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာများကို ပိုတိုးပေးသည့် အရေးပေါ်အခြေအနေ ဥပဒေပြင်ဆင်ချက်များကို အီဂျစ်ပါလီမန်က အတည်ပြုခဲ့ကြောင်း နိုင်ငံပိုင်မီဒီယာများက ပြီးခဲ့သည့်သီတင်းပတ်က ထုတ်ပြန်ခဲ့သည်။

ဥပဒေပြင်ဆင်ချက်များက သမ္မတကို စာသင်ကျောင်းများ ပိတ်ခွင့်၊ အစိုးရကဏ္ဍ လုပ်ငန်းဆိုင်းငံ့ခွင့်၊ လူစုလူဝေးများကို ကန့်သတ်ခွင့်၊ နိုင်ငံအတွင်းသို့ ဝင်လာသည့် ခရီးသည်များကို ဗိုင်းရပ်စ်ကြောင့် အသွားအလာကန့်သတ်မှုများ ပြုလုပ်ခွင့်၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂလိကအဆောက်အအုံများအား အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုတွင် အကူအညီပေးရန် အမိန့်ပေးခွင့်အာဏာများ အပ်နှင်းထားသည်။

ယနေ့ထုတ်ပြန်သည့် အရေးပေါ်အခြေအနေ သက်တမ်းတိုးသည့် အမိန့်တွင် အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုအတွက် ငွေကြေးထောက်ပံ့မှုကို ရင်ဆိုင်ရန်အတွက် လိုအပ်သည့် အစီအမံများ ဆောင်ရွက်ကြရန်လည်း တပ်မတော်နှင့် ရဲတပ်ဖွဲ့ကို ညွှန်ကြားထားသည်။



**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ဖိလစ်ပိုင်၌ ကျန်းမာရေးလုပ်သား ၁၃၃၆ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ ရောဂါကူးစက်ခံရသူပေါင်း ၈၀၀၀ နီးပါးရှိလာ

**မနီလာ မေ ၂၈**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၁ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူပေါင်း ၇၉၅၈ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောကြားသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူလူနာ ၄၃ ဦးတို့သည် ၎င်းတို့၏ရောဂါမှ ပြန်လည်ကျန်းမာလာခဲ့ပြီး ဖိလစ်ပိုင်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၉၇၅ ဦးရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောကြားသည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ရောဂါကြောင့် လူနာ ၁၉ ဦး ထပ်မံသေဆုံးခဲ့ပြီး ယင်းရောဂါကြောင့် သေဆုံးသူပေါင်း ၅၃၀ ရှိလာကြောင်း သိရသည်။

ဖိလစ်ပိုင်ကျန်းမာရေးလုပ်သားများသည် တစ်နေ့တခြားပို၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံနေရပြီး ယခုအခါ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ကျန်းမာရေးလုပ်သားပေါင်း ၁၃၃၆ ဦးရှိလာကြောင်း ဖိလစ်ပိုင်ဒုတိယကျန်းမာရေးဝန်ကြီး မာရီယာရိုဆာရီယိုဗာဂျီရီက ပြောကြားသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ဖိလစ်ပိုင်ကျန်းမာရေးလုပ်သားများတွင် ဆရာဝန် ၄၉၃ ဦး၊ သူနာပြု ၅၀၇ ဦး၊ သူနာပြုအကူ ၇၄ ဦးနှင့် ဆေးဘက်ဆိုင်ရာနည်းပညာရှင် ၄၇ ဦးတို့ပါဝင်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၀၁၀၂၇၇ | ၁၁၃၈၅၄ | ၅၆၆၃၄ |
| စပိန် | ၂၀၀၇၇၃ | ၁၀၂၅၄၈ | ၂၃၈၂၂ |
| အီတလီ | ၁၉၉၄၁၄ | ၆၆၆၂၄ | ၂၆၉၇၇ |
| ဂျာမနီ | ၁၅၈၇၅၃ | ၁၀၇၅၉၅ | ၆၁၂၈ |
| ဗြိတိန် | ၁၅၇၁၄၉ | - | ၂၁၀၉၂ |
| ပြင်သစ် | ၁၂၈၃၃၉ | ၄၅၅၁၃ | ၂၃၂၉၃ |
| တူရကီ | ၁၁၂၂၆၁ | ၃၃၇၉၁ | ၂၉၀၀ |
| ရုရှား | ၉၃၅၅၈ | ၈၄၅၆ | ၈၆၇ |
| အီရန် | ၉၁၄၇၂ | ၇၀၉၃၃ | ၅၈၀၆ |
| တရုတ် | ၈၄၃၄၁ | ၇၇၅၅၅ | ၄၆၄၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၁၄၉၅၁ | ၁၀၉၅ | ၁၄ |
| အင်ဒိုနီးရှား | ၉၀၉၆ | ၁၁၅၁ | ၇၆၅ |
| ဖိလစ်ပိုင် | ၇၉၅၈ | ၉၇၅ | ၅၃၀ |
| မလေးရှား | ၅၈၅၁ | ၄၀၃၂ | ၁၀၀ |
| ထိုင်း | ၂၉၃၈ | ၂၆၅၂ | ၅၄ |
| ဗီယက်နမ် | ၂၇၀ | ၂၂၂ | ၀ |
| မြန်မာ | ၁၄၉ | ၁၆ | ၅ |
| ဘရူနိုင်း | ၁၃၈ | ၁၂၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၁၉ | ၀ |
| လာအို | ၁၉ | ၄ | ၀ |

# ကိုရီးယားကျွန်းဆွယ်အရေး တောင်ကိုရီးယားနှင့် အမေရိကန်ကိုယ်စားလှယ်များ ဖုန်းဖြင့်ဆွေးနွေး

**ဆိုးလ် မေ ၂၈**

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ ကျန်းမာရေးနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်များ ထွက်ပေါ်နေစဉ် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံမှ ထိပ်တန်း နျူကလီးယားကိုယ်စားလှယ်များက ယနေ့ဖုန်းပြောဆိုမှုတစ်ခုအတွင်း ကိုရီးယားကျွန်းဆွယ်အခြေအနေကို အမြင်ချင်းဖလှယ်ခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံတွင် မူမမှန်သောလှုပ်ရှားမှု မတွေ့ရှိခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ၏ အကဲဖြတ်မှုရှိလင့်ကစား မီဒီယာသတင်းများက ကင်ဂျုံအန်၏ ကျန်းမာရေးနှင့်ပတ်သက်၍ သီတင်းပတ်ကြာ လူမြင်ကွင်းတွင် မမြင်တွေ့ရမှုကို ဖော်ပြနေစဉ် တောင်ကိုရီးယား နျူကလီးယားကိုယ်စားလှယ် လီဒိုဟွန်းနှင့် အမေရိကန် နျူကလီးယားကိုယ်စားလှယ် စတီဖန်ဘီဂွန်တို့ကြား ဖုန်းဖြင့် ဆွေးနွေးမှုပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နှစ်ဖက်စလုံးက ကိုရီးယားကျွန်းဆွယ်ဆိုင်ရာ တိုးတက်မှုအခြေအနေများကို မျှဝေခဲ့ပြီး နျူကလီးယားလက်နက် အပြီးတိုင်ဖျက်သိမ်းရေးနှင့် တာရှည်ခံသော ငြိမ်းချမ်းရေးအတွက် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်ခဲ့သည်ဟု တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားသည်။ မြောက်ကိုရီးယား ဆိုင်ရာ နျူကလီးယားအရေးနှင့် အခြားကိစ္စရပ်များအပေါ် နှစ်နိုင်ငံဆက်ဆံပြောဆိုမှုနှင့် တိုင်ပင် ဆွေးနွေးမှုကို နှစ်နိုင်ငံစလုံးက ချင့်တွက်ခဲ့ပြီး အနီးကပ်ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့ကြောင်း ထုတ်ပြန်ချက်က ဖော်ပြခဲ့သည်။ ကင်ဂျုံအန်၏ ကျန်းမာရေးနှင့်ပတ်သက်၍ ပုံမှန်မဟုတ်သည့် လက္ခဏာများမရှိဟု တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က ဖွင့်ပြောခဲ့ကြောင်း သံတမန်သတင်းရပ်ကွက်တစ်ခုက ပြောကြားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကိုင်တွယ်ဖြေရှင်းရာတွင် ကမ္ဘာလုံးဆိုင်ရာ အလေးထားမှုက မြောက်ကိုရီးယားနိုင်ငံကို စေ့စပ်ညှိနှိုင်းရေးစားပွဲဝိုင်းသို့ ပြန်ခေါ်သည့်ကြိုးပမ်းမှုများကို နှေးကွေးစေနိုင်သည်ဟူသော စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေစဉ် ၎င်းတို့နှစ်ဦး မေ ၂ ရက်တွင် နောက်ဆုံးအကြိမ် ဖုန်းဖြင့်ဆွေးနွေးမှု ပြုလုပ်ခဲ့သည်။

**ကိုးကား-ယွန်ဟပ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ရောဂါ ဆိုးရွားစွာဖြစ်ပွားနေသည့် စပိန်နိုင်ငံ၌ အလုပ်လက်မဲ့ဦးရေ ၁၄ ဒသမ ၄ ရာခိုင်နှုန်းရှိ

**မက်ဒရစ် မေ ၂၈**

၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်ကာလအလွန်တွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားမှု အဆိုးရွားဆုံးခံစားနေရသည့် စပိန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းသည် ၁၄ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ကြောင်း စပိန်အမျိုးသားစာရင်းအင်းအင်စတီကျု(အိုင်အင်န်အီး)က မေ ၂၈ ရက်တွင် ထုတ်ပြန်သည့်ကိန်းဂဏန်းများအရ သိရသည်။ ဥရောပဇုန်တွင် စတုတ္ထမြောက် စီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သည့် စပိန်နိုင်ငံသည် နိုင်ငံတစ်ဝန်းလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားလျက်ရှိသည်။

ယခုနှစ် ပထမသုံးလကာလတွင် စပိန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ၁၃ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့ပြီး ယင်းပမာဏမှာ ၂၀၀၈ ခုနှစ် တတိယသုံးလကာလမှစ၍ အလုပ်လက်မဲ့ဦးရေနှုန်းအနိမ့်ဆုံးဖြစ်ခဲ့သည်။ သို့သော် ဥရောပဇုန်တွင် အလုပ်လက်မဲ့ဦးရေနှုန်းအများဆုံးဖြစ်သည့် ဂရိနိုင်ငံပြီးလျှင် အမြင့်မားဆုံးဖြစ်သည်။



ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ဖြစ်ပွားမှု အဆိုးရွားဆုံး ခံစားရသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည့် စပိန်နိုင်ငံတွင် ယခုနှစ် မတ် ၁၄ ရက်မှစတင်ကာ နိုင်ငံတစ်ဝန်းလုံး၌ အသွားအလာကန့်သတ်မှုများ ချမှတ်ခဲ့ပြီးနောက် ၎င်းနိုင်ငံ၏စီးပွားရေးမှာ ကြီးမားသောတုံ့ဆိုင်းမှု ဖြစ်ပေါ်ခဲ့ရသည်။


စပိန်နိုင်ငံအတွင်းရှိ ကုမ္ပဏီပေါင်းများစွာမှာ လုပ်ငန်းများဆောင်ရွက်ရာ၌ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုများ ယာယီပိတ်သိမ်းမှုများ ပြုလုပ်ခဲ့ရသည်။ ကမ္ဘာပေါ်တွင် ပြင်သစ်နိုင်ငံ၏နောက်တွင် ကမ္ဘာလှည့်ခရီးသွားအများဆုံးလာရောက်ကြသည့် စပိန်နိုင်ငံမှ ဟိုတယ်များနှင့် စားသောက်ဆိုင်လုပ်ငန်းများ ထိခိုက်ခဲ့ရသည်။

စပိန်နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၁၂၁၀၀၀ ဦး တိုးမြင့်လာခဲ့ပြီး မတ်လအကုန်၌ အလုပ်လက်မဲ့ဦးရေ ၃ ဒသမ ၃၁ သန်းရှိကြောင်း အမျိုးသားစာရင်းအင်းဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။ **ကိုးကား-အေအက်ဖ်ပီ၊**
**ဘာသာပြန်-ဇော်ဝင်း**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်မှုမှာ အိန္ဒိယအနေနဲ့ အဓိကကဏ္ဍကနေ ဘယ်လိုပါဝင်မလဲ

အလင်းသစ်

**ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကြောင့်ဖြစ်ပေါ်ခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်ဟာ ၂၁၀၀၀၀ ကျော်ရှိသွားပြီဖြစ်သလို ကူးစက်ခံရသူဦးရေကလည်း သုံးသန်းအထိရှိလာတဲ့အတွက် ကမ္ဘာ့နိုင်ငံအသီးသီးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ဖို့ အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိနေပါတယ်။**




ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်ဖို့ အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိတဲ့ ကမ္ဘာ့နိုင်ငံတွေထဲမှာ အိန္ဒိယနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့လည်း အပါအဝင်ဖြစ်ပြီး အိန္ဒိယနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်မယ့် ဆေးဝါးတွေထုတ်လုပ်ရေး အတူတကွလက်တွဲဆောင်ရွက်လျက်ရှိတယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက လွန်ခဲ့တဲ့ သီတင်းနှစ်ပတ်က ပြောကြားခဲ့ပါတယ်။

**အတူတကွ လုပ်ဆောင်ခဲ့ကြ**

စီးပွားရေးအင်အားကြီး နိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနိုင်ငံနဲ့ အမေရိကန်နိုင်ငံတို့ဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်သုံးခုကျော်ကာလကတည်းက နိုင်ငံတကာကအသိအမှတ်ပြုထားတဲ့ ပူးတွဲကာကွယ်ဆေးထုတ်လုပ်ရေး အစီအစဉ်ကို လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံအနေနဲ့ သွေးလွန်တုပ်ကွေးရောဂါ၊ အူလမ်းကြောင်းဆိုင်ရာရောဂါတွေနဲ့ တီဘီရောဂါတို့ကို ကုသနိုင်ရေးအတွက် အတူတကွ လုပ်ဆောင်ခဲ့ကြတာဖြစ်ပြီး မဝေးတော့တဲ့ အနာဂတ်ကာလမှာလည်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ဆေးကို စမ်းသပ်ဖို့ စီစဉ်လျက်ရှိပါတယ်။

အိန္ဒိယနိုင်ငံဟာ ကမ္ဘာမှာ ကာကွယ်ဆေးနဲ့ ဆေးဝါးတွေ အများအပြားထုတ်လုပ်တဲ့နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ ကုမ္ပဏီခြောက်ခုနဲ့ ဖွဲ့စည်းထားသော ကာကွယ်ဆေးအဓိက ထုတ်လုပ်တဲ့အဖွဲ့နဲ့ အသေးစားကာကွယ်ဆေး ထုတ်လုပ်တဲ့ကုမ္ပဏီတွေရှိပြီး ပိုလီယို၊ အအေးမိနှာစေး၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ဝက်သက်၊ မော်နာ စတဲ့ရောဂါတွေအတွက် တစ်ခါသုံးဆေးဝါးတွေကို ထုတ်လုပ်နေတာလည်း ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ အိန္ဒိယနိုင်ငံမှ ကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီတွေရဲ့ တစ်ဝက်လောက်က ကိုဗစ်-၁၉ ရောဂါကို ဖြစ်ပေါ်စေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်ဖို့ ကာကွယ်ဆေးတွေ စမ်းသပ်ထုတ်လုပ်နေပြီဖြစ်ပါတယ်။

အဲဒီအိန္ဒိယကုမ္ပဏီတွေထဲမှာ ဆီရမ်လုပ်ငန်းစုလည်း တစ်ခုအပါအဝင်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ဆေးဝါးထုတ်လုပ်တဲ့ လုပ်ငန်းစုဖြစ်သလို တစ်ခါသုံးဆေးဝါးအများအပြားထုတ်လုပ်ကာ ကမ္ဘာတစ်ဝန်းကို ရောင်းချပေးနေတဲ့ ကုမ္ပဏီလည်း ဖြစ်ပါတယ်။ သက်တမ်း ၅၃ နှစ်တာ ကြာမြင့်ခဲ့ပြီဖြစ်တဲ့ အဲဒီကုမ္ပဏီဟာ ပူနေးမြို့အနောက်ပိုင်းမှာရှိတဲ့ ဆေးဝါးစက်ရုံနှစ်ခုကနေ တစ်နှစ်ကို တစ်ခါသုံးဆေးဝါး ၁ ဒသမ ၅ ဘီလီယံ ထုတ်လုပ်နေတာဖြစ်ပါတယ်။ အဲဒီကုမ္ပဏီအနေနဲ့ နယ်သာလန်နိုင်ငံနဲ့ ချက်နိုင်ငံတို့မှာလည်း အသေးစားစက်ရုံနှစ်ခု တည်ဆောက်ကာ ဆေးဝါးတွေ ထုတ်လုပ်နေတာဖြစ်ပြီး ကုမ္ပဏီမှာတာဝန်ထမ်းဆောင်တဲ့ အလုပ်သမားကလည်း ၇၀၀၀ ခန့်ရှိပါတယ်။

ဆီရမ်လုပ်ငန်းစုဟာ နိုင်ငံပေါင်း ၁၆၅ နိုင်ငံကို ကာကွယ်ဆေးအမျိုးပေါင်း ၂၀ ထောက်ပံ့ပေးလျက်ရှိပါတယ်။ အဲဒီကာကွယ်ဆေးတွေရဲ့ ၈၀ ရာခိုင်နှုန်းဟာ ပို့ကုန်တွေအဖြစ်တင်ပို့ခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးတွေရဲ့ ၅၀ ရာခိုင်နှုန်းကတော့ တစ်ခါသုံးဆေးဝါးတွေဖြစ်ပြီး ဒီဆေးတွေဟာ ကမ္ဘာမှာ ဈေးအသက်သာဆုံးဆေးဝါးတွေပဲ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဆီရမ်လုပ်ငန်းစုအနေနဲ့ ကမ္ဘာတစ်ဝန်းမှာ ထုတ်လုပ်လျက်ရှိတဲ့ ကာကွယ်ဆေးအမျိုးပေါင်း ၈၀ ကျော်အနက် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကာကွယ်ဆေးတစ်မျိုးကို ထုတ်လုပ်ဖို့ အမေရိကန်နိုင်ငံ ဇီဝနည်းပညာကုမ္ပဏီတစ်ခုဖြစ်တဲ့ Codagenix ကုမ္ပဏီနဲ့ ပူးပေါင်းဆောင်ရွက်နေတယ်လို့ သိရပါတယ်။

**လူသားတွေနဲ့ စတင်စမ်းသပ်သွားသင့်**

အိန္ဒိယနိုင်ငံ ဆီရမ်လုပ်ငန်းစုကုမ္ပဏီနဲ့ အမေရိကန်နိုင်ငံ Codagenix ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်မယ့်ကာကွယ်ဆေးတစ်မျိုးကို ဧပြီလအတွင်းမှာ တိရစ္ဆာန်တွေနဲ့ စမ်းသပ်သွားဖို့ စီစဉ်နေတာဖြစ်ပြီး စက်တင်ဘာလအတွင်းမှာ လူသားတွေနဲ့ စတင်စမ်းသပ်သွားသင့်တယ်လို့ ဆီရမ်လုပ်ငန်းစုမှ အမှုဆောင်အရာရှိချုပ် အက်ဒါပူးနာဝယ်လာက အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုထံ ဖုန်းဆက်ပြီး ပြောကြားခဲ့တာဖြစ်ပါတယ်။

အက်ဒါပူးနာဝယ်လာရဲ့ အထက်ပါလုပ်ငန်းဟာ ဗြိတိန်အစိုးရရဲ့ထောက်ခံမှုနဲ့အတူ အောက်စ်ဖို့ဒ်တက္ကသိုလ်က ထုတ်လုပ်တဲ့ ကာကွယ်ဆေးတစ်မျိုးကိုလည်း အများအပြားထုတ်လုပ်နိုင်ဖို့ အစုဝင်ထားတယ်လို့ ဆိုပါတယ်။ အောက်စ်ဖို့ဒ် တက္ကသိုလ်အနေနဲ့ လူသားတွေနဲ့ စမ်းသပ်မှုကို စတင်ဆောင်ရွက်လျက်ရှိပြီး အောင်မြင်မှုရရှိမယ်ဆိုပါက စက်တင်ဘာလအတွင်းမှာ တစ်ခါသုံးဆေးတွေကို အနည်းဆုံးအရေအတွက် တစ်သန်းထုတ်လုပ်နိုင်ဖို့လည်း သိပ္ပံပညာရှင်များက မျှော်လင့်ထားတာ ဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံး အသွားအလာကန့်သတ်မှုကနေ လွတ်မြောက်ဖို့နဲ့ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကို အဆုံးသတ်ဖို့အတွက် အခုနှစ်ကုန်ပိုင်းမှာ တစ်ကမ္ဘာလုံးအနေနဲ့ တစ်ခါသုံးကာကွယ်ဆေး သန်းချီပြီး လိုအပ်ပါလိမ့်မယ်လို့ အောက်စ်ဖို့ဒ်ရှိ ဂျန်နာအင်စတီကျူတွင် တာဝန်ထမ်းဆောင်နေတဲ့ ပါမောက္ခ အက်ဒရီယန်ဟေးလ်က ဘီဘီစီရဲ့ ကျန်းမာရေးနှင့် သိပ္ပံသတင်းထောက် ဂျိမ်းစ်ကာရေဂါကို ပြောကြားခဲ့ပါတယ်။

**နှာတစ်ဖျားအသာနဲ့ ဦးဆောင်**

လက်ရှိအခြေအနေအရ အိန္ဒိယကာကွယ်ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီတွေအနေနဲ့ ကာကွယ်ဆေးထုတ်လုပ်ရာမှာ အခြားကုမ္ပဏီတွေကို နှာတစ်ဖျားအသာနဲ့ ဦးဆောင်နေတာ ဖြစ်ပါတယ်။ မစ္စတာ ပူးနာဝယ်လာရဲ့ လုပ်ငန်းစုတစ်ခုတည်းကနေ တစ်ခါသုံးဆေး သန်း ၄၀၀ ကနေ သန်း ၅၀၀ အထိ ပိုမိုလုပ်ဆောင်နိုင်စွမ်း ရှိနေတာဖြစ်ပြီး အခုလိုရင်းနှီးမြှုပ်နှံလိုက်တဲ့အတွက်လည်း စွမ်းဆောင်ရည်တွေ အများကြီး ရရှိခဲ့တယ်လို့ မစ္စတာ ပူးနာဝယ်လာက ပြောကြားခဲ့ပါတယ်။

ဒါ့အပြင် အိန္ဒိယနိုင်ငံ ဟိုင်ဒရာဘက်မြို့အခြေစိုက် ဘာရက်ဇီဝနည်းပညာကုမ္ပဏီကလည်း ကမ္ဘာတစ်ဝန်းကို ဖြန့်ဖြူးပေးဖို့အတွက် တစ်ခါသုံးကာကွယ်ဆေးဝါး သန်း ၃၀၀ နီးပါးထုတ်လုပ်ဖို့ ဝစ်ကွန်ဆင်မက်ဒီဆင်တက္ကသိုလ်၊ အမေရိကန်အခြေစိုက် ဖလူဂျန်ကုမ္ပဏီတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကြေညာခဲ့ပါတယ်။

**မျှော်လင့်မထားသင့်**

အိန္ဒိယနိုင်ငံရဲ့ အခြားသောကုမ္ပဏီနှစ်ခုဖြစ်တဲ့ Biological E ကုမ္ပဏီနဲ့ Mynvax ကုမ္ပဏီတို့က ကာကွယ်ဆေးတစ်မျိုးစီထုတ်လုပ်နေချိန်မှာ Zydus Cadilla ကုမ္ပဏီကလည်း ကာကွယ်ဆေးနှစ်မျိုးကို ထုတ်လုပ်နေတာဖြစ်ပါတယ်။ အခြားသော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး လေး၊ ငါးမျိုးကိုလည်း စမ်းသပ်ထုတ်လုပ်နေတယ်လို့ သိရပါတယ်။ ဒါပေမယ့် လူသားတွေအနေနဲ့ မကြာခင်အချိန်မှာ ဈေးကွက်အတွင်း ကာကွယ်ဆေးတစ်မျိုးရရှိမယ်လို့တော့ မျှော်လင့်မထားသင့်ဘူးလို့ ကျွမ်းကျင်သူတွေက သတိပေးထားပါတယ်။

ကာကွယ်ဆေးတစ်မျိုးကို အောင်မြင်စွာထုတ်လုပ်နိုင်မယ်ဆိုတဲ့ အာမခံချက်မရှိသေးတဲ့အတွက် ကြိုတင်သိမြင်နိုင်တဲ့အနာဂတ်ကာလမှာ လူသားတွေအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ရဲ့ခြိမ်းခြောက်မှုတွေနဲ့ အသက်ရှင်နေထိုင်ရလိမ့်မယ်လို့ လန်ဒန်မြို့ရှိ Imperial College မှ ကမ္ဘာ့ကျန်းမာရေးဆိုင်ရာ ပါမောက္ခဒေးဗစ်နာဗာရိုက ပြောကြားခဲ့ပါတယ်။

အောက်စ်ဖို့ဒ်တက္ကသိုလ်က ထုတ်လုပ်တဲ့ ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးတစ်မျိုးကို ဧပြီ ၂၃ ရက်က လူသားတွေနဲ့ စမ်းသပ်မှု စတင်ပြုလုပ်ခဲ့ပြီး ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်ဟန်းကော့က အောက်စ်ဖို့ဒ်စီမံကိန်းအတွက် ရန်ပုံငွေ ပေါင် သန်း ၂၀ တောင်းဆိုထားပါတယ်။

ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်ဖို့ အိန္ဒိယနိုင်ငံက ကုမ္ပဏီအများအပြားကြိုးပမ်းလျက်ရှိသလို ဗြိတိန်နိုင်ငံအနေနဲ့ ဗိုင်းရပ်စ်ကာကွယ်ဆေးကို ရှာဖွေဖို့နဲ့ ရလဒ်တွေကိုမျှဝေဖို့ ပြင်သစ်၊ ဂျာမနီနဲ့ အီတလီနိုင်ငံအပါအဝင် အခြားသောနိုင်ငံနဲ့ ကမ္ဘာ့အဖွဲ့အစည်း ၂၀ တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီထားတယ်လို့လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းက ပြောကြားထားပါတယ်။ ဒါကြောင့် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ဆေးထုတ်လုပ်တဲ့ နေရာမှာ အိန္ဒိယနိုင်ငံအနေနဲ့ အရေးပါတဲ့အခန်းကဏ္ဍကနေ ဘယ်လိုပါဝင်လာမလဲဆိုတဲ့ မေးခွန်းတစ်ရပ် ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

**ကိုးကား-ဘီဘီစီ**



## တူရကီနိုင်ငံက အမေရိကန်နိုင်ငံသို့ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ပေးပို့

**အန်ကာရာ ဧပြီ ၂၈**

ကိုဗစ်-၁၉ ဆေးဘက်ဆိုင်ရာ အထောက်အပံ့ပစ္စည်းများ ပေးပို့ရန်အတွက် တူရကီ ကုန်တင်စစ်လေယာဉ်တစ်စင်းသည် အမေရိကန်နိုင်ငံသို့ ဧပြီ ၂၈ ရက်တွင် ထွက်ခွာသွားကြောင်း တူရကီကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ထွက်ခွာသွားပြီဖြစ်**

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရာတွင် အသုံးပြုမည့် ဆေးဘက်ဆိုင်ရာအကူအညီပစ္စည်းများကို သယ်ဆောင်သည့် လေယာဉ်သည် အမေရိကန်နိုင်ငံသို့ပို့ရန်အတွက် အန်ကာရာမြို့ရှိ အီတီမက်စ်ဂုတ်လေယာဉ်ကွင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက တွစ်တာတွင် ရေးသားသည်။

အကူအညီပစ္စည်းများတွင် နှာခေါင်းစည်းများ၊ မျက်နှာအကာများ၊ N95 နှာခေါင်းစည်းများနှင့် အကာအကွယ်ဝတ်စုံများ ပါဝင်ကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများကပင် တူရကီနိုင်ငံ၏ အကူအညီကို တောင်းခံနေသည့်အချိန်တွင် တူရကီနိုင်ငံအနေဖြင့် အာဖရိဒေသအထိ ဒေသအများအပြားသို့ အထောက်အပံ့ပစ္စည်းများကို ပေးပို့ခဲ့ကြောင်း သမ္မတ အာဒိုဂန်က ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့သည်။

မိမိတို့သည် ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းများ၊ N95 နှာခေါင်းစည်းများ၊ အကာအကွယ်ဝတ်စုံများနှင့် ပိုးသတ်ဆေးများ ပါဝင်သည့် ဆေးဘက်ဆိုင်ရာ အကူအညီပစ္စည်းများကို အမေရိကန်နိုင်ငံသို့လည်း အင်္ဂါနေ့က ပို့ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ဇော်လင်း**

# AA အကြမ်းဖက်သောင်းကျန်းသူများက မြောက်ဦးမြို့ရှိ နယ်မြေခံရဲတပ်ရင်း၌ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သားတစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် မေ ၂၈**

ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ နယ်မြေခံရဲတပ်ရင်း၌ တာဝန်ထမ်းဆောင်နေသည့် ရဲတပ်သားတစ်ဦးအား အကြမ်းဖက်သောင်းကျန်းသူများက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောက်ဦးမြို့ရှိ နယ်မြေခံရဲတပ်ရင်း၌ တာဝန်ထမ်းဆောင်နေသည့် ရဲဒုတိယတပ်ကြပ်တစ်ဦးနှင့် ရဲတပ်သားနှစ်ဦးတို့သည် မေ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် မြောက်ဦးမြို့သို့ ဈေးဝယ်ရန် သွားရောက်ခဲ့ပြီး ပြန်လည်ထွက်ခွာလာရာ ရတနာ့မာန်အောင်ဘုရားလမ်းရှိ သီဟိုဠ်ခြံအနီးသို့ အရောက်တွင် အရပ်ဝတ်များ ဝတ်ဆင်ထားသော တုတ်၊ ဓားများ ကိုင်ဆောင်ထားသည့် AA အကြမ်းဖက် သောင်းကျန်းသူရှစ်ဦးက ဝန်းရံဖမ်းဆီးခဲ့သဖြင့် ရဲတပ်သားတစ်ဦး ဖမ်းဆီးခံခဲ့ရကြောင်း။

အဆိုပါ ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူအား ပြန်လည်ရရှိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ရိက္ခာများ ဆမီးမြို့မှ ပလက်ဝမြို့သို့ရောက်ရှိ ရာသီဥတုကောင်းမွန်ပါက ဆမီးရှိ ရိက္ခာပစ္စည်းများအား ပလက်ဝသို့ ဆက်လက်ပို့ဆောင်သွားမည်

**နေပြည်တော် မေ ၂၈**

ချင်းပြည်နယ် ပလက်ဝဒေသအတွင်း AA အကြမ်းဖက် သောင်းကျန်းသူများက ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ပိတ်ဆို့ခဲ့မှုကြောင့် ဒေသတွင်း ကုန်ဈေးနှုန်းများ အဆမတန်မြင့်တက်လာပြီး ကုန်စည်စီးဆင်းမှု မရှိသဖြင့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုက်ပွဲရှောင်ပြည်သူများမှာ စားသောက်ရေးအခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။

ထိုသို့ကြုံတွေ့နေသည့်အတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် NGO အဖွဲ့အစည်းများက လှူဒါန်းထားသည့် ဆန်အိတ် ၈၃၀၊ ဆီ ပိဿာ ၂၀၀၊ ကြက်သွန်နီ ပိဿာ ၇၅၀၊ အာလူး ပိဿာ ၃၀၀ နှင့် ဆေးမျိုးစုံပါဝင်သော ဆေးပုံး ၁၈ ပုံးတို့ကို မေ ၁၉ ရက်တွင်လည်းကောင်း၊ နယ်မြေခံတပ်မတော်သားများနှင့် မိသားစုများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ စားသုံးရန်အတွက် ဆန်အိတ် ၄၀၀၀ ကျော်နှင့် အခြားအမယ်စုံ ရိက္ခာများကို မေ ၂၄ ရက်တွင်လည်းကောင်း AA အကြမ်းဖက်သောင်းကျန်းသူများက နည်းမျိုးစုံဖြင့် ဖြတ်တောက်ပိတ်ဆို့နှောင့်ယှက်မှုများကြားမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်ကာ ပလက်ဝမြို့သို့အရောက် ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း။

အလားတူ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် NGO အဖွဲ့အစည်းများက လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ပဲ၊ ဆား ရိက္ခာများအနက် မေ ၂၆ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် တပ်မတော်ယာဉ်အစီး ၄၀ ဖြင့် ဆမီးမြို့မှ ပလက်ဝမြို့သို့ သယ်ဆောင်ခဲ့ရာ ယနေ့တွင် ဆန်အိတ် ၂၀၀၀၊ စားဆီ ပိဿာ ၁၈၀၀၊ ဆား ပိဿာ ၁၈၀၀၊ ကုလားပဲ ပိဿာ ၃၆၀၀၊ အိမ်သာ ခွက် / ပိုက် ၃၃ စုံ၊ အဝတ်အစားအိတ် ၅၀၊ ဆပ်ပြာမျိုးစုံ ၁၀ ဖာ၊ ဖိနပ်မျိုးစုံ တစ်အိတ်၊ မာမားခေါက်ဆွဲ ၃၃ ဖာ နှင့် နှစ်ကတ်တို့သည် ပလက်ဝမြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြောင်း၊ အဆိုပါပစ္စည်းများအား နယ်မြေခံတပ်မမှူးက မေ ၂၉ ရက်တွင် ပလက်ဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်လေဟာနှင့် တိုက်ပွဲရှောင်ကူညီရေးကော်မတီတို့ထံ လွှဲပြောင်းပြီး တိုက်ပွဲရှောင်ပြည်သူများနှင့် မြို့ပေါ် ၄ ရပ်ကွက်ရှိ ဒေသခံပြည်သူများအား အခမဲ့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။

ထို့ပြင် ပလက်ဝဒေသရှိ ဒေသခံပြည်သူများအတွက် WFP မှ ထောက်ပံ့သောရိက္ခာနှင့် အသုံးအဆောင်ပစ္စည်းများကို မတူပီမြို့မှ ပလက်ဝမြို့သို့ ပို့ဆောင်ရန် မေ ၂၅ ရက်တွင် မတူပီမြို့မှ ထွက်ခွာခဲ့ပြီး ဆမီးသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ရိက္ခာများကို ပလက်ဝမြို့သို့ ဆက်လက်ပို့ဆောင်ရန်အတွက် ရာသီဥတုဆိုးရွားပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပြီး အဆိုပါရိက္ခာယာဉ်များ၏ လုံခြုံရေးအတွက် လမ်းလုံခြုံရေးဆောင်ရွက်ပေးနေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆမီးနှင့် ပလက်ဝအကြား၌ AA အကြမ်းဖက်သောင်းကျန်းသူများက ယမန်နေ့ နံနက်ပိုင်းက နှောင့်ယှက်ပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း။

ပလက်ဝမြို့တွင် ရောက်ရှိပြီးဖြစ်သော ရိက္ခာများမှာ ဒေသရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် လုံလောက်မှုရှိကြောင်းနှင့် ဆမီးတွင်ရောက်ရှိနေသော ရိက္ခာများကို ရာသီဥတုကောင်းမွန်ပါက ပလက်ဝမြို့သို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့မှ သတင်းရရှိသည်။

**သတင်းစဉ်**

# Coronavirus Disease-2019(COVID-19) ရောဂါကာလကို အခွင့်ကောင်းယူ၍ မှုခင်းကျူးလွန်နေမှုများအား ပြည်သူများသို့ အသိပေးနှိုးဆော်ခြင်း

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease-2019 (COVID-19) စတင်ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ခရီးသွားလာမှုကန့်သတ်ခြင်း၊ အများပြည်သူတို့၏ လုံခြုံမှုပုံစံကန့်သတ်ခြင်း၊ မြို့/ရွာများ လူဝင်/လူထွက် စိစစ်ခြင်း၊ ခရီးသည်ပို့ဆောင်ရေး ယာဉ်၊ ရထား၊ လေယာဉ်များ ကန့်သတ်ခြင်း၊ ညမထွက်ရအမိန့် ထုတ်ပြန်ခြင်း၊ အထူးသဖြင့် Home Stay နေထိုင်စေခြင်း စသည့် အရေးပေါ်အစီအမံများအား ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ဤကဲ့သို့ ထိန်းချုပ်ဆောင်ရွက်နေရမှုများကို ဒုစရိုက်သမားများ၊ ဝိသမလောဘ စီးပွားရေးသမားများက အခွင့်ကောင်းယူ၍ အောက်ပါအတိုင်း ဆောင်ရွက်လျက်ရှိပါသည်-

(က) ဒုစရိုက်သမားများအား ပြင်ပတွင် တွေ့မြင်ရမှုနည်းပါးသွားပြီး Online နှင့် အိမ်တွင်း ကျူးလွန်မှုများအဖြစ်သို့ ပြောင်းလဲသွားခြင်း။

(ခ) ကပ်ရောဂါအပေါ် ကြောက်ရွံ့ခြင်းနှင့် စိုးရိမ်မှုလွန်ကဲလာခြင်းတို့ကြောင့် ပြည်သူများလိုအပ်သည့် အစားအသောက်နှင့် ကျန်းမာရေးအတွက် ဆေးဝါးများကို တုပမှုများလာခြင်းနှင့် ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း။

(ဂ) Home Stay ကြောင့် Online Games များ ပိုမိုအသုံးပြုလာကြရာ Cyber ဒုစရိုက်သမားများက Game နည်းလမ်းသစ်များ တီထွင်ထုတ်လွှင့်၍ ငွေကြေးလိမ်လည်မှုများ၊ ကွန်ပျူတာ ထိခိုက်ပျက်စီးရေး ရည်ရွယ်၍ Malware နှင့် Ransomware ကဲ့သို့သော Virus များနှင့် တိုက်ခိုက်လာခြင်း။

(ဃ) ဆေးရုံများ၏အင်တာနက်နှင့် ချိတ်ဆက်မှုစနစ်များ၊ အရေးပေါ်လူနာခွဲစိတ်မှုများ၊ COVID-19 ကူးစက် ရောဂါကုသမှုနှင့် လူနာစောင့်ကြည့်သည့်စနစ်များအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်း။

(င) ဒုစရိုက်သမားများသည် COVID-19 နှင့် ဆက်စပ်သော Stock ရင်းနှီးမြှုပ်နှံမှုများတွင် ရောဂါဖြစ်နေသူများ၏ အရင်းအနှီးများကို နည်းမျိုးစုံဖြင့် လိမ်လည်/ခြိမ်းခြောက်ငွေကြေး ရယူခြင်း။

(စ) လိမ်လည်သူများသည် ဆေးဝါးပစ္စည်းများ ရောင်းချရန်နှင့် ဖြန့်ဝေရာ website, e-commerce platform, social media, email များ အသုံးပြုလျက်ရှိရာ နာမည်ကြီး ကုမ္ပဏီများ၏အမည်ကို အသုံးပြု၍ ငွေလွှဲပြောင်း လိမ်လည်ရယူခြင်း။

(ဆ) တယ်လီဖုန်းများအသုံးပြု၍ COVID-19 ကပ်ရောဂါဖြင့် ဆေးရုံတက်နေရသူ၊ Quarantine စခန်းဝင်နေရသူဟု လိမ်လည်ပြောဆို၍ ပြည်သူ့ကျန်းမာရေး ကိုယ်စားလှယ်များထံ ငွေသား/ I-pay တို့ဖြင့် ဆေးဝါးကုသစရိတ်များ လိမ်လည်တောင်းခံခြင်း။

(ဇ) Online များတွင် ဆရာဝန်/အထူးကုသမားတော်များဟု ဟန်ဆောင်ထုတ်လွှင့်ပြီး ဆေးဝါးအတုများ ဝယ်ယူစေခြင်း၊ စိုးရိမ်ကြောက်ရွံ့နေသူများထံမှ email နှင့် Password များတောင်းခံ၍ website များဝင်ကြည့်စေပြီး ငွေကြေးလိမ်လည်ရယူခြင်း။

(ဈ) COVID-19 ကာကွယ်ရန် masks များနှင့် PPEs ဝတ်စုံများ၊ Alcohol Gels များ ဝယ်ယူရန် အမည်ခံ၍ ငွေကြေးများလိမ်လည်ခြင်း။

(ည) Online နှင့် ပြင်ပလူမှုနယ်ပယ်တွင် စံမမီဆေးဝါးနှင့် ပစ္စည်းများ၊ ကုသရေးဆိုင်ရာ ပစ္စည်းအတုများ ရောင်းချခြင်းနှင့် ကြော်ငြာခြင်းများ များစွာဖြစ်ပွားနေပြီး မှုခင်းများ၏ အဓိကနယ်ပယ်တစ်ခု ဖြစ်လာခြင်း။

(ဋ) တရားမဝင်ကုန်ပစ္စည်းများနှင့် စံမမီဆေးဝါးထုတ်လုပ်ရောင်းချမှုများကြောင့် ပြည်သူများ၏ အသက်အန္တရာယ်အတွက် များစွာစိုးရိမ်ဖွယ်ဖြစ်နေခြင်း။

(ဌ) ညမထွက်ရအမိန့်နှင့် Home Stay နေထိုင်စဉ် ပူပြင်းသည့်ရာသီဥတုဖြစ်၍ နေအိမ် ပြတင်းပေါက်များ နေ့/ ည ဖွင့်ထားခြင်းကြောင့် ဒုစရိုက်သားများက အခွင့်ကောင်းယူ၍ အိမ်ကျော်နင်းမှု၊ ခိုးယူမှုများကျူးလွန်ခြင်း။

(ဍ) လူ(၅)ဦးနှင့်အထက် စုဝေးခြင်း၊ သွားလာမှုမပြုရခြင်းကြောင့် လက်နက်ဖြင့် ခြိမ်းခြောက်၍ လုယက်မှု၊ ခြောက်လှန့်တောင်းယူမှုများ ကျူးလွန်ခြင်း။

(ဎ) အခြေအမြစ်မရှိသော Online ဆက်သွယ်မှုများမှ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများ၊ မမှန်သတင်းများ ထုတ်လွှင့်ခြင်း၊ ခြိမ်းခြောက်ငွေတောင်းယူမှုများ ကျူးလွန်ခြင်း။

(ဏ) Online Delivery ပို့ဆောင်သူများထံမှ ရောဂါကူးစက်နိုင်သည့်အပြင် မိမိနှင့် သိကျွမ်းမှုမရှိသော Delivery များက အစားအသောက်များတွင် မူးဝေမေ့လျော့စေသော ဆေးဝါးများထည့်သွင်း၍ အိမ်တွင်းခိုးယူမှု၊ လုယက်မှုများကျူးလွန်ခြင်း။

(တ) Mask ကို လူတိုင်းတပ်ဆင်ထားရသဖြင့် ဒုစရိုက်သမားများ အနေဖြင့် ပုံဖျက်ရန် အခွင့်ကောင်းရရှိပြီး ယာဉ်/ဆိုင်ကယ်တို့ဖြင့် ရုတ်တရက် အနီးကပ်လုယက်မှု ကျူးလွန်ခြင်း။

(ထ) Home Stay ကာလကြာမြင့်လာသည့်အတွက် မိသားစုအတွင်း၊ အဆောင်နေသူများ အချင်းချင်း အိမ်တွင်းအကြမ်းဖက်မှုခင်းများ ပိုမိုဖြစ်ပွားလာနိုင်ခြင်း။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် Cyber / Online တို့မှ လိမ်လည်နေမှုများ၊ မှုခင်းများနှင့်ပတ်သက်၍ ကျူးလွန်ခံရမှုများ မဖြစ်ပွားရအောင် အောက်ပါအချက်များကို လိုက်နာကြရန် အကြံပြုအပ်ပါသည်-

(က) မိမိနှင့် ရင်းနှီးကျွမ်းဝင်သော email များနှင့် မိမိအသုံးပြုနေသော Links များ မဟုတ်ပါက attached files များကို ဖွင့်ကြည့်ခြင်း မပြုရန်။

(ခ) မိမိ email နှင့် databases များကို ပုံမှန်စစ်ဆေးခြင်း၊ online / offline အသုံးပြု၍ backup လုပ်ထားရန်။

(ဂ) လုံခြုံမှုအပြည့်အဝရှိမည့် password ကိုအသုံးပြုရန်။

(ဃ) Antivirus software နှင့် မိမိကွန်ပျူတာရှိ software များကို update ပြုလုပ်ရန်။

(င) Social media များ၏ လုံခြုံရေးစနစ်ကို ခိုင်မာမှုရှိအောင် စီမံရန်။

(စ) မိမိနေအိမ်တွင်အသုံးပြုသော network အား လုံခြုံမှုစနစ် သေချာတပ်ဆင်ရန်။

(ဆ) မိသားစုဝင်များ၊ အထူးသဖြင့် ကလေးသူငယ်များအား Online စနစ်လုံခြုံမှုနှင့်ပတ်သက်၍ ပညာပေးပြောကြားရန်။

(ဇ) လူသွားလူလာပြတ်သည့်နေရာများ၊ လမ်းများတွင် လုယက်မှုကျူးလွန်ခြင်းများ၊ အိမ်တွင်းအကြမ်းဖက်မှုများ ဖြစ်ပွားနိုင်သည်ကို သတိပြုကြရန်။

၄။ COVID-19 ကာလအတွင်း ဒုစရိုက်သမားများနှင့် ဝိသမလောဘ စီးပွားရေးသမားများက ကျူးလွန်လျက်ရှိသည့် ဆောင်ရွက်ချက်များအပေါ် အများပြည်သူကလည်း အသိ/သတိရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ပါရန်နှင့် မြို့/ရွာ၊ ရပ်ကွက်များအတွင်း ထူးခြားမှု၊ မသင်္ကာဖွယ်ရာတွေ့ရှိမှု တစ်စုံတစ်ရာရှိလာပါက လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လှည့်ကင်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ၊ နယ်မြေအလိုက် အရေးပေါ်ဆက်သွယ်အကြောင်းကြားနိုင်သည့် နီးစပ်ရာရဲစခန်းဖုန်းနံပါတ်များသို့ ဆက်သွယ်အကြောင်းကြားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး
အမျိုးသားအဆင့်ဗဟိုကော်မတီ

## ကယားပြည်နယ်မှ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသောပြည်သူများ၏ စားနပ်ရိက္ခာအတွက် ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၃၀၀ လှူဒါန်း




**နေပြည်တော် မေ ၂၈**

ကယားပြည်နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသော စောင့်ကြည့်လူနာများ၏ စားနပ်ရိက္ခာအတွက် ငွေကျပ်သိန်း ၃၀၀ ကို မေ ၂၈ ရက်တွင် ကမ္ဘောဇဘဏ်က ကယားပြည်နယ်အစိုးရအဖွဲ့သို့ လှူဒါန်းခဲ့ရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက လက်ခံရယူသည်။

ကယားပြည်နယ်တွင် အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသော စောင့်ကြည့်လူနာများအနက်မှ နေ့စဉ်စားသောက်စရိတ်အခက်အခဲရှိသော ပြည်သူတစ်ဦးလျှင် တစ်ရက်ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အစားအသောက်များ ပံ့ပိုးပေးနိုင်ရန်အတွက် ငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇဘဏ်က ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘောဇဘဏ်သည် ကယားပြည်နယ်အတွင်း ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေသောဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် လိုအပ်သည့် ဆေးရုံသုံးအထောက်အကူပြုပစ္စည်းများလည်း လှူဒါန်းလျက်ရှိသည်။ ကယားပြည်နယ်အတွင်း ရောဂါကာကွယ်ကုသရေးအတွက် အသက်ရှူစက်၊ အောက်ဆီဂျင်စက်များနှင့် Patient Monitorများ၊ CE standard PPE ဝတ်စုံများ၊ N95 Mask ဆေးရုံသုံးနှာခေါင်းစည်းများ၊ ဆေးရုံသုံးလက်အိတ်များ၊ မျက်မှန်များ၊ သာမိုမီတာများ၊ Hand Gel ဘူးများနှင့် လက်သန့်ဆေးရည်များကိုလည်း ဧပြီလဆန်းပိုင်းက လှူဒါန်းခဲ့ပြီးဖြစ်သည်။

ထို့အပြင် ချင်းပြည်နယ်အတွင်းရှိ အသွားအလာကန့်သတ်စောင့်ကြည့်မှုခံယူနေသော စောင့်ကြည့်လူနာများအနက်မှ နေ့စဉ်စားသောက်စားရိတ် အခက်အခဲရှိသော ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀၀ ကို ချင်းပြည်နယ်အစိုးရသို့ မေ ၂၇ ရက်က လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် လက်ရှိအချိန်၌ KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International(MAI)နှင့်Air KBZ လေကြောင်းလိုင်းတို့က ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ငွေကျပ်သိန်းပေါင်း ၃၃,၀၇၄ လှူဒါန်းခဲ့ပြီးဖြစ်သည်။

**ကိုကျော်**

## ကော့သောင်းမြို့တွင် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအတွက် အသွားအလာကန့်သတ်စောင့်ကြည့်စခန်း ၁၅ နေရာ တိုးချဲ့ဖွင့်လှစ်ပြင်ဆင်ထား

**ကော့သောင်း မေ ၂၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ထိုင်းနိုင်ငံ ရနောင်းမြို့မှ ပြန်လည်ဝင်ရောက်လာမည့် မြန်မာအလုပ်သမားများ ရောက်ရှိလာပါက ကိုဗစ်–၁၉ ရောဂါကူးစက်မှု ကာကွယ်၊ ထိန်းချုပ်နိုင်ရေး အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများ ထပ်မံတိုးချဲ့ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ကော့သောင်းမြို့အနေဖြင့် ကိုဗစ်–၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ရောဂါဖြစ်ပွားမှုအစပိုင်းကာလများက အသွားအလာကန့်သတ်စောင့်ကြည့်စခန်း (၄)နေရာ ဖွင့်လှစ်ကာ ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ ရောက်ရှိလာပါက ထားရှိစောင့်ကြည့်နိုင်ရေးစောင့်ကြည့်စခန်း (၁၅)နေရာအထိ ထပ်မံတိုးချဲ့ဖွင့်လှစ်ပြင်ဆင်ထားပြီး လူဦးရေ ၇၀၀ ခန့် ထားရှိစောင့်ကြည့်နိုင်ရေး ပြင်ဆင်ထားရှိကြောင်း၊ ကော့သောင်းခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် ဘုတ်ပြင်းမြို့နယ်တွင် စောင့်ကြည့်စခန်း(၁၃)နေရာဖြင့် ၃၆၅ ဦး၊ ခမောက်ကြီးမြို့တွင် စောင့်ကြည့်စခန်း(၇)နေရာဖြင့် ၁၄၅ ဦး၊ ပြည်ကြီးမဏ္ဍိုင်မြို့တွင် စောင့်ကြည့်စခန်း(၇)နေရာဖြင့် ၁၇၀၊ ကရသူရိမြို့တွင် စောင့်ကြည့်စခန်း(၈)နေရာဖြင့် ၁၄၀၊ ကော့သောင်းတစ်ခရိုင်လုံးအနေဖြင့် စောင့်ကြည့်စခန်းနေရာ(၅၀)တွင် လူဦးရေ စုစုပေါင်း ၁၄၉၆ ဦးအထိ လိုက်လံစောင့်ကြည့်မှုများ ဆောင်ရွက်ရန်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက စောင့်ကြည့်စခန်းများအား ခရိုင်နှင့် မြို့နယ် ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက စောင့်ကြည့်ပြည်သူများထားရှိနိုင်ရေး ပြင်ဆင်ထားမှုအခြေအနေနှင့် နေထိုင်စားသောက်ရေး၊ သောက်သုံးရေလိုအပ်မှု၊ အမှိုက်စွန့်ပစ်စနစ်နှင့် မိလ္လာစနစ်အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြပြီး လိုအပ်သည်များကို ပေါင်းစပ်စီမံဆောင်ရွက်ခဲ့ကြသည်။

ထိုင်း–မြန်မာ နယ်စပ်မြို့ဖြစ်သည့် ကော့သောင်းမြို့တွင်းသို့ နယ်စပ်ဂိတ်များ ပိတ်သိမ်းထားသည့်ကာလ၌ ထိုင်းနိုင်ငံ ရနောင်းမြို့မှ မြန်မာနိုင်ငံသားတချို့ ညအချိန် ပါချန်မြစ်ကြောင်းကို ဖြတ်သန်း၍ ခိုးဝင်မှုများအား ရောဂါကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်ရေး တာဝန်ရှိအဖွဲ့အစည်းများ ကြပ်မတ်စောင့်ကြည့်မှုများ ဆောင်ရွက်လျက်ရှိသည်။ ထိုင်းနိုင်ငံအတွင်းရှိ တရားဝင်မြန်မာအလုပ်သမားများအား ထိုင်းအစိုးရက ဗီဇာကင်းလွတ်ခွင့် ဇူလိုင်လအထိ တိုးမြှင့်ပေးထားကာ အလုပ်ရပ်နားထားသည့်ကာလအတွင်း လုပ်ခလစာတစ်ဝက်ပေးထားသော်လည်း ရေရှည်ရပ်တည်မှုအခက်အခဲများကြောင့် ထိုင်းနိုင်ငံ ရနောင်းမြို့တွင် ကော့သောင်းမြို့သို့ ပြန်လည်ဝင်ရောက်လာနိုင်သည့် နေရပ်ပြန် မြန်မာနိုင်ငံသား ၁၀၀၀ ကျော်ခန့်ရှိနေနိုင်ကြောင်း ဒေသတွင်း သတင်းများအရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**





## ဟိုင်းကြီးကျွန်းမြို့ပေါ် ရပ်ကွက်များရှိ လမ်းများကို ပိုးသတ်ဆေးဖျန်း

**ဟိုင်းကြီးကျွန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ မြို့ပေါ်ရပ်ကွက်များရှိ လမ်းများကို ယနေ့နံနက်ပိုင်းမှစတင်ကာ ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ တပ်မတော်သားများက မီးသတ်ယာဉ်တစ်စီးဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို နေရာအနှံ့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရပ်ကွက်လမ်းများကို ဆေးဖျန်းပေးခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းနှင့် ဟိုင်းကြီးကျွန်းမြို့ အမှတ်(၁)ရပ်ကွက်ရှိ လမ်းများကို ယနေ့ နံနက်ပိုင်းမှ စတင်ဆောင်ရွက်လာခဲ့ပြီး အမှတ်(၂) ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်တို့ရှိ လမ်းများကို ဆေးဖျန်းခြင်းတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

## ကိုဗစ်–၁၉ ပညာပေးပိုစတာများ ဖြန့်ဝေ

**လက်ပံတန်း မေ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မေ ၂၈ ရက်က Unicef နှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ကာကွယ်ရေးပညာပေးပိုစတာများအား မြို့မဈေးကြီး ဝင်ပေါက်/ထွက်ပေါက်များ၊ မီးရထားဘူတာရုံ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများတွင် စိုက်ထူပေးခြင်း၊ မြို့နယ်စောင့်ကြည့်စစ်ဆေးရေးစခန်း ၁၂ ခုအတွက် ဗီနိုင်း ပိုစတာ ငါးမျိုးစီအား မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းနှင့် ကျေးရွာအုပ်စု ၄၉ အုပ်စုသို့လည်း ပညာပေးပိုစတာများကပ်ခြင်း၊ ဖြန့်ဝေခြင်းတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**



# ကိုရိုနာဗိုင်းရပ်စ် (COVID-19) ကြောင့် ရိုက်ခတ်လာမည့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် နိုင်ငံရေးအကျိုးဆက်များ

တက္ကသိုလ်ဟန်စိုးဦး

**(ဧပြီ ၂၅ ရက်မှအဆက်)**

တစ်နည်းအားဖြင့် ငွေကြေးဈေးကွက်မှာလည်း မသေချာမရေရာမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် ရင်းနှီးမြှုပ်နှံသူတွေဟာလည်း သိပ်ပြီးစွန့်စားမှုတွေ မလုပ်ချင်ကြတဲ့ အနေအထားရှိပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေတဲ့ကာလမှာ ဘဏ်တွေမှာ ငွေသွင်း/ငွေထုတ်မှုတွေလည်း လျော့နည်းကျဆင်းခဲ့တာကြောင့် ဘဏ်တွေလည်း ဝင်ငွေလျော့နည်းသွားမယ့် အခြေအနေမှာရှိပါတယ်။ ဒါကြောင့် ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှု အချိန်ကာလရှည်ကြာခဲ့မယ်ဆိုရင် စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးဈေးကွက်အပေါ် သက်ရောက်မှုတွေ ပိုမိုများပြားမှာ ဖြစ်ပါတယ်။

အခု ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားနေတဲ့ကာလမှာ စီးပွားရေးအရ ရိုက်ခတ်မှုဒဏ်ချက်ကို ကုစားနိုင်ဖို့ နိုင်ငံအလိုက် ဆောင်ရွက်ပေးမယ့် အစီအစဉ်တွေကို သက်ဆိုင်ရာ အစိုးရတွေက ကြေညာခဲ့တာတွေရှိပါတယ်။ တရုတ်နိုင်ငံမှာဆိုရင် လေကြောင်းလိုင်းတွေ အပါအဝင် ငွေကြေးလည်ပတ်မှု အခက်အခဲကြုံတွေ့နေရတဲ့ စီးပွားရေးကုမ္ပဏီကြီးတွေကို အထူးချေးငွေထုတ်ချေးခြင်း၊ ငွေကြေးအရ အထောက်အပံ့ပေးခြင်း အစီအစဉ်တွေ ဆောင်ရွက်ခဲ့ပါတယ်။ အမေရိကန်နိုင်ငံမှာလည်း မတ်လ ၃ ရက်နေ့က အရေးပေါ်အခြေအနေအဖြစ် Federal Reserve Bank က အတိုးနှုန်းလျှော့ချခြင်း ပြုလုပ်ခဲ့သလို ငွေကြေးအကျပ်အတည်းတစ်ရပ်အထိ ဖြစ်မလာစေဖို့ အခြားဘဏ်လုပ်ငန်း ကြီးကြပ်သူတွေနဲ့ ညှိနှိုင်းပြီး အခက်အခဲကြုံတွေ့နေရတဲ့ စီးပွားရေးလုပ်ငန်းတွေကို အကူအညီပေးနိုင်ဖို့လည်း ဆောင်ရွက်ခဲ့ပါတယ်။ သမ္မတဒေါ်နယ်ထရမ့်ကလည်း လစာဝင်ငွေခွန်နှုန်းထားတွေ လျှော့ချဖို့နဲ့ ထိခိုက်မှုရှိတဲ့ အချိန်ပိုင်းအလုပ်သမားတွေ၊ စက်ရုံ၊ အလုပ်ရုံတွေအတွက် အထောက်အပံ့တွေပေးဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အလားတူ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ အီတလီနိုင်ငံ၊ အရှေ့တောင်အာရှ နိုင်ငံတွေဟာလည်း စီးပွားရေးအရ အကူအညီ အထောက်အပံ့ပေးမယ့် အစီအစဉ်တွေ (economic stimulus package) ကို ထုတ်ပြန်ကြေညာခဲ့ကြပါတယ်။ ဒီအစီအစဉ်တွေ လုံလောက်မှုရှိ/မရှိ ဆိုတဲ့အချက်ဟာ ကိုဗစ် - ၁၉ ကူးစက်ရောဂါကို ထိန်းချုပ်နိုင်မှုအခြေအနေ၊ စီးပွားရေးကျဆင်းမှုကြောင့် ဖြစ်ပေါ်လာနိုင်တဲ့ အကျိုးဆက်တွေကို ကိုင်တွယ်နိုင်မယ့် ထိရောက်တဲ့ အခြားစီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်တွေအပေါ်မှာလည်း များစွာ တည်မှီနေပါတယ်။




တရုတ်နိုင်ငံရှိ ဂျပန်နိုင်ငံ မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းခွင်တစ်ခု။

မတ်လအတွင်းက ကျင်းပခဲ့တဲ့ G-20 ဘဏ္ဍာရေးဝန်ကြီးများနဲ့ ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးများအစည်းအဝေးမှာ ငွေကြေးဆိုင်ရာ အထောက်အကူပြုအစီအစဉ်တွေ ဆောင်ရွက်သွားဖို့ ဆွေးနွေးခဲ့ပေမယ့် သေချာရေရာတဲ့ အစီအစဉ်မျိုး ဖော်ထုတ်ခဲ့တာတော့ မတွေ့ရပါဘူး။ ဝင်ငွေနည်းပါးတဲ့ နိုင်ငံတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က ဒေါ်လာ ဘီလီယံ ၅၀ နဲ့ ကမ္ဘာ့ဘဏ်က ဒေါ်လာ ၁၂ ဘီလီယံ ကူညီထောက်ပံ့ဖို့ လျာထားကြောင်း ထုတ်ဖော်ကြေညာခဲ့ကြပါတယ်။

ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပွားတဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုကို ကမ္ဘာ့ငွေကြေး အကျပ်အတည်းဖြစ်စဉ်က စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုတွေနဲ့ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ ကိုဗစ်-၁၉ ရဲ့အကျိုးသက်ရောက်မှုက ပိုမိုပြီးဆိုးရွားနိုင်တာကို လေ့လာတွေ့ရှိရပါတယ်။ ပထမအချက်အနေနဲ့ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဝယ်လိုအားမတည်မငြိမ်ကျဆင်းမှု (Demand shock) ဟာ ရင်းနှီးမြှုပ်နှံမှု စီးဝင်ခြင်းတွေ လျော့နည်းသွားစေဖို့ အကြီးမားဆုံး ရိုက်နှက်ချက်ပဲဖြစ်သလို ချက်ချင်းအကျိုးသက်ရောက်မှုလည်းရှိပါတယ်။ ဒုတိယအချက်က ဖွံ့ဖြိုးဆဲနိုင်ငံတွေရော၊ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာပါ ရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းနဲ့အတူ ငွေလုံးငွေရင်းသုံးစွဲမှုတွေကိုလည်း လျှော့ချလာကြမှာ ဖြစ်ပါတယ်။ တတိယအချက်ကတော့ လက်ရှိ ကိုဗစ် - ၁၉ ကပ်ရောဂါဟာ ငွေကြေးကဏ္ဍနဲ့ တိုက်ရိုက်ဆက်နွယ်တဲ့ အကျပ်အတည်း မဟုတ်သော်လည်း စီးပွားရေးကဏ္ဍတွေအပေါ် ရိုက်ခတ်မှုကြီးမားတာကြောင့် ငွေကြေးဆိုင်ရာ ကတိကဝတ်တွေ ပျက်ယွင်းခြင်းနဲ့အတူ ကမ္ဘာလုံးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီးဆင်းခြင်းအပေါ် ထိခိုက်လာမယ့် ဆင့်ကဲဖြစ်စဉ်တွေ ရှိလာမှာဖြစ်ပါတယ်။

ဒီကာလအတွင်း ထူးခြားချက်တစ်ခုအနေနဲ့ ကြားသိရတဲ့ သတင်းကတော့ ဂျပန်နိုင်ငံအစိုးရဟာ တရုတ်နိုင်ငံအတွင်းမှာ သွားရောက်လုပ်ငန်းဆောင်ရွက်နေကြတဲ့ ဂျပန်စီးပွားရေးကုမ္ပဏီတွေ တရုတ်နိုင်ငံတွင်းကနေ ပြန်လည်ပြောင်းရွှေ့ ထွက်ခွာနိုင်ဖို့အတွက် အကူအညီပေးနိုင်ဖို့ ဂျပန်ယန်းငွေ ၂၄၃ ဒသမ ၅ ဘီလီယံ (ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံ) ကို လျာထားကြောင်း ကြေညာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဒီထပ်တိုးဘတ်ဂျက်ကနေ ဂျပန်နိုင်ငံအတွင်း ပြန်လည်ပြောင်းရွှေ့ လုပ်ကိုင်ကြမယ့် ကုမ္ပဏီတွေအတွက် ယန်း ဘီလီယံ ၂၀၀၊ အခြားနိုင်ငံတွေကို ပြောင်းရွှေ့အခြေချလုပ်ကိုင်ကြမယ့် ကုမ္ပဏီတွေအတွက် ယန်း ၄၃ ဒသမ ၅ ဘီလီယံကို သုံးစွဲသွားမယ်လို့ ဂျပန်အစိုးရက ကြေညာခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ဂျပန်နိုင်ငံရဲ့ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း တရုတ်နိုင်ငံမှာ စက်ရုံ၊ အလုပ်ရုံတွေ ခေတ္တရပ်နားမှုကြောင့် ဂျပန်နိုင်ငံရဲ့ မော်တော်ကားကုမ္ပဏီတွေအတွက် လိုအပ်နေတဲ့ ကားအစိတ်အပိုင်းပစ္စည်းတွေ၊ အပိုပစ္စည်းတွေနဲ့ အခြားထုတ်လုပ်မှုလုပ်ငန်းတွေအတွက် အခြေခံကုန်ကြမ်းပစ္စည်းတွေ တရုတ်ဘက်က ပေးပို့မှုရပ်ဆိုင်းခဲ့တာကြောင့် ဂျပန်နိုင်ငံဟာ ကုန်ထုတ်လုပ်ငန်းအတွက် တရုတ်နိုင်ငံအပေါ် အလွန်အမင်းမှီခိုနေရမှုကို ပြန်လည်စဉ်းစားဆောင်ရွက်လာခဲ့တာ ဖြစ်ပါတယ်။ ဒီမူဝါဒအပြောင်းအလဲကြောင့် တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံအကြား ဆက်ဆံရေးအပေါ် သက်ရောက်မှုရှိလာနိုင်မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ရောဂါ တရုတ်နိုင်ငံတွင်း စတင်ဖြစ်ပွားခဲ့ချိန်မှာ ဂျပန်နိုင်ငံက တရုတ်နိုင်ငံအတွက် အကူအညီတွေ ပေးအပ်ခဲ့တာရယ်၊ ဂျပန်နိုင်ငံ Fujifilm Holdings Corp. က ထုတ်လုပ်နေတဲ့ Avigan ဆေးဝါးဟာ ကိုဗစ်-၁၉ ကုသဖို့အတွက် ထိရောက်တဲ့ ဆေးဝါးဖြစ်လာနိုင်တယ်လို့ တရုတ်နိုင်ငံက ချီးကျူးပြောဆိုခဲ့မှုတွေကြောင့် နှစ်နိုင်ငံဆက်ဆံရေး နွေးထွေးတဲ့သဘောရှိခဲ့ရာကနေ အခုလို အပြောင်းအလဲတွေ ဖြစ်ပေါ်လာခဲ့တာ ဖြစ်ပါတယ်။



ကိုဗစ် - ၁၉ အလွန်ကာလတွင် စီးပွားရေးလုပ်ငန်းကြီးများအနေဖြင့် အချို့ကျွမ်းကျင်ကဏ္ဍများအတွက် work from home အစီအစဉ်ကို အကောင်အထည်ဖော်လာမည့်ပုံရိပ်များ။

အလားတူ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေကလည်း တရုတ်နိုင်ငံမှာ လာရောက်ဖွင့်လှစ်ထားတဲ့ စက်ရုံတွေကို မိမိတို့နိုင်ငံတွင်း ပြန်လည်ပြောင်းရွှေ့ဖို့ (ဒါမှမဟုတ်) တရုတ်နိုင်ငံပြင်ပ နိုင်ငံတစ်ခုခုဆီကို ပြောင်းရွှေ့ဖို့ စဉ်းစားလာကြပါတယ်။ အမေရိကန်အပါအဝင် အနောက်နိုင်ငံက စီးပွားရေးလုပ်ငန်းကြီးတွေဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ခန့်က တရုတ်နိုင်ငံတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်ခဲ့ကြတဲ့ အဓိကအချက်တွေက ကုန်ကျစရိတ်သက်သာမှုနဲ့ ကြီးမားတဲ့ ဈေးကွက်ကြီးရှိနေမှုကြောင့် ဖြစ်ပါတယ်။ သို့သော်လည်း နောက်ပိုင်းမှာ အမေရိကန်နိုင်ငံနဲ့ တရုတ်နိုင်ငံအကြား ကုန်သွယ်ရေးဆိုင်ရာ အငြင်းပွားမှုတွေ၊ ပဋိပက္ခတွေ ကြီးမားလာတဲ့အခါ တရုတ်နိုင်ငံက သွင်းကုန်တွေအပေါ် အမေရိကန်က အခွန်အကောက်နှုန်းထားတွေ တိုးမြှင့်တာတွေ၊ ပိတ်ပင်မှုတွေ ပြုလုပ်လာတဲ့ အန္တရာယ်တွေ များပြားလာတာကြောင့် တရုတ်နိုင်ငံတွင်းကနေ လုပ်ငန်းတွေ ရွှေ့ပြောင်းဖို့ ၂၀၁၉ ခုနှစ်လောက်ကတည်းက စတင်စဉ်းစားလာခဲ့ကြပါတယ်။ အခု ၂၀၂၀ ပြည့်နှစ်မှာ ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားလာတဲ့အခါ အနောက်နိုင်ငံတွေအနေနဲ့ သူတို့နိုင်ငံတွင်းမှာ လိုအပ်နေတဲ့ မဟာဗျူဟာကျတဲ့ ကုန်ပစ္စည်းတွေအတွက် တရုတ်နိုင်ငံအပေါ်မှာ အလွန်အမင်းမှီခိုနေရတယ်ဆိုတာ တွေ့လာခဲ့ကြပါတယ်။ ဥပမာတစ်ခုပြရရင် Ibuprofen ဆေးဝါးဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ထုတ်လုပ်တဲ့ Ibuprofen ဆေးဝါးပမာဏ အများအပြားကို တရုတ်နိုင်ငံမှာထုတ်လုပ်တာ ဖြစ်ပါတယ်။ အလားတူ အမေရိကန်နိုင်ငံက ဆေးရုံတွေမှာ အခု အပူတပြင်းလိုအပ်နေတဲ့ အသက်ရှူစက်တွေကိုလည်း အမေရိကန်ကုမ္ပဏီတွေဖြစ်တဲ့ GM နဲ့ Telsa တို့က ထုတ်လုပ်ပေးနေသော်လည်း လိုအပ်သလောက် ပမာဏကို ထုတ်လုပ်ပေးနိုင်ခြင်း မရှိတာတွေ့ရပါတယ်။ ခွဲစိတ်ခန်းသုံး N95 နှာခေါင်းစည်းတွေကိုလည်း 3M ကုမ္ပဏီက အများအပြား ထုတ်လုပ်ပေးနေပေမယ့် လိုအပ်နေတဲ့ နှာခေါင်းစည်းသုံးပုံနှစ်ပုံကို အာရှဒေသကနေ တင်သွင်းနေရဆဲ ဖြစ်ပါတယ်။ ဒါကြောင့် ရေရှည်မှာ အမေရိကန်အပါအဝင် အနောက်နိုင်ငံတွေဟာ အနည်းဆုံးအားဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှု လုပ်ငန်းတွေကို နိုင်ငံတွင်း ပြန်လည်ပြောင်းရွှေ့ခြင်း (သို့မဟုတ်) တတိယနိုင်ငံတစ်ခုခုကို ပြောင်းရွှေ့အခြေချခြင်းတို့ကို ဆောင်ရွက်လာမှာ ဖြစ်ပါတယ်။

နောက်တစ်ချက်က ကိုဗစ်-၁၉ ကြောင့် လူမှုအဖွဲ့အစည်းအချို့အကြား အရိုးစွဲနေတဲ့ လုပ်ပုံကိုင်ပုံတွေလည်း အပြောင်းအလဲရှိလာနိုင်မှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာဆိုရင် ဝန်ထမ်းတွေဟာ ရုံးမှာ အချိန်နာရီပေါင်းများစွာကုန်ဆုံးကြပြီး ညဥ့်နက်ပိုင်းရောက်မှ မိတ်ဆွေတွေနဲ့ ညစာစားသောက်ကြတဲ့ အမူအကျင့်ဟာ အောင်မြင်မှုအတွက် အမှတ်သင်္ကေတတစ်ရပ်အဖြစ် ဆယ်စုနှစ်ပေါင်းများစွာ လက်ခံလာခဲ့ကြတာ ဖြစ်ပါတယ်။ ဒီလိုအလုပ်အပေါ်မှာ စွဲစွဲလမ်းလမ်းထားရှိမှု (Workaholic culture) အစဉ်အလာဟာ ကိုဗစ်-၁၉ ကြောင့် အပြောင်းအလဲတွေ စဖြစ်လာခဲ့ပါတယ်။ စီးပွားရေးကုမ္ပဏီတွေအနေနဲ့ အဝေးကနေလှမ်းပြီး အလုပ်လုပ်ခြင်း (remote work) ဟာလည်း အလုပ်ဖြစ်ကြောင်း တွေ့ရှိလာခဲ့ကြပါတယ်။ ဂျပန်နိုင်ငံရဲ့ ထိပ်တန်းကုမ္ပဏီကြီးတွေဖြစ်တဲ့ Panasonic နဲ့ Unicharm တို့ဟာ အခုဆိုရင် အဝေးကနေလှမ်းပြီး အလုပ်လုပ်တဲ့စနစ်ကို စတင်နိုင်ဖို့ ကြိုးပမ်းနေကြမှုဟာ အခုဆိုရင် ဂျပန်နိုင်ငံမှာ လူအများစိတ်ဝင်စားတဲ့ ခေါင်းကြီးပိုင်းသတင်းတွေ ဖြစ်လာနေပါတယ်။ အလားတူ စီးပွားရေးလုပ်ငန်းတွေ၊ ဝန်ဆောင်မှုလုပ်ငန်းတွေဟာလည်း အခုဆိုရင် အင်တာနက်ကတစ်ဆင့် ရောင်းချမှုဘက်ကို ပြောင်းရွှေ့လာကြမယ့် အလားအလာတွေလည်း များပြားလာနေပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

*(မှတ်ချက်။ ယခုဆောင်းပါးတွင် ဖော်ပြထားသော အချက်အလက်များသည် စာရေးသူ၏ သဘောထားအမြင်၊ အဖွဲ့အစည်းတစ်ရပ်၏ သဘောထားအမြင်ကို ထင်ဟပ်ခြင်းမရှိဘဲ သက်ဆိုင်ရာနိုင်ငံများ၊ ပညာရှင်များ၊ အဖွဲ့အစည်းများ၏ အယူအဆများကို လေ့လာစုစည်းရေးသားထားခြင်းသာဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။)*

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြု Robotic Trolley ကို ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၌ စမ်းသပ်ပြုလုပ်

ဗန်းမော် ဧပြီ ၂၈

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာမေဖြိုးဦးက ဦးဆောင်ကြီးကြပ်၍ ကွန်ပျူတာသိပ္ပံကျောင်းသားများနှင့် ကွန်ပျူတာ နည်းပညာကျောင်းသားများ စုစုပေါင်းခုနစ်ဦးတို့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အတွက် အထောက်အကူပြု အလိုအလျောက်ပို့ဆောင်ပေးသော တွန်းလှည်းကို ဆေးရုံများတွင် အသုံးပြုနိုင်ရန်အတွက် ဧပြီ ၂၄ ရက်က စတင်၍ စမ်းသပ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**အကျိုးကျေးဇူးများရရှိ**

အလိုအလျောက်ပို့ဆောင်ပေးသော တွန်းလှည်းစမ်းသပ်ပြုလုပ်မှုကို အောင်မြင်စွာ ပြီးဆုံးသွားပါက လုပ်သားအင်အားသက်သာစွာ စီမံခန့်ခွဲနိုင်ခြင်း၊ လူလူချင်း ထိတွေ့မှုမရှိ၍ ရောဂါကူးစက်မှုနှုန်းကို လျော့ကျစေခြင်း၊ အချိန်နှင့်တစ်ပြေးညီ လိုအပ်သောပစ္စည်းများအား လျင်မြန်စွာ သယ်ယူပို့ဆောင်ပေးနိုင်ခြင်း၊ အချိန်ကုန်သက်သာစေ၍ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးရန် အသုံးပြုနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ကြောင်းနှင့် လိုအပ်ချက်များကို ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးလျက်ရှိကြောင်း ဒုတိယပါမောက္ခချုပ် ဒေါက်တာမေဖြိုးဦးထံမှ သိရသည်။

အဆိုပါ ဖန်တီးပြုလုပ်နေသော အလိုအလျောက်ပို့ဆောင်ပေးသော တွန်းလှည်းကို နိုင်ငံတော်အတွက် အထူးလိုအပ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်ရေးနှင့် စောင့်ကြည့်စစ်ဆေးရေး တို့တွင် အကျိုးရှိ ထိရောက်စွာ လက်တွေ့အသုံးချ အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော မူဝါဒများနှင့် အညီ လုပ်ငန်းလမ်းညွှန်ချက်များအတိုင်း စွမ်းစွမ်းတမံ အကောင်အထည်ဖော် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ကိန်း(ဗန်းမော်)



# အင်းစိန်တညင်းကုန်း ကုန်စိမ်းဈေးသစ်ကြီး၌ ယာယီဈေးဆိုင်ခန်းပေါင်း ၁၅၀ ကျော် ဖွင့်လှစ်ရောင်းချ

ရန်ကုန် ဧပြီ ၂၈

အနယ်နယ်အရပ်ရပ်မှ ဟင်းသီးဟင်းရွက်ကုန်စိမ်းဈေးကြီးဖြစ်သည့် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် တညင်းကုန်း ကုန်စိမ်းဈေးသစ်ကြီး၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးရည်ရွယ်ကာ ယာယီဈေးဆိုင်နေရာများအား ဆိုင်ခန်းတစ်ခန်းလျှင် ရှစ်ပေပတ်လည် အကျယ်နှင့် တစ်ဆိုင်နှင့်တစ်ဆိုင် ခြောက်ပေစီခြား၍ လူစုလူဝေးမဖြစ်ပေါ်စေရေးနှင့် ဟင်းသီးဟင်းရွက် ကုန်စိမ်းများကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် တညင်းကုန်းကုန်စိမ်းဈေးသစ်ကြီးအတွင်းရှိ ဈေးရုံသစ်ကြီးထဲ၌ ဧပြီ ၂၆ ရက်မှ ယာယီဆိုင်ခန်းပေါင်း ၁၅၀ ကျော်ဖြင့် စတင်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း အင်းစိန်မြို့နယ် စည်ပင်သာယာရေး ကော်မတီမှ သိရသည်။



အဆိုပါ ဈေးသစ်ကြီးအတွင်း ရောင်းချလျက်ရှိသော ဈေးသည်၊ ဈေးဝယ်များ အဆင်ပြေစေရေးအတွက် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းသန်းနှင့် အတွင်းရေးမှူး ဦးဝင်းနိုင်၊ စည်ပင်ဝန်ထမ်းများ၊ ဈေးမန်နေဂျာ၊ ဈေးဝန်ထမ်းများနှင့်အတူ စနစ်တကျနေရာချထားပေးခြင်း၊ အမှိုက်ပုံးများ ထားရှိစေခြင်း၊ သတ်မှတ်အကွာအဝေးမှ ဝယ်ယူရောင်းချနိုင်ရေး၊ နှာခေါင်းစည်းများ၊ လက်အိတ်များ ဝတ်ဆင်ရောင်းချရေး၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ရေး၊ ဈေးဝယ်သူများကလည်း နှာခေါင်းစည်းများ တပ်ဆင်ထားခြင်းနှင့် လက်ဆေးခြင်းများကို လိုက်နာခြင်းများရှိ၊ မရှိ လိုက်လံစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း

# ကြက်သားများကို ဈေးနှုန်းသက်သာစွာဖြင့် လိုက်လံပို့ဆောင် ရောင်းချပေးလျက်ရှိ

ရန်ကုန် ဧပြီ ၂၈

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေအိမ်၌ နေထိုင်ရေးအစီအစဉ်တွင် ပါဝင်သောမြို့နယ်များမှ ပြည်သူများ စားသောက်မှု အဆင်ပြေစေရန် ရည်ရွယ်၍ လူထုအခြေပြု ပရဟိတအဖွဲ့ We Love Yangon က ကြက်သားများကို ဈေးနှုန်းသက်သာစွာဖြင့် လိုက်လံပို့ဆောင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

"လောလောဆယ်တော့ ကြက်သားတစ်မျိုးပဲ ရောင်းပေးပါသေးတယ်။ နောက်မှ အသားမျိုးစုံ၊ ဟင်းသီးဟင်းရွက်မျိုးစုံကို ဆက်လက်ရောင်းချပေးသွားမှာပါ။ အခုကက Stay at home အစီအစဉ်မှာ ပါဝင်တဲ့မြို့နယ်တွေကို အဓိက ထားတာပါ။ ဒါပေမယ့် အခြားမြို့နယ်တွေက မှာရင်လည်း ပို့ပေးပါတယ်"ဟု We Love Yangon က စေတနာ့ဝန်ထမ်းတာဝန်ခံ ကိုဖြိုးက ပြောသည်။ မှာယူလိုသူများအနေဖြင့် လက်ရှိတွင်၂၅ ကျပ်သား ကြက်သား တစ်ထုပ် ကျပ် ၁၀၀၀ ၊ ကြက်သည်းမြစ် တစ်ထုပ် ကျပ် ၁၀၀၀ နှင့် ကြက်ခြေထောက်၊ ခေါင်း ကျပ် ၅၀၀ တို့ကို နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ဖုန်း-၀၉ - ၄၃၀၆၈၃၅၄၊ ၀၉ - ၇၉၅၀၀၉၂၀၂ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

"မနက်ပိုင်းမှာရင် ညနေပိုင်းအရောက် ပို့ဆောင်ပေးပါတယ်။ မွန်းလွဲ ၁ နာရီ နောက်ပိုင်းမှာတဲ့ အော်ဒါတွေကိုတော့ နောက်နေ့မနက်အစောပိုင်းအရောက် ပို့ဆောင်ပေးပါတယ်။ အသားငါးရောင်းတဲ့ အစီအစဉ်က မနေ့ကမှ စတာပါ။ မနေ့ကဆိုရင် ခြောက်မြို့နယ်လောက် ပို့ရတယ်။ အဲဒီခြောက်မြို့နယ်ထဲမှာ မရမ်းကုန်းနဲ့ အင်းစိန်မြို့နယ်တွေက မှာကြတာများပါတယ်"ဟု ကိုဖြိုးက ပြောသည်။

We Love Yangon သည် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ပြည်သူများ စားသောက်မှု အဆင်ပြေစေရန် အိမ်တိုင်ရာရောက်စနစ်ဖြင့် အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းများနှင့် အကျိုးအမြတ်မယူဘဲ လိုက်လံပို့ဆောင်ပေးနေသည့် လူထုအခြေပြု ပရဟိတအဖွဲ့တစ်ခုဖြစ်ပြီး ထိုသို့ အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင်ရောင်းချမှုများအပြင် မျှဝေခြင်းအစီအစဉ်ဖြစ်သည့် အလှူရှင်များ လာရောက်လှူဒါန်းသည့် ပစ္စည်းများကို အလှူရှင်များကိုယ်စား သွားရောက် လှူဒါန်းပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အေးမင်းသူ

# ကိုဗစ် -၁၉ ရောဂါ ကာလအတွင်း ကျန်းမာရေးဝန်ထမ်းများ၊ လူနာတင်ယာဉ်များနှင့် အငှားယာဉ်များအတွက် Max Energy က အထူးအစီအစဉ်ပြုလုပ်ပေးထား

ရန်ကုန် ဧပြီ ၂၈

ကိုဗစ် -၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ကျန်းမာရေး စောင့်ရှောက်မှုများပေးနေသည့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာတင်ယာဉ်များ၊ အများပြည်သူ သွားလာရေးအတွက် ပြေးဆွဲပေးနေသည့် အငှားယာဉ်များအတွက် Max Energy က အထူးအစီအစဉ်ပြုလုပ်ပေးထားပြီး ဈေးနှုန်းလျှော့ ရောင်းချပေးလျက်ရှိသည်။

Max Energy သည် ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ကုသရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနေသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ သွားလာရေးအဆင်ပြေစေရန်နှင့် အများပြည်သူသွားလာရေးကို ပို့ဆောင်ပေးနေသည့် အငှားယာဉ်များ အဆင်ပြေစေရန် အထူးဈေးနှုန်းများဖြင့် ရောင်းချပေးခြင်းဖြစ်သည်။ Max Energy သည် Octane 92 RON ကို တစ်လီတာ ကျပ် ၂၅၀၊ Octane 95 RON ကို တစ်လီတာ ကျပ် ၃၀၀၊ Diesel ကို တစ်လီတာ ငွေကျပ် ၃၀၀ ဖြင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ဆိုင်အားလုံးတွင် ရောင်းချပေးနေခြင်းဖြစ်ပြီး အထူးအစီအစဉ်ဖြင့် စတင်ရောင်းချသည့် ဧပြီ ၈ ရက်မှ ဧပြီ ၂၈ ရက်အထိ လီတာပေါင်း ၂၆၀၀၀၀၀ ကျော် ရောင်းချထားပြီး ဈေးနှုန်းလျှော့ရောင်းချပေးမှုစုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၁၅၀၀ ခန့်ရှိကြောင်း သိရသည်။




"အခုလိုအချိန်က ရောဂါပြန့်ပွားမှုမဖြစ်အောင် အိမ်မှာနေတာ အသင့်တော်ဆုံးဖြစ်ပေမယ့် မဖြစ်မနေ အပြင်သွားလာနေရတဲ့သူတွေ၊ အလုပ်လုပ်နေရတဲ့သူတွေ ရှိပါတယ်။ Max Energy က အခုလိုစီစဉ်ပေးတာ တော်တော်ကောင်းပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေဆိုရင်လည်း ရောဂါသက်သာပျောက်ကင်းအောင် ဆောင်ရွက်ပေးနေတဲ့သူတွေဖြစ်သလို အငှားယာဉ်မောင်းတွေကလည်း အများပြည်သူ သွားလာရ အဆင်ပြေအောင် ပြေးဆွဲပေးနေတာဖြစ်ပါတယ်။ ခရီးသည်နည်းပါးတဲ့အချိန်မှာ အခုလိုစီစဉ်ပေးတာ အလွန်ကောင်းမွန်ပါတယ်။ ကျွန်တော်တို့လည်း ပြေးဆွဲရတာ အဆင်ပြေပါတယ်"ဟု အငှားယာဉ်မောင်းတစ်ဦးက ပြောသည်။

သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ကိုမိုး

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူ လိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန် သတင်းများ လွှင့်ခြင်းမပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်းအသိပေးအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ G-Bankမှ ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

**မုံရွာ ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် G- BANK မှ ငွေကျပ်သိန်း ၅၀ နှင့်ညီမျှသော ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၁ နာရီက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့်အဖွဲ့က G- BANK မှတာဝန်ရှိသူများအား လက်ခံတွေ့ဆုံပြီး ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

အဆိုပါ G- BANK မှ ငွေကျပ်သိန်း ၅၀ နှင့်ညီမျှသော ကျန်းမာရေးသုံး အထောက်အကူပြုပစ္စည်းများ တစ်ကိုယ်ရေသုံး ကာကွယ်ရေး ဝတ်စုံ ၁၀၂ စုံ၊ အပူချိန်တိုင်းကိရိယာ ခြောက်စုံ၊ နှာခေါင်းစည်းဘူး ၁၅၀၊ Hand Gel ဘူး ၅၀၊ ခွဲစိတ်ခန်းသုံးလက်အိတ် ဘူး ၅၀ တို့အား တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့ လာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ကိုဗစ်- ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ပစ္စည်းလက်ခံရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်တို့က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့သည်။

လှူဒါန်းခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို တိုင်းဒေသကြီးအတွင်းရှိ လိုအပ်သည့်မြို့နယ်များသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို (ယင်းမာပင်)**





## အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနရှိ ကျန်းမာရေးဝန်ထမ်းများအားကျန်းမာရေးအာမခံများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဧပြီ ၂၈**

ကမ္ဘောဇအသက်အာမခံလုပ်ငန်း (KBZ LIFE Insurance )မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးအတွက် နိုင်ငံတစ်ဝန်းရှိ ဓာတ်ခွဲနမူနာများအား ဓာတ်ခွဲစစ်ဆေးမှုများ နေ့မအား ညမနား တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသော အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနရှိ ဆရာဝန်များနှင့်ကျန်းမာရေးဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကူးစက်မှုဘေးအန္တရာယ် အကာအကွယ်များပါဝင်သည့် ကျန်းမာရေး အာမခံများ(တစ်နှစ်စာ)ကို ဧပြီ ၂၆ ရက်တွင် KBZ LIFE Insurance မှ ဒုတိယ အုပ်ချုပ်မှုဒါရိုက်တာ ဦးနေမျိုးအောင်က ပေးအပ်လှူဒါန်းခဲ့ရာ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဌေးဌေးတင်က လက်ခံရယူခဲ့သည်။

**အမြင့်ဆုံးအကျိုးခံစားခွင့်**

IKBZ LIFE Insurance မှ ယခု ပေးအပ်လှူဒါန်းသော အာမခံအကာအကွယ်အမျိုးအစားသည် တစ်ဦးလျှင် အမြင့်ဆုံးအကျိုးခံစားခွင့်အနေဖြင့် ကျပ်သိန်း ၆၀ ထိ ရရှိနိုင်မည်ဖြစ်ပြီး ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်း ၁၀၀ အတွက် ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**လှူဒါန်း**

ယခုလက်ရှိအချိန်ထိ ကမ္ဘောဇဘဏ်၊ KBZ MS General Insurance၊ KBZ LIFE Insurance၊ Myanmar Airways International (MAI)နှင့်Air KBZ လေကြောင်းလိုင်းတို့သည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးရန်အတွက် စုစုပေါင်း ငွေကျပ် သိန်းပေါင်း ၃၃၀၇၄ သိန်း လှူဒါန်းခဲ့ပြီး ဖြစ်သည်။

**ကိုကျော်**

## ရွှေဘိုတက္ကသိုလ်ရှိ အခြေခံဝန်ထမ်း ၁၀၀ ကျော်အား ဆန်၊ ဆီ၊ ဆပ်ပြာနှင့် ကြက်ဥများ လှူဒါန်း

**ရွှေဘို ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်ရှိ အခြေခံဝန်ထမ်း ၁၀၀ ကျော်အား ယမန်နေ့ နံနက် ၁၀ နာရီက ရတနာသိင်္ဃခန်းမ၌ ဆန်၊ ဆီ၊ ဆပ်ပြာနှင့် ကြက်ဥများကို ထောက်ပံ့လှူဒါန်းခဲ့သည်။

ယခုလို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် အခြေခံဝန်ထမ်းများ၏ မိသားစုများ စားဝတ်နေရေးကို အနည်းအများမဆို ထောက်ပံ့မှု အကူအညီရစေရန် ရည်ရွယ်၍ ရွှေဘိုတက္ကသိုလ်ရှိ ဌာနခွဲအသီးသီးမှ ပါမောက္ခ/ဌာနမှူးများ၊ ဌာနတာဝန်ရှိသူများထံမှ အလှူငွေများကောက်ခံပြီး အောက်ခြေဝန်ထမ်းများအား လှူဒါန်းရခြင်းဖြစ်ကြောင်း တာဝန်ခံပါမောက္ခ ဒေါက်တာဝင်းဆွေထံမှ သိရသည်။

အဆိုပါလှူဒါန်းရာတွင် အောက်ခြေဝန်ထမ်းများဖြစ်သော ရုံးအကူ၊ သန့်ရှင်းရေး၊ အစောင့်နှင့် နေစားဝန်ထမ်း စုစုပေါင်း ၁၀၇ ဦးကို (၁)ဦးလျှင် ဆန် (၈)ပြည်၊ ဆီ(၁)ပိဿာ၊ ကြက်ဥ အလုံး (၂၀)နှင့် ကာဗော်လစ်ဆပ်ပြာများ အသီးသီးထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

## ကိုဗစ် -၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေး ဆေးဖျန်း

**ပဲခူး ဧပြီ ၂၈**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်၏ လမ်းညွှန်မှုအရ ပဲခူးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ပဲခူးမြို့တပ်နယ်မှူးအဖွဲ့က ယနေ့ နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးနိုင်ရေး ဆေးဖျန်းခြင်းများ လိုက်လံဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမီးသတ်တပ်ဖွဲ့မှ ပဲခူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးရှိ စာကြည့်တိုက်နှင့် ရုံးပရဝဏ်အတွင်း၊ အပြင် ဆေးဖျန်းပေးခြင်း၊ ပဲခူးမြို့ ဟသ်ာကုန်းဘုရားပတ်ဝန်းကျင်နှင့် လိပ်ပြာကန်ပတ်လမ်း တစ်လျှောက်တွင် ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပဲခူး)**



သန်လျင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး အထောက်အကူပြုကော်မတီမှ ငွေကျပ် ၁၈၂ သိန်းတန်ဖိုးရှိ အသက်ရှူအထောက်အကူပြုစက်တစ်စုံကို ဧပြီ ၂၈ ရက်က သန်လျင်အထွေထွေရောဂါကုဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာချိုချိုလွင် လက်ခံရယူစဉ်။ သန်းဝင်း(သန်လျင်)



## မြောင်းမြမြို့တွင် အိမ်တိုင်ရာရောက်ရောင်းချမှုကြောင့် ရောင်းသူဝယ်သူ အဆင်ပြေလျက်ရှိ

**မြောင်းမြ ဧပြီ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်ထိန်းချုပ်ရေးအတွက် လူစုလူဝေးများမဖြစ်ပေါ်စေရန် ပျံကျဈေးများကို သက်ဆိုင်ရာမှ စနစ်တကျ စီစဉ်ဆောင်ရွက်ထားရှိရာ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်များ ဖွင့်လှစ်ရောင်းချနေသော်လည်း မြို့ပေါ်ရပ်ကွက်လမ်းများအတွင်း အိမ်တိုင်ရာရောက် လိုက်လံရောင်းချပေးနေသူများကြောင့် ရောင်းသူနှင့်ဝယ်သူပါ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ပိုအဆင်ပြေတာပေါ့၊ ဈေးသွားတဲ့အခါ နှာခေါင်းစည်းတပ်ရတာက တစ်မျိုး၊ ဈေးမှာ လူများနေမှာစိုးတာကတစ်မျိုး၊ ကြောင့်ကြမှုတွေ၊ ဖိစီးမှုတွေရှိပါတယ်၊ အိမ်အရောက်လာရောင်းတော့ တွေ့တာကြိုက်တာ ဝယ်လိုက်ရုံပါပဲ၊ ဈေးတင်မထားတဲ့အတွက်လည်း အဆင်ပြေပါတယ်" ဟု ဈေးဝယ်သူ တာဝတိံသာ (၁)လမ်းမှ ဒေါ်ကြည်ကြည်သိန်းက ပြောသည်။

"ခုလိုအချိန်မှာ အခွင့်ကောင်းယူပြီး ဈေးလည်းတင်မရောင်းပါဘူး၊ ဈေးဝယ်သူတွေက သူတို့လိုချင်တဲ့အသားငါးမျိုး မှာခဲ့ရင်လည်း နောက်တစ်နေ့မှာ ဝယ်လာပေးပါတယ်၊ အဲဒီ ကပ်ရောဂါကြီး အမြန်ဆုံး လွန်မြောက်ပါစေလို့ ဆုတောင်းပေးပါတယ်"ဟု အိမ်တိုင်ရာရောက် သုံးဘီးဆိုင်ကယ်ဖြင့် လှည့်လည်ဈေးရောင်းသူ ဈေးသည်မလေးက ပြောကြားသည်။

မြောင်းမြမြို့ပေါ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း အခြေခံစားသောက်ကုန်ပစ္စည်းအရောင်းဆိုင်နှင့် ဆေးဝါးပစ္စည်းအရောင်းဆိုင်များမှအပ အခြားပစ္စည်းများ ရောင်းချသည့်ဆိုင်များအားလုံး ဧပြီ ၃၀ ရက်အထိ ယာယီပိတ်သိမ်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီး ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဈေးဝယ်သူများနှင့် ဈေးရောင်းသူများ တစ်ဦးနှင့်တစ်ဦး နီးကပ်စွာမရှိရေး၊ စနစ်တကျ ရောင်းချနိုင်ရေးအတွက် မြောင်းမြမြို့ နေရှင်နယ်ဘောလုံးကွင်းအတွင်း ယာယီပျံကျဈေးအဖြစ် မြို့နယ်စည်ပင်သာယာရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် နေ့စဉ် နံနက် ၆ နာရီမှ နံနက် ၁၀ နာရီအထိ ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်မင်း(မြောင်းမြ)**

# မမြင်ရတဲ့ရန်သူနဲ့ တိုက်ပွဲမှာ… တစ်ထောင့်တစ်နေရာ

❐ ခင်ရတနာ

တစ်နေ့လုံး အပူရှိန်ပြင်းခဲ့သည့်နေက အနောက်ဘက်သို့ ဝင်လုပြီ။ ညနေခင်းဈေးတန်းလေး၏ လမ်းမထက်ဝယ် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် လက်ကိုင်စပီကာတစ်ခုဖြင့် ပြည်သူများကို အသိပညာပေးဆော်ဩနေသူတစ်ဦးရှိသည်။ မကြာခဏ လက်ဆေးရန်၊ လူတစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေကြရန်၊ အပြင်သွားပါက နှာခေါင်းစည်းတပ်ဆင်ကြရန် စသည့် အချက်များအပါအဝင် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အကြံပေးလမ်းညွှန်ချက်များက လက်ကိုင်စပီကာမှတစ်ဆင့် ထွက်ပေါ်လာသည်။ သူနှင့်မလှမ်းမကမ်းတွင်လည်း ဌာနဆိုင်ရာဝန်ထမ်းဝတ်စုံကိုယ်စီနှင့် အခြားအဖွဲ့သားများက ဈေးသည်နှင့် ဈေးဝယ်များကို ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် လက်ကမ်းစာစောင်လေးများ ဝေငှနေသလို အချို့ကလည်း ပညာပေးပိုစတာများကို နံရံများတွင် ကပ်နေသည်။ နေရာက ပြည်မြို့ ရွှေဆံတော်ဘုရားအနီး ညနေခင်းဈေးလေးတစ်ခုဖြစ်သည့် ဖက်တန်းဈေးတွင်ဖြစ်သည်။ ဤသည်မှာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေကြသည့် မြင်ကွင်းတစ်ခုဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန၏ အဓိကရည်မှန်းချက်တာဝန်သုံးရပ်မှာ ပြန်ကြားပေးရန်၊ ပညာပေးရန်နှင့် ဖျော်ဖြေပေးရန်ဟူ၍ဖြစ်ပြီး ယင်းတာဝန်ကို ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ပြည်တွင်းသို့ မဝင်ရောက်မီ၊ ဝင်ရောက်ချိန်နှင့် တွန်းလှန်ကာကွယ်ကြစဉ်ကာလတစ်လျှောက် နိုင်ငံတော်၏တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဝန်ကြီးဌာနအသီးသီးတို့အပြင် ပရဟိတမောင်နှမများ အားလုံးနည်းတူ ကူညီအားဖြည့်ပေးနေကြသူများလည်းဖြစ်သည်။



ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ ထုတ်ပြန်ပေးနိုင်ရေး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက ကျရာအခန်းကဏ္ဍမှ တာဝန်ထမ်းဆောင်လျက်ရှိကြသည်ကို တွေ့ရစဉ်။

ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းအချက်အလက်များ ပြည်သူ့ထံအရောက်ပေးပို့နိုင်ရေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူ့ထံပေးပို့သည့် သတင်းစကားများအပြင် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို ပြည့်ပြည့်စုံစုံ သတင်းထုတ်ပြန်နိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယို၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ၊ MOI ဝက်ဘ်ဆိုက်၊ ဝက်ဘ်ပေါ်တယ်တို့နှင့် Myanmar Digital News အွန်လိုင်းသတင်းစာများအပြင် ဌာန၏ အင်တာနက်၊ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် အချိန်မဆိုင်း တင်ဆက်အားဖြည့်နေသည်ကို သတင်းစာဖတ်ရှုသူများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ကြည့်ရှုအားပေးကြသူများနှင့် အွန်လိုင်းမှ ကြည့်ရှုကြသူများ အားလုံးအသိပင်ဖြစ်ပါသည်။

**ကိုဗစ်-၁၉ မလာရောက်မီ**

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းက တရုတ်နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားနေချိန်ကတည်းက ဗိုင်းရပ်စ်၏ စရိုက်လက္ခဏာများ၊ ရောဂါကူးစက်နိုင်မှုများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတိပေးချက်များကို ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းပိုင်းတစ်လျှောက် သတင်းများဖော်ပြခြင်း၊ ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာသတင်းများအဖြစ် ဖော်ပြပေးခြင်းအပြင် ကျန်းမာရေးပညာရှင်များ၏ ဆောင်းပါးများစွာ၊ ကောက်နုတ်ချက်များစွာ ထည့်သွင်းဖော်ပြခြင်း၊ ရုပ်သံလွှင့်တင်ခြင်းတို့ကို သတင်းစာမျက်နှာများနှင့် ဖန်သားပြင်တို့တွင် ထုတ်လွှင့်ခဲ့၊ ပုံနှိပ်ဖော်ပြခဲ့ကြခြင်းဖြစ်ပါသည်။

**ဝေဝေဆာဆာဖြင့်ဖော်ပြ**

ဇန်နဝါရီလမှသည် ဖေဖော်ဝါရီလကုန်ပိုင်းအထိ ကိုဗစ်-၁၉ ၏ နိုင်ငံတကာဖြစ်စဉ်များ၊ ပြည်တွင်းမြို့နယ်အသီးသီးမှ ပြင်ဆင်ထားရှိမှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကြိုတင်အစီအမံများအပြင် ဝန်ကြီးဌာန၏ ပညာပေးရန်ဟူသည့် တာဝန်ဝတ္တရားနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာမှတ်သားရန် စသည့် ကျန်းမာရေးဌာနများမှ ထုတ်ပြန်ချက်များအားလုံးကို ဝေဝေဆာဆာဖြင့် ဖော်ပြတင်ဆက်ခဲ့ကြပါသည်။

**ရေဒီယိုနှင့် ဖန်သားပြင်ပေါ်က**
**ကိုဗစ်သတင်းများ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှ နေ့စဉ်ထုတ်ပြန်လျက်ရှိသည့် ကိုဗစ်-၁၉ ဆိုင်ရာ သတင်းအချက်အလက်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းအစီအစဉ်များတွင် ထည့်သွင်းကြေညာပေးနိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နယ်ပယ်အသီးသီးတွင် ကိုဗစ်-၁၉ ကို တိုက်ပွဲဝင်နေကြသူများ တိုက်ရိုက်တွေ့ဆုံမှု အစီအစဉ်များကိုလည်း ထုတ်လွှင့်လျက်ရှိသည်။ ကျန်းမာရေးဆိုင်ရာ ပညာရှင်များ၊ ပြောရေးဆိုခွင့်ရှိသူများနှင့် မကြာခဏ တွေ့ဆုံမေးမြန်း ထုတ်လွှင့်ပေးခြင်း၊ ပေါ်ပေါက်လာသည့် ကောလာဟလသတင်းမှားများအား ပြန်လည်ဖြေရှင်းပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ပြည်သူများအတွက် အိမ်မှာနေကြရသည့် Stay at Home ကာလအတွင်း အပန်းပြေစေရန်အတွက် လူကြိုက်များသည့် ရုပ်ရှင်ဇာတ်ကားများ ထုတ်လွှင့်ပြသခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ကျန်းမာရေးအသိပညာပေး အစီအစဉ်များကို ပိုမိုအသားပေးဖော်ပြခြင်းတို့ဖြင့် ကျရာအခန်းကဏ္ဍကို ပီပြင်စွာ ဖော်ဆောင်လျက်ရှိသည်ကိုလည်း အားလုံးအသိပင်ဖြစ်ပါသည်။

လက်ရှိအခြေအနေများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန် ကြားဖြတ်သတင်းများကို ဖော်ပြတင်ဆက်နေသည့်အပြင် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် ရုပ်သံအစီအစဉ်များ၊ တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြင့် မြန်မာ့အသံရေဒီယိုအစီအစဉ်များကို အွန်လိုင်းမီဒီယာများဖြစ်သည့် ဝက်ဘ်ဆိုက်၊ ဖေ့စ်ဘွတ်၊ ယူကျု၊ Sound Cloud တို့မှလည်း ကိုဗစ်-၁၉ ရောဂါအတွက် နောက်ဆုံးရအချက်အလက်များ၊ ပညာပေးအစီအစဉ်များကို မပြတ်ဖော်ပြပေးလျက်ရှိသည်။


**မြို့နယ်အသီးသီးမှ**
**ပြန်ကြားပေးကြသူများ**

နေ့စဉ်ဖြစ်ပျက်သမျှ မြို့ထဲရွာထဲရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာများ၊ လှူဒါန်းမှုများ၊ ကူညီဆောင်ရွက်ပေးမှုများ၊ စည်းကမ်းမလိုက်နာသူများအား ထိန်းသိမ်းနေမှုများအပြင် ကပ်ရောဂါနှင့် ပတ်သက်သည့် သတင်းအချက်အလက်ပေါင်းများစွာကို ရုပ်သံသတင်းအဖြစ်လည်းကောင်း၊ ပုံနှိပ်သတင်းအဖြစ်လည်းကောင်း၊ အွန်လိုင်းသတင်းအဖြစ်လည်းကောင်း အသွင်မျိုးစုံဖြင့် ဖော်ပြပေးနေသူများလည်းရှိပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရုံးခွဲပေါင်း ၁၅ ရုံးအပြင် ခရိုင်နှင့် မြို့နယ်ရုံးခွဲပေါင်း ၄၁၇ ရုံးအထိရှိရာ ယင်းရုံးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသတိုက်ဖျက်ရေးဆိုင်ရာ သတင်းရေးသားပေးပို့မှုမှာ နေ့စဉ်အပုဒ်ရေ ၁၅၀ ထက်

စာမျက်နှာ ၂၁ သို့ ❂



Stay at Home ကာလအတွင်း အပန်းပြေစေရန်အတွက် လူကြိုက်များသည့် ရုပ်ရှင်ဇာတ်ကားများ ထုတ်လွှင့်ပြသခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များကို ပိုမိုအသားပေးဖော်ပြမှုအား တွေ့ရစဉ်။




ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းထုတ်ပြန်ချက်များကို ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်မှ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိသည်ကို တွေ့ရစဉ်။

❂ စာမျက်နှာ ၂၀ မှ

မနည်း ရှိနေသည်ကိုလည်း မြင်တွေ့ရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဝန်ထမ်းများသည် သက်ဆိုင်ရာ ဒေသအစိုးရအဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့်အတူ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လုပ်ငန်းစဉ်များတွင်လည်း တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နေကြရသကဲ့သို့ နယ်မြေဒေသအသီးသီးရှိ ၎င်းတို့ ရပ်ရွာလှုပ်ရှားမှုများကိုလည်း စဉ်ဆက်မပြတ် သတင်းရေးသားဖော်ပြပေးလျက်ရှိသည်။ ထို့ပြင် ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များအတွက်လည်း လက်ကမ်းစာစောင်များ ဝေငှခြင်း၊ ကိုယ်တိုင်ကွင်းဆင်းပညာပေးခြင်းအပြင် နံရံကပ်ပိုစတာများ၊ ဆောင်းဘောက်စ်များ၊ လက်ကိုင်စပီကာများအသုံးပြုကာ ထိထိရောက်ရောက် ပညာပေးအစီအစဉ်များတွင် ပါဝင်အားဖြည့်နေကြသူများလည်း ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံပိုင်သတင်းစာများ

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် နောက်ဆုံးရ သတင်းအချက်အလက်များ၊ နိုင်ငံတော်မှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် အခြားအခြားသော သိသင့်သိထိုက်သည့် ဆင်ခြင်သတိပြုဖွယ်ရာများကို သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအောက်ရှိ ကြေးမုံ၊ မြန်မာ့အလင်းနှင့် ဂလိုဘယ်နယူးလိုက်အော့ဖ်မြန်မာ သတင်းစာကြီးများက ဇန်နဝါရီလဆန်းပိုင်းမှ စတင်ဖော်ပြခဲ့ခြင်းဖြစ်သည်။ ပြည်သူများအတွက် သတင်းစာခေါင်းကြီး (အယ်ဒီတာ့အာဘော်)အဖြစ် ကိုဗစ်-၁၉ ရောဂါ ဆင်ခြင်သတိပြုဖွယ်နှင့် ပြည်သူများ သတိပြုလိုက်နာဖွယ်ရာများကို ဖြစ်စဉ်အစမှသည် ယနေ့အထိ နေ့စဉ်နီးပါး ရေးသားဖော်ပြပေးနေခြင်း၊ ပညာရှင်များ၏ အတွေးအမြင်များ၊ လုပ်ငန်းဆောင်ရွက်မှုများ၊ အခက်အခဲများနှင့် ပြင်ဆင်ထားရှိမှုများကိုလည်း ဌာန၏သတင်းထောက်များက ကိုယ်တိုင်သွားရောက် တွေ့ဆုံမေးမြန်းကာ ရေးသားဖော်ပြခြင်းများလည်း ပြုလုပ်လျက်ရှိသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းရှိ သတင်းထောက်များ၊ မြို့နယ်အသီးသီးမှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများရှိ သတင်းထောက်များ၊ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များက နေ့စဉ်ရေးသားပေးပို့လာသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ တိုက်ဖျက်ရေးစသည့် သတင်းပုဒ်ရေပေါင်းများစွာကို သတင်းစာများအတွင်း ထည့်သွင်းဖော်ပြခြင်း၊ သတင်းစာတိုက်များ၏ လူမှုကွန်ရက်စာမျက်နှာ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်နှင့် လူမှုကွန်ရက်စာမျက်နှာများအပြင် သတင်းနှင့် စာနယ်ဇင်းမှ တာဝန်ယူသတင်းလွှင့်တင်နေသည့် Myanmar Digital News ဒစ်ဂျစ်တယ်သတင်းစာများတွင်လည်း ဆက်တိုက်ဖော်ပြပေးလျက်ရှိသည်။

ပြည်သူများအတွက် သတင်းအချက်အလက် ပိုမိုခိုင်မာစေရန် တိကျသည့်သတင်းထုတ်ပြန်မှုများကို သိရှိနိုင်စေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်သည့် သတင်းအချက်အလက်များကိုလည်း သတင်းစာများအတွင်း မတ်လမှစတင်၍ အရှိန်အဟုန်မြင့်ကာ နေ့စဉ် **ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး အစီအစဉ်**ကို လေးမျက်နှာ ပုံမှန်ထည့်သွင်းဖော်ပြပေးလျက်ရှိသည်။ သတင်းသုတေသနမှတ်တမ်းများအရ နေ့စွဲတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းနှင့် ကုသမှုဆောင်ရွက်ခြင်းဆိုင်ရာ မြို့နယ်သတင်းပေါင်း အပုဒ်ရေ ၇၀ မှ ၁၀၀ အကြား ထည့်သွင်းဖော်ပြနိုင်ခဲ့သည်ကို မြင်တွေ့ရပါသည်။ ထို့ပြင် တိုင်းရင်းသားဘာသာဖြင့် ထုတ်ဝေသည့် သတင်းစာမျက်နှာများတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးဆိုင်ရာ ပညာပေးအစီအစဉ်များကို ထည့်သွင်းခြင်းဖြင့် တတ်စွမ်းသမျှ ပြန်ကြားပေးလျက်ရှိသည်။

ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ သည် ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့ကို စိတ်ဒုက္ခဖြစ်စေလျက် လူသားတို့၏ အကျိုးစီးပွားကို ခြိမ်းခြောက်လျက်ရှိသည်။ နိုင်ငံအသီးသီးမှ ခေါင်းဆောင်များသည် နိုင်ငံသားများ၏ အကျိုးအတွက် ရှုထောင့်ပေါင်းစုံမှ အဖြေရှာကာ ကိုဗစ်-၁၉ ရောဂါကို တွန်းလှန်နေကြသည်။ မြန်မာနိုင်ငံတွင်လည်း သံသယရှိသူ စောင့်ကြည့်လူနာများအဖြစ် ထားရှိခြင်း၊ ကျန်းမာနေသူများအား ရောဂါကူးစက်မှု မရှိစေရေးအတွက် ကျန်းမာရေးဆိုင်ရာ အကြံပေးချက်များ ထုတ်ပြန်ခြင်း၊ ကာကွယ်ခြင်းတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နေသကဲ့သို့ ရောဂါဝေဒနာခံစားရသူများကိုလည်း ပျောက်ကင်းသက်သာအောင် ကျန်းမာရေးဝန်ထမ်းများက ကူညီစောင့်ရှောက်ပေးလျက်ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါသည် သာမန်မျက်စိဖြင့် မမြင်နိုင်၊ မသိနိုင်။ သို့သော် သူ၏တိုက်ခိုက်မှုကား ပြင်းထန်လွန်းလှသည်။ ဝန်ကြီးဌာနအသီးသီးမှ ပြည်သူ့ဝန်ထမ်းများကလည်း စီးပွားရေး၊ လူမှုရေး၊ အလုပ်သမားအရေး၊ ကူညီကယ်ဆယ်ရေးစသည်ဖြင့် တာဝန်ကိုယ်စီထမ်းကာ ပြည်သူ့အတွက် မမြင်တွေ့ရသည့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် ပါဝင်ဆောင်ရွက်နေကြသည်။ ထို့အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးသည်လည်း မမြင်နိုင်၊ မတွေ့နိုင်ဘဲ အန္တရာယ်ကြီးသည့် ဗိုင်းရပ်စ်ပိုးမှဖြစ်သော ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် နိုင်ငံအတွက်၊ ပြည်သူအတွက် တစ်ထောင့်တစ်နေရာမှသည် တတ်စွမ်းသမျှ ပါဝင်တိုက်ပွဲဆင်လျက်ရှိနေပါကြောင်း။ ။



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာလိုက်နာရမည့်အချက်များအား အသိပညာပေးဆောင်ရွက်စဉ်။



ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လက်ရှိအခြေအနေများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်စဉ်။




မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူ စုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၉၈၇ | ၁၄၆ |

| ပြန်လည်သက်သာသူ | သေဆုံးသူ |
|---|---|
| ၀၆ | ၅ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၂၈၅၀

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရသူ – ၉

ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိ သေဆုံးသူ စာရင်းအဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၁၃ | ၄ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | - |
| ၄ | ချင်း | ၅ | - |
| ၅ | ရှမ်း (ရှေ့) | ၃ | - |
| ၆ | မန္တလေး | ၃ | - |
| ၇ | ရှမ်း (တောင်) | ၂ | - |
| ၈ | ရှမ်း (မြောက်) | ၂ | - |
| ၉ | နေပြည်တော် | ၁ | - |
| ၁၀ | မွန် | ၁ | - |
| ၁၁ | မကွေး | ၁ | - |
| ၁၂ | ကချင် | ၁ | - |
| စုစုပေါင်း | | ၁၄၆ | ၅ |

အောက်ပါပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| တိုင်းဒေသကြီး | ပြည်နယ် |
|---|---|
| ဧရာဝတီ တိုင်းဒေသကြီး | ကယားပြည်နယ် |
| တနင်္သာရီ တိုင်းဒေသကြီး | ရခိုင်ပြည်နယ် |
| | ကရင်ပြည်နယ် |

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၅-၄-၂၀၂၀ ရက်နေ့ည (၈)နာရီ

ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ Myanmar Digital News ဖေ့စ်ဘွတ်မှ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များအား ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးမှုကို တွေ့ရစဉ်။




ကြေးမုံသတင်းစာမှ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် သတင်း၊ အင်တာဗျူး၊ ထုတ်ပြန်ချက်၊ အသိပညာပေးစကားဝိုင်းနှင့် ဆောင်းပါးများအား နေ့စဉ်ဖော်ပြလျက်ရှိစဉ်။



# မိုင်းဆတ်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ် ၁၄ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်

**မိုင်းဆတ် မေ ၂၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၌ မေ ၂၃ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့်နေအိမ်၁၄လုံးအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၃နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ပေးရာတွင် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် မယ်ပုလုံကျေးရွာအုပ်စု မယ်ကျန်းကျေးရွာမှ နေအိမ် ၁၁ လုံး၊ မအို့ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာမှ နေအိမ်တစ်လုံးနှင့် ဆန်ကန်ကျေးရွာအုပ်စု ဟိုပွေ့ကျေးရွာမှ နေအိမ်နှစ်လုံး စုစုပေါင်းနေအိမ်၁၄လုံး အိမ်ထောင်စု၂၁စုအတွက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှမင်းလွင်က ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ် ၁၁ သိန်းကျော်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သည့် နေအိမ်များအား ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေများ ထောက်ပံ့ပေးအပ်

**ဆိပ်ဖြူ မေ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မေ ၂၅ ရက် မွန်းလွဲ ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးခဲ့သည့် ကျေးရွာငါးရွာမှ လူနေအိမ်များအား ယမန်နေ့ နံနက်ပိုင်းက ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေများ ထောက်ပံ့ပေးအပ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် ဒေါသာကျေးရွာ၊ လက်ဆည်ကျေးရွာ၊ တောင်ရွာမ၊ ဂဲကုန်းကျေးရွာ၊ အရှေ့ကံတွင်းကျေးရွာများမှ နေအိမ် ၃၃လုံး၊ ပြိုကျနေအိမ်တစ်လုံးတို့အတွက် ကယ်ဆယ်ရေးပစ္စည်း ၂၂မျိုးပါ တစ်ပုံးနှင့် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေ ကျပ် ၁၄၄၀၀၀၀၊ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၂၈၇၇၀၀ စုစုပေါင်း ငွေကျပ် ၁၇၂၇၇၀၀ အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှတာဝန်ရှိသူများက သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် လေပြင်းတိုက်ခတ်မှုဒဏ်ခံစားခဲ့ရသည့် အိမ်ထောင်စုများထံ သွားရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုဖွဲ့ (အညာမြေ)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

**ရွာငံ မေ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွာငံမြို့နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းမှုကို ယမန်နေ့က ရွာငံမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းမှုတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ရွာငံမြို့နယ်ပြည်သူ့ဆေးရုံအတွက် ထောက်ပံ့ငွေကျပ်ငါးသိန်း၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၆၀၊ နှာခေါင်းစည်း ၂၀၀၊ ဖိနပ် ငါးရန်၊ မျက်မှန် ၁၀ ခု၊ သာမိုမီတာ နှစ်ခု၊ ဆေးဖျန်းပေါင်ဒါတစ်ပုံးနှင့် မြိုင်တိုက်နယ်ဆေးရုံအတွက် ထောက်ပံ့ ငွေကျပ်နှစ်သိန်း၊ အောက်ဆီဂျင်ပေးစက်တစ်လုံးတို့အား ပေးအပ်လှူဒါန်းရာ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဇော်ဟိန်း၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ခွန်ဝင်းလတ်၊ မြိုင်တိုက်နယ်ဆရာဝန် ဒေါက်တာ လှသူဇာအောင်၊ မြိုင်အုပ်စုအုပ်ချုပ်ရေးမှူး ဦးသိန်းစိုးအောင်တို့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးသန့်(ရွာငံ)**



# ရေတာရှည်မြို့နယ်အတွင်း လေဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ရေတာရှည် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ်အတွင်း မေ ၂၄ ရက် ည ၁၀ နာရီခန့်က မိုးသက်လေပြင်းများ



တိုက်ခတ်မှုကြောင့် မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ကျေးရွာအုပ်စုပေါင်း ၁၁ စုတွင် နေအိမ်များ၊ ဘုန်းတော်ကြီးကျောင်းများ ပြိုလဲခြင်း၊ အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဆုံးရှုံးပျက်စီးခဲ့သော အိမ်ထောင်စုများအတွက် တောင်ငူခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ပွဲကို မေ ၂၇ ရက် ညနေ ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တောင်ငူခရိုင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအာကာကိုကိုက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူထံ ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခဲ့ပြီး ပြိုလဲနေအိမ်ကိုးလုံး အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်ကိုးသိန်း၊ ဆန်ဖိုးငွေကျပ်၇၉၈၀၀၊ ကယ်ဆယ်ရေး ပစ္စည်း ၁၆ မျိုးပါ ကော်ပုံးကိုးပုံး၊ ပျက်စီးသွားသော ဘုန်းတော်ကြီးကျောင်း လေးကျောင်းအတွက် ထောက်ပံ့ငွေကျပ်လေးသိန်းနှင့် အမိုးလန်နေအိမ် ၁၅၀ အတွက် ထောက်ပံ့ငွေကျပ် ၅၁၆၀၀၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၆၅၃၉၈၀၀ တို့ကို ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# သာစည်မြို့နယ် လေဘေးသင့်ပြည်သူများအား အိမ်အရောက် ထောက်ပံ့ငွေများပေးအပ်

**သာစည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လေဘေးသင့်ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သောဆန်ရိက္ခာဖိုးနှင့် ပျက်စီးဆုံးရှုံးမှုအတွက် ထောက်ပံ့ငွေများကို ယမန်နေ့ မွန်းလွဲ ၃ နာရီခွဲက ကျေးရွာနေအိမ်များအရောက် သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် သာစည်မြို့နယ်၌ မေ ၂၆ ရက် ည ၇ နာရီကျော်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ကျေးရွာရှစ်ရွာမှအိမ်ခြေ ၂၉ အိမ်အတွက် ငွေကျပ် ၁၄၁၉၄၀၀ ထောက်ပံ့ပေးခြင်းဖြစ်ပြီး မင်းလှကျေးရွာ၊ ချမ်းသာကြီးကျေးရွာ၊ ကုန်းတောင်း(အနောက်)ကျေးရွာနှင့် ကုန်းတောင်း(မြောက်)ကျေးရွာတို့ရှိပြည်သူများထံနေအိမ်များအရောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ မြို့နယ် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်၊ ဌာနဆိုင်ရာများ၊ မိတ္ထီလာခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ကေခိုင်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ထောက်ပံ့ပေးခဲ့ပြီး ကျန်ရှိနေသော ဝမ်းသာကျေးရွာ၊ လူးကုန်းကျေးရွာ၊ အလှည့်ကျေးရွာနှင့် ညောင်ပင်ဝင်းကျေးရွာတို့မှ အိမ်ခြေများအတွက်လည်း သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်း (သာစည်)**

# ကိုဗစ်-၁၉ ကာကွယ်ရေး လက်ကမ်းစာစောင်များဖြန့်ဝေ

**ရန်ကုန် မေ ၂၈**

ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်များကို ရန်ကုန် တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက လူစည်ကားရာ ဈေး၊ဆိုင်ကယ် ကယ်ရီဂိတ်၊ ကားဂိတ်နှင့် ကူးတို့ဆိပ်များတွင် ပြည်သူများလက်ဝယ်အရောက် ယမန်နေ့ နံနက် ၉ နာရီက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လက်ကမ်းစာစောင်တွင် ကိုဗစ်-၁၉ ၏ရောဂါလက္ခဏာများ၊ ကူးစက်ပုံများနှင့်ရောဂါကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် ကိုဗစ်-၁၉ကာကွယ်၊ထိန်းချုပ်၊ကုသရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သူများနှင့်လက်တွေ့အခြေအနေများအား အပြန်အလှန် ဆွေးနွေးရာတွင် ပြောကြားချက်မှ ကောက်နုတ်ချက်၊ စနစ်တကျ လက်ဆေးနည်း စသည်တို့ ပါဝင်ကြောင်း သိရသည်။

**ထွန်းထွန်းစိုး (ပြန်/ဆက်)**



# တွံတေးမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး တွံတေး မြို့နယ်အတွင်း မေ ၂၅ ရက် ညနေ ၅ နာရီခွဲခန့်က လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အိမ်ခြေများအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းကို မေ ၂၇ ရက် မွန်းလွဲ ၃နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ တော်ဝင်စန္ဒကူးခန်းမ၌ ပြုလုပ်ခဲ့သည်။

အမိုးလန်ပြိုကျပျက်စီးသွားသည့် အိမ်ခြေ ၂၆လုံးအတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ်၁၄၂၀၀၀ နှင့် အိမ်ခြေ၂၆လုံးမှ လူဦးရေ၁၂၁ဦး အတွက်အိမ်ထောင်စုတစ်စုလျှင် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ်၂၅၄၁၀၀၊ ပြိုကျသော အိမ်ထောင်စုကိုးစု အတွက် တစ်စုလျှင်ကျား/မလုံချည်၊ တဘက်၊တီရှပ်၊ကော်ဇလုံ၊ဆပ်ပြာ၊ စတီးဇွန်း၊ စတီးသောက်ရေခွက်၊ ပလတ်စတစ်တစ်ပုံး၊စက္ကူပုံးစုစုပေါင်း ပစ္စည်း၁၁မျိုးတို့အားအမှတ်(၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေနိုင်ဦး၊ တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ သက်ဆိုင်ရာနယ်မြေတွေမှာ ကိုဗစ် - ၁၉ နဲ့ပတ်သက်လို့ တာဝန်သိစိတ်နဲ့ အခုလို ဆောင်ရွက်ပေးနေတာကို အသိအမှတ်လည်းပြုပါတယ်။ ကျေးဇူးလည်းတင်ပါတယ်

ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)

တွေ့ဆုံမေးမြန်း
မျိုးမြင့်၊ မျိုးသူဟိန်း

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဤသို့ ဆောင်ရွက်ရာတွင် လူမျိုး၊ ဘာသာခွဲခြားခြင်း၊ နေထိုင်ရာဒေသခွဲခြားခြင်း အလျှင်းမရှိဘဲ နိုင်ငံတော်၏ပိုင်နက်နယ်မြေအတွင်း မှီတင်းနေထိုင်သူ မည်သူ့ကိုမျှ ချန်လှပ်မထားရေးမူဝါဒဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာ ဒေသများတွင်လည်း ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီကို နိုင်ငံတော်သမ္မတရုံးက ဧပြီ ၂၇ ရက်စွဲဖြင့် ဖွဲ့စည်းပေးခဲ့သည်။ ယင်းကော်မတီ၏ ဆောင်ရွက်မှုများ၊ ဆောင်ရွက်မည့် အစီအမံများနှင့်စပ်လျဉ်း၍ ကော်မတီဒုတိယဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)နှင့် မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

**မေး ။ ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရှိတဲ့ ဘယ်နေရာဒေသတွေမှာ ပြည်ပက ပြန်လည်ဝင်ရောက်လာတဲ့ နေရပ်ပြန်တွေရှိပါသလဲ။**

ဖြေ ။ ။ အခုလက်ရှိဝင်ရောက်နေတာကတော့ ကချင်ပြည်နယ် လိုင်ဇာ၊ လွယ်ဂျယ်ဘက်က ဝင်နေပါတယ်။ အဲဒီဘက်က ဝင်ရောက်လာကြသူတွေကိုလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ချိတ်ဆက်ပြီးတော့ လိုအပ်တာတွေ ဆောင်ရွက်ပေးနေပါတယ်။ "ဝ" ဒေသဘက်က ဝင်လာတဲ့သူတွေက မိုင်းယန်းကို ရောက်လာတယ်။ မိုင်းယန်းကို ရောက်တဲ့အခါမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး မိုင်းလားမှာ Quarantine ၂၁ ရက် ထားရှိဆောင်ရွက်ပါတယ်။ မိုင်းလား Quarantine Center မှာ ၇ ရက်နေ့ကစပြီး Quarantine ဝင်ကြတယ်။ ဒီနေ့မှာပဲ ၂၁ ရက်ပြည့်ပြီဖြစ်တဲ့အတွက် မိုင်းယန်းကို ပြန်လည်လွှဲပြောင်းပေးလိုက်ပါပြီ။ Quarantine ဝင်ရောက်ပြီး ပြန်သွားကြတဲ့သူတွေကိုလည်း Certificate တွေ လုပ်ပေးလိုက်ပါတယ်။

တစ်ဆက်တစ်စပ်တည်းမှာပဲ မိုင်းလားမှာ တရုတ်နိုင်ငံရဲ့ အကူအညီနဲ့ ဆစ်ဆောင် ပန်းနားပြည်နယ်ဘက်က ဆရာဝန်တွေ၊ သူနာပြုတွေနဲ့ စမ်းသပ်စစ်ဆေးတဲ့ ကိရိယာတွေအားလုံး လာပေးထားပါတယ်။ စစ်ဆေးပြီးကြောင်း အထောက်အထားတွေကို တစ်ခါတည်း ထုတ်ပေးလိုက်ပါတယ်။ မိုင်းယန်းက ဆရာဝန်ကလည်း ထပ်ဆင့်ထောက်ခံချက်တွေရေးပေးပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ သက်ဆိုင်ရာဒေသတွေကို ပြန်လည်ပို့ဆောင်ပေးဖို့ရှိပါတယ်။ မိုင်းယန်းကို လွှဲပြောင်းပေးတာ ၂၇၇ ဦး ရှိပါတယ်။

နောက်ထပ် ဆစ်ဆောင်ပန်းနားဘက်ကနေ မိုင်းလားဘက်ကို ဝင်လာတာတွေလည်းရှိတယ်။ သူတို့က မိုင်းလား Quarantine Center မှာပဲ Quarantine ဝင်နေကြပါတယ်။ အဲဒါကတော့ ၃၀၀၀ ကျော်လောက်ရှိပါတယ်။ သူတို့ကတော့ ၂၁ ရက်မပြည့်သေးတဲ့အတွက် ဘယ်ကိုမှ လွှဲမပေးသေးပါဘူး။

ကရင်ပြည်နယ် မြဝတီဘက်က ဝင်နေတာတွေကတော့ ကရင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပေါင်းစပ်ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။ မွန်ပြည်နယ်ဘက်ကလည်း ဝင်ပါတယ်။ မွန်ပြည်နယ်ဘက်က ဝင်တာတွေကိုလည်း မွန်ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနေပါတယ်။ ကရင်ပြည်နယ်၊ မော်လမြိုင်၊ ပေါင်၊ သထုံတို့မှာ Quarantine လုပ်ငန်းတွေ ဆောင်ရွက်နေကြပါတယ်။ ကိန်းဂဏန်းအတိအကျတော့ မရသေးပါဘူး။ ကျွန်တော်တို့နဲ့ သေချာဆက်သွယ်တာကတော့ မိုင်းလားပါ။ သူတို့ဆီကနေတော့ အချက်အလက်တွေ အပြည့်အစုံ ရရှိပါတယ်။ ဒါတွေကိုလည်း NRPC ကို တင်ပြထားပြီးဖြစ်ပါတယ်။

**မေး ။ ။ အဲဒီနေရာတွေကနေတစ်ဆင့် ဝင်ရောက်လာသူတွေထဲမှာ သံသယလူနာ ရှိ၊ မရှိ သိပါရစေ။**

ဖြေ ။ ။ သံသယလူနာ လောလောဆယ်တော့ မရှိပါဘူး။ RCSS နယ်မြေမှာဆိုရင်လည်း RCSS ကပဲ စစ်ဆေးမှုတွေဆောင်ရွက်ပေးနေပါတယ်။ အဲဒီဘက်က ဝင်လာကြသူတွေကလည်း သက်ဆိုင်ရာ မြို့နယ်တွေက Quarantine Center တွေမှာ Quarantine ဝင်နေကြပါတယ်။ လောလောဆယ်တော့ အဲဒီဘက်က ဝင်လာတာမှာ ရောဂါပိုးရှိသူ၊ သံသယလူနာတော့ မရှိပါဘူး။

**မေး ။ ။ မိုင်းလားဘက်နဲ့ပတ်သက်ပြီး ဆောင်ရွက်နေတာ သိပါရစေ။**

ဖြေ ။ ။ မိုင်းလားက ကျွန်တော်တို့ဆီကို ဆက်သွယ်ပါတယ်။ သူတို့ဆီမှာ Quarantine ဝင်ရောက်နေတာ ဘယ်လောက်ရှိတယ်ဆိုတာတွေ သိရပါတယ်။ ကျွန်တော်တို့က NRPC ကိုလည်း တင်ပြထားတယ်။ မိုင်းလားမှာ Quarantine ဝင်ရောက်တာ ၃၀၀၀ ကျော်လောက်ရှိတယ်ဆိုတော့ NRPC ကလည်း ဆန်အိတ် ၁၀၀၀၊ ဆီနှစ်ပေပါ ထောက်ပံ့ပေးထားပါတယ်။ ဆရာဝန်၊ သူနာပြုတွေ၊ စစ်ဆေးရေးကိရိယာတွေနဲ့ အကုန်စစ်ဆေးဆောင်ရွက်နေပါတယ်။ Quarantine ၂၁ ရက်မှာ ငါးကြိမ်စစ်ဆေးမှုတွေဆောင်ရွက်တယ်လို့ သိရပါတယ်။

**မေး ။ ။ အဲဒီဒေသတွေမှာ သံသယလူနာတွေ၊ ရောဂါရှိသူတွေရှိလာမယ်ဆိုရင် ကော်မတီအနေနဲ့ ဘယ်လိုစီစဉ်ဆောင်ရွက်ပေးမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ သံသယလူနာ၊ ရောဂါရှိသူတွေ တွေ့လာရင် အနီးစပ်ဆုံး ပြည်သူ့ဆေးရုံတွေကို ချက်ချင်းပို့ဆောင်ပါ။ ငြိမ်းချမ်းရေးကော်မရှင်ကို ဆက်သွယ်ပါ။ ကျွန်တော်တို့ဘက်က တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်လို့ရအောင် တိုင်းရင်းသားအဖွဲ့တွေနဲ့ ဆက်သွယ်ဆောင်ရွက်ထားပါတယ်။ အဓိကကတော့ သံသယလူနာတွေ့ရင် အနီးစပ်ဆုံးအစိုးရဆေးရုံကို ရောက်အောင်ပို့ပါ။ ပြီးတော့မှ ပြည်သူ့ဆေးရုံကြီးတွေကနေ သံသယလူနာကို စစ်ဆေးချက်ယူတာတွေ ဆက်လက်လုပ်ဆောင်မှာ ဖြစ်ပါတယ်။ အခုထိတော့ ဒီလိုဆက်သွယ်မှုတွေမရှိသေးပါဘူး။ ကျွန်တော်တို့ ကော်မတီကလည်း မနေ့ကမှ ဖွဲ့တာဆိုတော့ ကော်မတီအနေနဲ့လည်း ထပ်ပြီး အကြောင်းကြား ဆောင်ရွက်ဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ကော်မတီမဖွဲ့ခင်ကတည်းက ငြိမ်းချမ်းရေးကော်မရှင်ကနေ ဆောင်ရွက်ပေးနေပါတယ်။



ကော်မတီဒုတိယ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း)

**မေး ။ ။ အခုကော်မတီအနေနဲ့ NCA လက်မှတ်ထိုးပြီးသားအဖွဲ့တွေအပြင် လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကိုရော ဘယ်လိုဆက်သွယ်ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ။ အခုကော်မတီမဖွဲ့ခင်ကတည်းက ကျွန်တော်တို့အနေနဲ့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနနဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေအားလုံးကို NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့တွေရော၊ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေရော NRPC က ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်။ အားလုံးက ငြိမ်းချမ်းရေးကော်မရှင်နဲ့ အဆက်အသွယ်ရှိတော့ ညွှန်ကြားချက်တွေ၊ တစ်ဦးချင်းလိုက်နာရမှာတွေ၊ ကိုဗစ် - ၁၉ နဲ့ပတ်သက်တဲ့ ထုတ်ပြန်ချက်တွေကို အီးမေးလ်ကနေတစ်ဆင့် ပို့ပေးထားပါတယ်။ ပြီးတော့ ဒီအဖွဲ့တွေအားလုံးကိုလည်း ထူးခြားမှုရှိရင် ငြိမ်းချမ်းရေးကော်မရှင်ကို ဆက်သွယ်ဖို့ကိုလည်း အမြဲတမ်းဆောင်ရွက်နေပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနဲ့ အခုကော်မတီမဖွဲ့ခင်ကတည်းက ငြိမ်းချမ်းရေးကော်မရှင်အနေနဲ့ ထိတွေ့ဆောင်ရွက်နေတာပါ။

**မေး ။ ။ NCA လက်မှတ်ရေးထိုးပြီးသားအဖွဲ့တွေနဲ့ လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေကို ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး သတင်းစကားပါးချင်တာရှိရင် ပြောကြားပေးစေလိုပါတယ်။**

ဖြေ ။ ။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ အဖွဲ့အစည်းအလိုက် ဆောင်ရွက်နိုင်တဲ့ကိစ္စတွေကို နိုင်သလောက် ဆောင်ရွက်ကြပါ၊ ထူးခြားမှုရှိရင်လည်း ကျွန်တော်တို့ကို အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်ဆောင်ရွက်ကြပါ။ လိုအပ်တာတွေကိုလည်း ကျွန်တော်တို့ဘက်က အမြဲမပြတ် ကူညီပံ့ပိုးဆောင်ရွက်ပေးမယ်။ တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီပံ့ပိုးပေးကြပါ။ ကြပ်မတ်ဆောင်ရွက်ပေးကြပါ။ ထူးခြားတာရှိရင်၊ အခက်အခဲရှိရင် အချိန်နဲ့တစ်ပြေးညီ ကျွန်တော်တို့ကို အမြန်ဆုံး ဆက်သွယ်ပါ။ ကျွန်တော်တို့ဘက်က တတ်နိုင်သမျှ ပံ့ပိုးကူညီပေးသွားပါမယ်။ ကျွန်တော်တို့ရဲ့ မူဝါဒက ဘယ်သူမှ မကျန်ခဲ့စေရ (No one left behind) ဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ သက်ဆိုင်ရာနယ်မြေတွေမှာ ကိုဗစ် - ၁၉ နဲ့ ပတ်သက်လို့ တာဝန်သိစိတ်နဲ့ အခုလို ဆောင်ရွက်ပေးနေတာကို အသိအမှတ်လည်း ပြုပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

## တိုင်းဒေသကြီး / ပြည်နယ်အချို့တွင် လေပြင်းတိုက်ခတ်၍ နေအိမ်များပျက်စီး၊ ထောက်ပံ့မှုများဆောင်ရွက်

နေပြည်တော် ဧပြီ ၂၈





မြန်မာနိုင်ငံအနေဖြင့် မိုးကြိုကာလများဖြစ်သော မတ်၊ ဧပြီနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပေါ်လေ့ရှိပြီး ယခုနှစ်တွင်လည်း လေပြင်းတိုက်ခတ်မှုများ ဖြစ်ပွားလျက်ရှိရာ ဧပြီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး၊ အုတ်ဖို၊ ပဲခူး၊ မိုးညို၊ အုတ်တွင်း၊ ထန်းတပင်၊ ဒိုက်ဦး၊ ကျောက်ကြီး၊ ကဝမြို့နယ်များ၌ နေအိမ် ၁၄ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၄၇၈ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး မင်းလှ၊ စလင်း၊ ပွင့်ဖြူ၊ ချောက်၊ ဆိပ်ဖြူ၊ မင်းတုန်းမြို့နယ်များ၌ နေအိမ်နှစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၂၅ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး သာစည်နှင့် မိတ္ထီလာမြို့နယ်တို့၌ နေအိမ် ၆၆ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ရေဝတီတိုင်းဒေသကြီး ဘိုကလေး၊ ဖျာပုံ၊ သာပေါင်း၊ ရေကြည်၊ ဟသ်္သာတမြို့နယ်များ၌ နေအိမ်လေးလုံး ပြိုကျပျက်စီးပြီး နေအိမ်သုံးလုံး အမိုးအကာလန် ပျက်စီးခြင်းတို့ ဖြစ်ပွားခဲ့သည်။

သို့ပါ၍ ဧပြီ ၉ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုများကြောင့် နေအိမ် ၁၇၂ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၃၈၄၁ လုံးနှင့် ဘာသာရေးအဆောက်အဦ ၆၉ လုံး အမိုးအကာလန်ပျက်စီးခြင်း များဖြစ်ပွားခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာဖိုး၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ကယ်ဆယ်ရေးပစ္စည်းဖိုးများ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၁၉၇ ဒသမ ၅ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆ နှင့် ၀၆၇-၃၄၀၄၇၇ တို့သို့ ဆက်သွယ်အကူအညီ တောင်းခံနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## သက်ကြီးရွယ်အိုများ စောင့်ရှောက်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

- COVID-19 ကူးစက်မြန်ရောဂါသည် နိုင်ငံတကာတွင် ဖြစ်ပွားနေသော အတွေ့အကြုံများအရ သက်ကြီးရွယ်အိုများ ကူးစက်ခံရပါက အသက်ဆုံးရှုံးသည်အထိ ပြင်းထန်ကြောင်း တွေ့ရှိရပါသည်။
- ထို့ကြောင့် မိမိတို့အိမ်ရှိ သက်ကြီးရွယ်အိုများ အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ရန် အိမ်ရှိအခြားသူများက ကျန်းမာရေးပညာပေးညွှန်ကြားချက်များကို သိရှိအောင်လေ့လာပြီး သတိမလွတ်ဘဲ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။
- သက်ကြီးရွယ်အိုများနှင့် အတူနေထိုင်သူများသည် မလိုအပ်ဘဲ အပြင်သွားလာခြင်းများ မပြုလုပ်ပါနှင့်၊ အချိန်တိုင်း တစ်ဦးနှင့်တစ်ဦး အနည်းဆုံး သုံးပေအကွာ ခပ်ခွာခွာနေထိုင်ရန် မမေ့ပါနှင့်၊ လက်ကိုမကြာခဏ စနစ်တကျဆေးကြောပါ။
- သက်ကြီးရွယ်အိုများ နေထိုင်မကောင်းလျှင်၊ ကိုယ်ပူခြင်း၊ ချောင်းဆိုးခြင်းများဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနများသို့ သတင်းအရင်ပေးပို့တိုင်ပင်ပြီးမှ ကျန်းမာရေးစောင့်ရှောက်မှုခံယူကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**



## ကျောက်ပန်းတောင်းမြို့နယ်တွင် နှစ်ရက်ဆက်ရွာသွန်းသောမိုးကြောင့် တောင်သူများ စိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်ရောက်

**ကျောက်ပန်းတောင်း မေ ၂၈**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် နှစ်ရက်ဆက်တိုက် မိုးရွာသွန်းခဲ့ရာ ကျောက်ပန်းတောင်းမြို့နယ်ရှိ တောင်သူများသည် ယမန်နေ့ နံနက်ပိုင်းမှစ၍ စိုက်ပျိုးရေးလုပ်ငန်းခွင် ဝင်ရောက်နေကြပြီဖြစ်သည်။

**တောင်သူများအဆင်ပြေ**

ကျောက်ပန်းတောင်းမြို့နယ်တွင် မေ ၂၅ ရက် မွန်းလွဲပိုင်းမှစတင်၍ မိုးရွာသွန်းခဲ့ပြီး သည်းထန်ခြင်းမရှိသော်လည်း ညနေ ၆နာရီခန့်အထိ တစိမ့်စိမ့်ရွာသွန်းခဲ့ကြောင်း သိရပြီး မေ ၂၆ ရက် ညနေပိုင်းတွင် ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းခဲ့ကာ လေပြင်းများပါ အနည်းငယ် တိုက်ခတ်ခဲ့ကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအချို့နှင့် မြို့ပေါ်တွင် လျှပ်စစ်ဓာတ်အားလိုင်းမရသော်လည်း တောင်သူများအတွက် နှစ်ရက်တည်းနှင့် မြေအစိုဓာတ်ရရှိစေရန်အဆင်ပြေစေခဲ့ကြောင်း သိရသည်။

**ရေအနည်းငယ် ဝင်ရောက်**

ထို့ပြင် မိုးရေလျှောင်ကန်အချို့၌ ရေအနည်းငယ်ဝင်ရောက် သည်ကိုတွေ့ရပြီး နွေလက်ကျန်ကာလများအတွက် တိရစ္ဆာန်များ သောက်သုံးရေ အဆင်ပြေနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုနေ**
**(ကျောက်ပန်းတောင်း)**

## စပျစ်သီးများ ကိုယ်တိုင်ခူးဆွတ်၍ ဈေးကွက်တွင် တိုက်ရိုက်ရောင်းချ

**မိတ္ထီလာ မေ ၂၈**
လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ရောဂါအခြေအနေကြောင့် မိတ္ထီလာတွင် စိုက်ပျိုးထွက်ရှိသည့် စပျစ်ခြံများမှ စပျစ်သီးများကို ပုံမှန်လာရောက်ဝယ်ယူသည့် ပွဲစားများ မရှိဘဲဖြစ်လျက်ရှိရာ စိုက်ပျိုးသူကိုယ်တိုင် ခူးဆွတ်၍ ဈေးကွက်တွင် တိုက်ရိုက်ရောင်းချနေရကြောင်း စပျစ်စိုက်ပျိုးသူများထံမှ သိရသည်။

"ခါတိုင်းနှစ်တွေဆို စပျစ်ခြံတွေအထိ ပွဲစားတွေဆင်းပြီး စပျစ်သီးကို လာရောက်ခူးဆွတ်ဝယ်ယူကြတယ်။ ဒီနှစ်တော့ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် စပျစ်သီးခြံကို လာရောက်ဝယ်ယူတဲ့ ပွဲစားတစ်ဦးတစ်ယောက်မှမရှိတဲ့အတွက်ကြောင့် စိုက်ပျိုးတဲ့သူတွေကိုယ်တိုင်ပဲ ခူးဆွတ်ပြီး ဈေးကွက်ကို တိုက်ရိုက်ရောင်းချနေရပါတယ်။ အဘတို့စပျစ်ခြံက စပျစ်သီးတွေကို သုံး လေးရက်ခြား တစ်ခါခူးပြီး နေပြည်တော်ဘက်က ဈေးကွက်ကို မော်တော်ယာဉ်နဲ့သွားပြီး ပိဿာချိန်လိုက် လက်လီသွားရောင်းချတယ်။ နေပြည်တော်မှာ စပျစ်သီးတစ်ပိဿာကို ကျပ် ၁၅၀၀ နဲ့ ရောင်းတယ်။ ခြံကို ကိုယ်တိုင်ကိုယ်ကျလာရောက်ဝယ်တဲ့ ဒေသခံတွေကို တစ်ပိဿာ ကျပ် ၁၃၀၀၊ ကျပ် ၁၄၀၀ နဲ့ရောင်းချပေးတယ်"ဟု ရွှေစစ်သည်-အုံတုံကျေးရွာချင်းဆက်လမ်းအနီး စပျစ်ခြံစိုက်ပျိုးရေးလုပ်ငန်းမှ စပျစ်စိုက်ပျိုးရေးပညာရှင် ဦးကျော်မြင့်က ပြောသည်။

မိတ္ထီလာမှ စပျစ်စိုက်ပျိုးသူများအနေဖြင့် စပျစ်သီးကို နှစ်စဉ် ဧပြီလဆန်းတွင် စတင်ခူးဆွတ်ပြီး ဧပြီလအကုန်မေလဆန်းအထိ ခူးဆွတ်ရောင်းချလေ့ရှိကာ ရောင်းချရသည့် အခြေအနေပေါ်မူတည်၍ စပျစ်သီးကို ခူးဆွတ်ရကြောင်းလည်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## စဉ့်ကိုင်မြို့၌ သာယာကျွန်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှရေဖြင့် နွေစပါးနှင့် နှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း

**စဉ့်ကိုင် မေ ၂၈**
မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် သာယာကျွန်းကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) သာယာကျွန်းလျှပ်စစ်မြစ်ရေတင် လုပ်ငန်းမှရေဖြင့် နွေစပါးဧက ၈၀ နှင့်နှမ်းစိုက်ဧက ၇၀ စုစုပေါင်း ဧက ၁၅၀လျာထားစိုက်ပျိုးလျက်ရှိရာ သတ်မှတ်ရာနှုန်းပြည့်မီ စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်မြင့်ထံမှ သိရသည်။

သာယာကျွန်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ဇန်နဝါရီ ၅ ရက်တွင် စတင်ရေပေးဝေခဲ့ရာ လက်ရှိကာလတွင် တောင်သူများအခက်အခဲမရှိစိုက်ပျိုးနိုင်ရန်အတွက် လိုအပ်ချက်များကိုလည်း တိုက်ရိုက်ဆက်သွယ် အကူအညီတောင်းခံနိုင်ရန် အချိန်နှင့်တစ်ပြေးညီ ကူညီပေးလျက်ရှိသည်။ ရေပေးဝေရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖုန်းနံပါတ်များကို ကြေညာပေးထားသည်။

သာယာကျွန်း လျှပ်စစ်မြစ်ရေတင်လုပ်ငန်းမှ ရေပေးဝေမှုဖြင့်နွေစပါးနှင့် နှမ်းများ စိုက်ပျိုးပြီးစီးနေပြီဖြစ်ရာ သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ နှမ်းစိုက်ပျိုး မြေတစ်ဧကလျှင် ရေပေးဝေခငွေကျပ် ၃၀၀၀၊ စပါးစိုက်မြေတစ်ဧကလျှင် လယ်ရိတ်သိမ်းသည်အထိ ရေသွင်းခသည် ငွေကျပ် ၉၀၀၀ ကိုပေးဆောင်ရသည်။ ဝန်ထမ်းများနှင့် တောင်သူများ ပူးပေါင်းကာ စိုက်ပျိုးရေလုံလောက်စေရေး၊ ရေအပိုအလိုမရှိစေရေး၊ သီးနှံစိုက်ခင်းများထိခိုက်မှုမရှိစေရေး၊ မြောင်းခေါင်း၊ မြောင်းကျပ်များဖြင့် ရေကိုစနစ်တကျအသုံးချလျက်ရှိကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) ဦးစီးမှူး ဦးတင်အောင်မြင့်က ပြောကြားသည်။

**နွေနဒီ(မြစ်ငယ်)**





## သရက်မြို့နယ် ရေနံမြေကျေးရွာတွင် သောက်သုံးရေဂါလန် ၅၀၀၀ ဖြန့်ဝေလှူဒါန်း

**သရက် မေ ၂၈**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပိတောက်ပင်ကျေးရွာအုပ်စု ရေနံမြေကျေးရွာတွင် ကျေးရွာနေပြည်သူများ နွေရာသီကာလ သောက်သုံးရေ ဖူလုံစေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ရေဂါလန် ၅၀၀၀ ကို ယမန်နေ့ ညနေ ၄ နာရီက ဒုတိယအကြိမ် ကျေးရွာအရောက် ဖြန့်ဝေပေးခဲ့သည်။

အဆိုပါသောက်သုံးရေများဖြန့်ဝေပေးရာတွင် ပုဂ္ဂလိကပိုင်ရေသယ်ယာဉ်များဖြင့် ရေဂါလန် ၅၀၀၀ ကို အိမ်ထောင်စု ၈၀၊ လူဦးရေ ၄၂၀ တို့အား သောက်သုံးရေများစနစ်တကျဖြန့်ဝေပေးခဲ့ပြီး ကျေးရွာများအတွက် သောက်သုံးရေများလှူဒါန်းလိုပါက စေတနာရှင်များအနေဖြင့် ရေကားတစ်စီးလျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း ၀၉-၂၅၈၆၈၇၉၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

**ဇော်ထက်**
**(သရက်)**

## တောင်သူများအား ယာယီလုပ်ကိုင် ခွင့်ပြုလက်မှတ် ပုံစံ(၃)ပေးအပ်

**နတ်တလင်း မေ ၂၈**
ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၉ နာရီခွဲက မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ ယာယီလုပ်ကိုင် ခွင့်ပြုလက်မှတ်ပုံစံ(၃) ပေးအပ်ခြင်း အခမ်းအနား ကျင်းပသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်အေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေနှင့်အခြားမြေများစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်(မြို့နယ်အုပ်ချုပ်ရေးမှူး)က ယခုယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၃)သည် တစ်နှစ်သာလုပ်ကိုင်နိုင်မည်ဖြစ်၍ ဆက်လက်၍ လုပ်ကိုင်ခွင့်ပြုချက်ရရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။


ဆက်လက်၍ တာဝန်ရှိသူများက တောင်သူ ၁၂ ဦးတို့အား လယ်မြေဧက ၄၉ ဒသမ ၉၇ ဧကအတွက် ယာယီလုပ်ကိုင်ခွင့်ပြုလက်မှတ်များပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# စောစောရှာ အက်ပလီကေးရှင်းကို Android ဖုန်းနှင့် Tablet များတွင် ထည့်သွင်းအသုံးပြုပုံ


(ယမန်နေ့မှအဆက်)

## အပိုင်း(၃)တည်နေရာမြေပုံ ကြည့်ရှုခြင်း





အသုံးပြုလိုရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး မြေပုံ(Map)ကို နှိပ်လိုက်ပါက မိမိသွားရောက်ထားတဲ့ Location များကို အမှတ်အသားများနဲ့ ပြနေပါလိမ့်မယ်။

## အပိုင်း(၄)ကျန်းမာရေးအခြေအနေသတင်းပေးပို့ခြင်း





အသုံးပြုလိုရတဲ့ နောက်ထပ်ပုံစံတစ်ခုကတော့ ဘယ်ဘက်အပေါ်ဆုံးမှာရှိတဲ့ Menu ထဲကိုဝင်ပြီး သတင်းပို့ပါ(Report) ကို နှိပ်လိုက်ပါက မိမိရဲ့ခံစားနေရတဲ့ ကျန်းမာရေးအခြေအနေကို အမှန်ခြစ်ပေး၍ အတည်ပြုပါ (Submit) ကိုနှိပ်ပြီး ပေးပို့နိုင်ပါတယ်။


## အပိုင်း(၅)အထောက်အကူပြုအချက်အလက်များ




စောစောရှာအက်ပလီကေးရှင်းရဲ့ ညာဘက်အပေါ်ထောင့်မှာ မိမိအတွက် လိုအပ်တဲ့အချက်အလက်များကို ဖော်ပြထားပါတယ်။ ပထမဦးဆုံး ဖော်ပြထားတာကတော့ မိမိအသုံးပြုနေတဲ့ ဗားရှင်း၊ ဆက်လက်ပြီး ဆက်သွယ်ရန် (Contact) ကိုနှိပ်လိုက်ပါက ဆက်သွယ်ရန် အရေးပေါ်ဖုန်းနံပါတ်တွေ၊ ဌာနတွေကို ဖော်ပြထားပါတယ်။




Terms & Condition များကို ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။




အောက်ဆုံးမှာရှိတဲ့ About ကိုနှိပ်ပြီး ဝင်ရောက်ကြည့်ရှုပါက စောစောရှာ အက်ပလီကေးရှင်း ထုတ်ဝေမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာ၊ ဌာနတာဝန်ရှိသူများနဲ့ အသုံးပြုသူ တစ်ဦးစီအတွက် UUID နံပါတ်တွေကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

**စောစောရှာ အက်ပလီကေးရှင်းကို အသုံးပြုခြင်းဖြင့် မိမိအနီးအနားတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ ရှိ၊ မရှိ သိရှိနိုင်ပြီး မိမိကိုယ်တိုင်၊ မိမိ၏ မိသားစုနှင့် မိမိနိုင်ငံကို ကာကွယ်ပါ။**



### ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် Mytel ဆင်းကတ်နှင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ လှူဒါန်းမှုလက်ခံရယူ

**ပုသိမ် မေ ၂၈**

ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် Mytel ဆင်းကတ်နှင့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ကျင်းပရာ Telecom International Myanmar Co.,Ltd. (Mytel) AYY Branch က ရေဝတီတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် Hot Line ဖုန်းနံပါတ်- ၀၉၆၆၆၁၀၉၉၉၉ နှင့် ဟန်းဆက်တစ်စုံ၊ Mytel ဆင်းကတ် ၃၀၀၀ တို့အား Corporate Vice Director ဦးကောင်းထက်လူကလည်းကောင်း၊ ငွေကျပ်သိန်း ၁၂၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၀၀ ကို မြန်အောင်မြို့ ရောင်နီ အရက်ချက်စက်ရုံပိုင်ရှင် ဦးတင်ဝင်းနှင့်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းတို့ကလည်းကောင်း ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုတွတ်(ပြန်/ဆက်)

## သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန် အသက်ရှူစက်တစ်စုံ လာရောက်လှူဒါန်း

**သထုံ မေ ၂၈**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရန်ကုန်မြို့နေ ဒေါက်တာတင်ထွန်းဦးနှင့် ဒေါက်တာခင်မိုးမိုး မိသားစုတို့က အသက်ရှူအထောက်အကူပြုကိရိယာ တစ်စုံကို မေ ၂၄ ရက် နံနက်ပိုင်းက သထုံမြို့ အောက်ကျင်းရပ်ကွက်ရှိ ဖူးဘုရားစေတီတော်ဓမ္မာရုံ၌ ပေးအပ်လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသူရိယက ဩဝါဒစကား မြွက်ကြားပြီး အလှူရှင် ဒေါက်တာတင်ထွန်းဦးက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင်မိသားစုက ငွေကျပ် ၁၈၈ သိန်း ငါးသောင်းတန်ဖိုးရှိ



အသက်ရှူစက်တစ်စုံအား ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်လင်းထွဋ်၊ သထုံခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအိနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြောကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဆားလင်းကြီးမြို့နယ်၌ ရိက္ခာစနစ်ဖြင့် ဖြန့်ဝေနိုင်မည့် စီမံချက်လူဦးရေစာရင်းများ ကောက်ယူ

**ဆားလင်းကြီး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်တွင် ရိက္ခာစနစ်ဖြင့် ဖြန့်ဝေနိုင်မည့် စီမံချက်နှင့်ပတ်သက်၍ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၌ ယနေ့နံနက်ပိုင်းမှစတင်၍ အိမ်ထောင်စု လူဦးရေစာရင်းများကို ကောက်ယူလျက်ရှိကြောင်း သိရသည်။

အဆိုပါ အိမ်ထောင်စုလူဦးရေစာရင်းများ ကောက်ယူရာတွင် အသက် တစ်နှစ်မှ ၁၂ နှစ်အထိ ဆန် ၆ ဒသမ ၃၇၅ ကီလိုဂရမ်၊ ဆီ ၃၃ ဒသမ ၇၅ ကျပ်သား၊ ဆား ၁၁ ဒသမ ၂၅ ကျပ်သား၊ ပဲ ၇၅ ကျပ်သား၊ ကြက်သွန်နီ ၁၆ ဒသမ ၅ ကျပ်သား၊ ငရုတ်သီးခြောက် ခြောက်ကျပ်သားနှုန်းဖြင့်လည်းကောင်း၊ အသက် ၁၂ နှစ်မှ ၄၀ ကြားအတွက် ဆန် ၁၂ ဒသမ ၇၅ ကီလိုဂရမ်၊ ဆီ ၆၇ ဒသမ ၅ ကျပ်သား၊ ဆား ၂၂ ဒသမ ၅ ကျပ်သား၊ ပဲ ၁၅၀ ကျပ်သား၊ ကြက်သွန်နီ ၃၃ ကျပ်သား၊ ငရုတ်သီးခြောက် ၁၂ ကျပ်သားနှုန်းဖြင့်လည်းကောင်း၊ အသက် ၄၀ နှင့် အထက်တွင် ဆန် ၈ ဒသမ ၅ ကီလိုဂရမ်၊ ဆီ ၄၅ ကျပ်သား၊ ဆား ၁၅ ကျပ်သား၊ ပဲ ၁၀၀ ကျပ်သား၊ ကြက်သွန်နီ ၂၂ ကျပ်သား၊ ငရုတ်သီးခြောက် ရှစ်ကျပ်သားနှုန်းဖြင့်လည်းကောင်း လူတစ်ဦးချင်းစီအတွက် ရက် ၃၀ အတွင်း ကုန်ကျမည့် စရိတ်နှုန်းထားများဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဇော်လင်း(ဆားလင်းကြီး)

## သံတောင်ကြီးမြို့ ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးရုံသုံးပစ္စည်းနှင့် စားသောက်ကုန်များ လှူဒါန်း

**သံတောင်ကြီး မေ ၂၈**

ကရင်ပြည်နယ် သံတောင်ကြီးမြို့ ပြည်သူ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနများအတွက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ယမန်နေ့နံနက်ပိုင်းက နယ်မြေခံတပ်နယ်မှ တပ်မတော်သားများက ဆေးရုံသုံးပစ္စည်းများနှင့်စားသောက်ကုန်များ လာရောက်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်၊ မြို့နယ်ဆရာဝန် ဒေါက်တာစည်သူစန်းနှင့် သူနာပြုဆရာမများက လက်ခံရယူခဲ့ကြသည်။



အဆိုပါ တပ်မတော်သားများ လှူဒါန်းပစ္စည်းများဖြစ်သည့် တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၃၅ စုံနှင့် ဆက်စပ်ပစ္စည်းများ၊ ကြက်ဥ၊ ရွှေဖီဦးလက်ဖက်ရည်ထုပ်၊ ကြာဆံထုပ်များကို သံတောင်ကြီးမြို့ ပြည်သူ့ဆေးရုံနှင့်ကျန်းမာရေးဌာန၊ တောပြာကြီးကျေးရွာ၊ ရွှေညောင်ပင်ကျေးရွာ၊ မောင်နွံ့ကြီးကျေးရွာနှင့် ပျားစခန်းကျေးရွာတို့မှ ကျေးလက်ကျန်းမာရေးဌာနများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ပစ္စည်းများလှူဒါန်းခဲ့ကြောင်း သိရသည်။

Holy (ပြန်/ဆက်)

## မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်၌ ဆေးဖျန်းပြီး နှာခေါင်းစည်းနှင့် လက်ဆေးဆပ်ပြာများ ထောက်ပံ့

**ရန်ကုန် မေ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် ကိုဗစ်-၁၉ ကူးစက်ရောဂါ အရေးပေါ်ကာကွယ်တုံ့ပြန်ရေး အထောက်အကူပြုကော်မတီက ယနေ့ နံနက် ၉ နာရီတွင် ပေါက်ကုန်းရပ်ကွက်အတွင်းရှိ အပိုင်း(၁)မှ အပိုင်း(၁၄) အထိ ပိုးသတ်ဆေးများဖျန်းခြင်း၊ နှာခေါင်းစည်း အခု၈၀၀ ကျော်နှင့် လက်ဆေးဆပ်ပြာတို့ကို မင်္ဂလာဒုံ ကျိုက္ကလို့ ဝတ္ထုကံမြေတွင် ဖွင့်လှစ်ထားသော ယာယီပျံကျဈေးမှ ဈေးသူဈေးသားများအား ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ပေါက်ကုန်းရပ်ကွက်တွင် အပိုင်း(၁)မှ အပိုင်း(၁၇)အထိရှိပြီး မေ ၂၀ ရက်မှစတင်၍ တစ်နေ့လျှင် အပိုင်းတစ်ပိုင်းအပြီး ပိုးသတ်ဆေးဖျန်းခြင်းကို ပေါက်ကုန်းရပ်ကွက် ကိုဗစ်-၁၉ ကူးစက်ရောဂါ အရေးပေါ်ကာကွယ်တုံ့ပြန်ရေး အထောက်အကူပြုကော်မတီအဖွဲ့နှင့် ပေါက်ကုန်းပရဟိတအဖွဲ့တို့ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော်မှ ပါမောက္ခ ဒေါက်တာနေစိုးမောင်(မိသားစု)က လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကျော် တန်ဖိုးရှိ နှာခေါင်းစည်းများနှင့် လက်ဆေးဆပ်ပြာတို့ကို ပေါက်ကုန်း ကိုဗစ်-၁၉ ကူးစက်ရောဂါ အရေးပေါ်ကာကွယ်တုံ့ပြန်ရေး အထောက်အကူပြုကော်မတီအဖွဲ့က အဆိုပါပျံကျဈေးအတွင်း လိုက်လံဝေငှခဲ့ကြကြောင်း သိရသည်။

မျိုးသန့်(ပြန်/ဆက်)

## ညောင်ဦးမြို့ ယာယီပျံကျဈေးတွင် နှာခေါင်းစည်းနှင့် လက်အိတ်များ အခမဲ့ဖြန့်ဝေ

**ညောင်ဦး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကင်းဝေးစေရေးအတွက် လူစုလူဝေးမဖြစ်စေရန်နှင့် လေဝင်လေထွက်ကောင်းမွန်စေရန် ရည်ရွယ်၍ ညောင်ဦးမြို့ ပြည်သူ့အားကစားကွင်းနှင့် ရွှေစည်းခုံဘုရားဝင်းအတွင်း ယာယီပျံကျဈေး ပြောင်းရွှေ့ဖွင့်လှစ်ထားရှိရာ မေ ၂၇ ရက် နံနက် ၈ နာရီက ဈေးသည်များနှင့် ဈေးဝယ်လာပြည်သူများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မြင့်နှင့် ဝန်ထမ်းများက သတ်မှတ်နေရာများတွင် စနစ်တကျ ရောင်းချဝယ်ယူခြင်း ရှိ/ မရှိ လိုက်လံကြည့်ရှုစစ်ဆေးပြီး နှာခေါင်းစည်းနှင့် လက်အိတ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးတင်မြင့်နှင့် ဝန်ထမ်းများက ယာယီပျံကျဈေးအတွင်း ရောင်းချနေသည့် ဈေးသည်များအား စားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် လုံခြုံအောင်ဖုံးအုပ်၍ ရောင်းချခြင်း ရှိ/ မရှိ၊ ရောဂါမဖြစ်ပွားစေရေး လက်အိတ်နှင့် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်၍ ရောင်းချခြင်း ရှိ/ မရှိ ကြည့်ရှုစစ်ဆေးပြီး ယာယီပျံကျဈေးအတွင်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများသည် ယာယီပျံကျဈေးသို့ လာရောက်ဈေးဝယ်ကြသော ဒေသခံပြည်သူများအား လက်ကို စနစ်တကျဆေးကြောပြီးမှ ဈေးဝယ်ယူကြရန်၊ နှာခေါင်းစည်းများ တပ်ဆင်ကြရန်နှင့် သတ်မှတ်ပေးထားသော ဈေးဝယ်ရမည့်နေရာမှသာ ရပ်၍ဈေးဝယ်ခြင်းများ ပြုလုပ်ကြရန်တို့ကို ဆွေးနွေးပြောကြားပြီး နှာခေါင်းစည်းမတပ်ဆင်ဘဲ ဈေးဝယ်လာသူများကို နှာခေါင်းစည်းများနှင့် လက်အိတ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)



## ကိုဗစ်-၁၉ ရောဂါအခြေအနေအပေါ် မူတည်၍ မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင် အသင်းများ ပြန်လည်လေ့ကျင့်မည်

ရန်ကုန် မေ ၂၈

မြန်မာ့လက်ရွေးစင်အသင်းအပါအဝင် လူငယ်လက်ရွေးစင်အသင်းများမှာ ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် လေ့ကျင့်မှုရပ်နားထားပြီး ရောဂါအခြေအနေအပေါ်မူတည်၍ ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။

လက်ရွေးစင်အသင်းများသည် မတ် ၂၄ ရက်မှစ၍ လေ့ကျင့်မှု ရပ်နားထားပြီး နိုင်ငံတကာပြိုင်ပွဲများလည်း ရွှေ့ဆိုင်းထားသောကြောင့် လေ့ကျင့်မှု ပြုလုပ်မည့်အစီအစဉ်ကို ဆက်လက်ရပ်နားထားခြင်းဖြစ်သည်။

လက်ရွေးစင်အသင်းများအနက် မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းသည် ရွှေ့ဆိုင်းထားသည့်ကမ္ဘာ့ဖလားခြေစစ်ပွဲ လက်ကျန်ပွဲသုံးပွဲအပြင် နိုဝင်ဘာတတိယပတ်တွင် စတင်မည့် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲပါ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ထို့ပြင် ယူ-၁၉ အမျိုးသားအသင်း၊ ယူ-၁၆ အမျိုးသားအသင်း၊ ယူ-၁၈ အမျိုးသမီးအသင်း၊ ယူ-၁၅ အမျိုးသမီးအသင်း၊ ဖူဆယ်အမျိုးသားအသင်းတို့မှာ နှစ်ကုန်ပိုင်းတွင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အမျိုးသမီးလက်ရွေးစင်အသင်းနှင့် ယူ-၂၃ အမျိုးသားအသင်းတို့မှာ လာမည့်နှစ်အတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊ ယူ-၁၆ အသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊ ယူ-၁၈ အမျိုးသမီးအသင်းသည် အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ၊ ယူ-၁၅ အမျိုးသမီးအသင်းသည် အာဆီယံ ယူ-၁၅ အမျိုးသမီးပြိုင်ပွဲ၊ ဖူဆယ်အမျိုးသားအသင်းသည် အာဆီယံဖူဆယ်ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့်ပြိုင်ပွဲများမှာ ရပ်နားထားပြီး စက်တင်ဘာမှသာ အစောဆုံး ပြန်လည်ကျင်းပဖွယ်ရှိနေသည်။ မြန်မာဘောလုံးအသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် အာဆီယံအဆင့်ပြိုင်ပွဲများမှာလည်း ဩဂုတ်အကုန်ထိ ရပ်နားထားပြီး စက်တင်ဘာနောက်ပိုင်းမှ အစောဆုံးကျင်းပနိုင်မည်ဖြစ်သော်လည်း လက်ရွေးစင်အသင်းများ၏ ကြိုတင်ပြင်ဆင်မှုများအတွက် စတင်ဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာ့လက်ရွေးစင်အပါအဝင် လူငယ်လက်ရွေးစင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်မှုများ၊ ပြိုင်ပွဲအကြို နိုင်ငံတကာခြေစမ်းပွဲများ၊ နည်းပြခန့်အပ်ရမည့်အသင်းများ၊ နည်းပြအဖွဲ့ဝင် အင်အားဖြည့်တင်းမည့်အသင်းများကို ဆက်လက်အင်အားဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## လိဗ်ဒ်စ်ယူနိုက်တက်အသင်း ဗဟိုခံစစ်မှူး ဘန်ဝှိုက်ကို အငှားနဲ့ခေါ်ယူရေး လီဗာပူး၊ မန်ယူနဲ့ မန်စီးတီးတို့ အပြိုင်ကြိုးပမ်းနေ

လိဒ်စ်ယူနိုက်တက်အသင်းရဲ့ ဗဟိုခံစစ်ကစားသမား ဘန်ဝှိုက်ကို အငှားစာချုပ်နဲ့ ခေါ်ယူဖို့အတွက် ပရီမီယာလိဂ်ထိပ်တန်းကလပ်အသင်းတွေက စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

အခုနှစ်ဘောလုံးရာသီမှာ လိဒ်စ်ယူနိုက်တက်အသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေတာဖြစ်ပြီး လက်ရှိမှာ ဘန်ဝှိုက်ကို နွေရာသီအပြောင်းအရွှေ့ကာလအတွင်း အငှားစာချုပ်နဲ့ခေါ်ယူဖို့အတွက် လီဗာပူးအသင်း၊ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့က အပြိုင်ကြိုးပမ်းနေကြတာဖြစ်ပါတယ်။

နောက်တန်းကစားသမား ဘန်ဝှိုက်ဟာ အခုနှစ်ဘောလုံးရာသီမှာ လိဒ်စ်ယူနိုက်တက်အသင်းအတွက် ချန်ပီယံရှစ်ပြိုင်ပွဲ ၃၇ ပွဲစလုံး ပွဲထွက်ကစားခွင့်ရရှိခဲ့သူလည်းဖြစ်ပါတယ်။ အသက် ၂၂ နှစ်အရွယ်ရှိ ဗဟိုခံစစ်ကစားသမား ဘန်ဝှိုက်ဟာ ဘရိုက်တန်အသင်းဆီ တစ်ရာသီအငှားစာချုပ်နဲ့ သွားရောက်ကစားဖို့ရှိနေပေမယ့် လီဗာပူးအသင်း၊ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့က ခေါ်ယူဖို့ရှိနေတာကြောင့် အဲဒီအသင်းသုံးသင်းထဲက တစ်သင်းဆီကို အငှားနဲ့ သွားရောက်ကစားဖို့ ပြောင်းလဲစီစဉ်နေတယ်လို့ သိရပါတယ်။

လီဗာပူးအသင်းကတော့ ဗဟိုခံစစ်ကစားသမား ဘန်ဝှိုက်ဟာ နောက်ချန်ကွင်းလယ်ကစားသမားနေရာရော ညာခြမ်းခံစစ်ကစားသမားနေရာပါ ကစားနိုင်တာမို့ အန်ဖီးလ်အရောက်ခေါ်ယူဖို့ အခြားအသင်းတွေနဲ့အပြိုင်ကြိုးပမ်းနေတာဖြစ်ပါတယ်။ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းကလည်း ခံစစ်ပိုင်းအားနည်းချက်ရှိတဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့ နွေရာသီဈေးကွက်အတွင်း နောက်တန်းကစားသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။




## မန်ယူ၊ အာဆင်နယ်နဲ့ ချယ်လ်ဆီးအသင်းတို့က ဝက်စ်ဟမ်းကွင်းလယ်လူ ဒီကလန်ရိုက်ကို ခေါ်ယူမည်




ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ အာဆင်နယ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ကို ခေါ်ယူဖို့ပြင်ဆင်နေတယ်လို့ သိရပါတယ်။

ဝက်စ်ဟမ်းအသင်းဟာ ပြီးခဲ့တဲ့နွေရာသီဈေးကွက်အတွင်းက ကစားသမားခေါ်ယူမှုအတွက် ငွေကြေးမြောက်မြားစွာသုံးစွဲခဲ့မှုနဲ့ အခုနှစ်မှာ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေကြောင့် ဘဏ္ဍာရေးအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ ပြီးခဲ့တဲ့နွေရာသီက ဆီဘတ်စတီယန်ဟယ်လာနဲ့ ပါဘလိုဖော်နယ်လ်တို့ကို ဈေးကြီးကြီးပေးပြီး ခေါ်ယူခဲ့တာလည်းဖြစ်ပါတယ်။

လက်ရှိအနေအထားအရ ကွင်းလယ်ကစားသမား ဒီကလန်ရိုက်ဟာ မန်ယူအသင်းဆီ ပြောင်းရွှေ့လာဖို့ရှိနေတယ်လို့ မန်ယူအသင်းနည်းပြ ဆိုးရှားက ပြောကြားထားပါတယ်။ ဒီကလန်ရိုက်ဟာ ကွင်းလယ်ကို အားထားကစားတဲ့ ဝက်စ်ဟမ်းအသင်းအတွက် အဓိကကစားသမားအဖြစ် ပါဝင်နေရတာဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဘောလုံးပြိုင်ပွဲတွေမရပ်နားထားမီမှာ ဝက်စ်ဟမ်းအသင်းနဲ့အတူ ၂၉ ပွဲပါဝင်ကစားခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဝက်စ်ဟမ်းအသင်းနည်းပြ ဒေးဗစ်မိုယက်စ်က ဒီကလန်ရိုက်ကို ရောင်းချဖို့ ဆန္ဒမရှိဘူးလို့ ပြောကြားထားပေမယ့် ဘဏ္ဍာငွေလိုအပ်ချက်ကြောင့် ရောင်းချရမယ့်အနေအထားမှာရှိနေတာ ဖြစ်ပါတယ်။

ငွေကြယ်-ရေးသားသည်

## အနုပညာ

### ဒေသတွင်းတေးဂီတဇယားကို ဦးဆောင်နေတဲ့ Apink

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Apink ဟာ တေးအယ်လ်ဘမ်သစ်ထုတ်လွှင့်မှုနဲ့အတူ ယင်းတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဟာ ဒေသတွင်းတေးဂီတဇယားတစ်ခုဖြစ်တဲ့ စွန်ပီရဲ့ နံပါတ်တစ်နေရာမှာ ရပ်တည်နေကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ရဲ့ မီနီတေးအယ်လ်ဘမ် Look မှာ ပါဝင်တဲ့ ခေါင်းစီးတေး Dumhdurum ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း စွန်ပီတေးဂီတဇယားမှာ ထိပ်ဆုံးမှာ နေရာယူထားတာ ဖြစ်ပါတယ်။

အဆိုပါတေးဂီတဇယားရဲ့ နံပါတ်နှစ်နေရာမှာ ITZY က ရပ်တည်နေပြီး နံပါတ်သုံးနေရာမှာ(G)I-DLE က ရပ်တည်နေကြောင်းလည်း သိရပါတယ်။

### TWICE ၏ တေးအယ်လ်ဘမ်သစ် ဇွန်လဆန်းတွင် ထွက်ရှိမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ TWICE ဟာ ဇွန်လအတွင်း တေးအယ်လ်ဘမ်သစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ အွန်လိုင်းသတင်းစာရှင်းလင်းပွဲမှာ တေးအယ်လ်ဘမ်သစ်ကို ဇွန် ၁ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မေ ၂၈ ရက်မှာ TWICE ဟာ ယူကျူကနေ ထုတ်လွှင့်မယ့် TWICE: Seize the Light အတွက် သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ပါတယ်။ အဆိုပါသတင်းစာရှင်းလင်းပွဲမှာ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီဟိုက တေးအယ်လ်ဘမ်သစ်ကို လာမယ့် ဇွန် ၁ ရက်မှာ စတင်ထုတ်လွှင့်ပေးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး ယင်းတေးအယ်လ်ဘမ်ရဲ့ ခေါင်းစီးတေးအမည်မှာ More & More ဖြစ်ကြောင်းလည်း တစ်ပါတည်း ပြောကြားခဲ့တယ်လို့ သိရပါတယ်။

အခြားသော အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချာယောင်းက အဆိုပါ တေးအယ်လ်ဘမ်သစ်ဟာ ပြီးခဲ့တဲ့ ကိုးလတာကာလအတွင်း ပထမဆုံး ထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်သစ်ဖြစ်ကာ လက်ရှိမှာ အသံသွင်းမှုတွေလည်း ပြီးဆုံးနေပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒ့ါအပြင် သူက တေးသီချင်းသစ်အတွက် တေးဗီဒီယိုကိုလည်း ရိုက်ကူးပြီးဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တယ်လို့ သိရပါတယ်။





### ရှူဂါနဲ့တွဲဖက်သီဆိုထားတဲ့ တေးသီချင်းထုတ်လွှင့်သွားမယ့် အိုင်ယူ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးဖြစ်သူ အိုင်ယူဟာ တေးသီချင်းသစ်မှာ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရှူဂါနဲ့တွဲဖက်ကာ သီဆိုထားကြောင်း သိရပါတယ်။ လတ်တလောမှာ အိုင်ယူက အဆိုပါ တေးသီချင်းသစ်အတွက် စမ်းသပ်ထုတ်လွှင့်မှုပြုခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အိုင်ယူရဲ့ ဖျော်ဖြေရေးအေဂျင်စီက ရှူဂါနဲ့ တေးသီချင်းသစ် တွဲဖက်ဖန်တီးထားကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် မေ ၂၈ ရက်မှာ အိုင်ယူက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် တေးသီချင်းသစ်ကို စမ်းသပ်ထုတ်လွှင့်ခဲ့ပါတယ်။

အဆိုပါတေးသီချင်းကို အိုင်ယူနဲ့ ရှူဂါတို့ အတူထုတ်လုပ်သွားမှာဖြစ်တဲ့အပြင် တေးသီချင်းမှာ ရှူဂါက ပါဝင်အားဖြည့်သီဆိုပေးထားကြောင်းလည်း သိရပါတယ်။ တေးသီချင်းရဲ့ အမည်ကိုတော့ Eight လို့ ပေးထားပြီး လာမယ့် မေ ၆ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့်-ရေးသားသည်

## ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဒေါ်ခင်လေးယု (ခ) Ruth Samual

**အသက် (၈၄)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ပြည်သာယာရိပ်သာ၊ ပြည်တော်အေးလမ်း၊ အမှတ်(၃)နေ (ဗိုလ်ကြီးအေဆယ်မြူရယ်–ဒေါ်ခင်ခင်)တို့၏ သမီးဦး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဘ(အငြိမ်းစား)၏ ချစ်ဇနီး၊ ဦးကိုကိုဦး၊ ဦးမင်းမင်းဦး–ဒေါ်နော်မြမြဌေး၊ (ကိုသက်လွင်ဦး)၊ (ကိုထွန်းထွန်းဦး)၊ ဦးနိုင်နိုင်ဦး–ဒေါ်မေနီအောင်၊ ဒေါ်နွယ်နီဦး၊ ဦးအောင်အောင်ဦး–ဒေါ်ဆိုင်းပန်တို့၏မိခင်၊ မြေး ၁၂ ယောက်၊ မြစ် ၆ ယောက်တို့၏အဘွား ဒေါ်ခင်လေးယု(ခ)Ruth Samual သည် ၂၈–၄–၂၀၂၀ ရက်နေ့ ည ၉:၂၅ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ခုတင် (၅၀၀)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉–၄–၂၀၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးစောသန်းညွန့် (ကော့ကရိတ်)

**အသက် (၈၉)နှစ်**

**မြို့နယ်ကောင်စီဥက္ကဋ္ဌ (ငြိမ်း)၊ ကော့ကရိတ်မြို့နယ်၊ လူထုပညာရေးမှူး၊ အဌမအပတ်၊ ကျန်းမာရေးမှူး**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ (ဦးရွှေရုံး–ဒေါ်စိန်)တို့၏သား၊ ဒေါ်ခင်ထားကြည်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်လင်း–ဒေါ်ရင်မွှေး)၊ (ဦးအောင်မြင့်–ဒေါ်သန်း)တို့၏မောင်၊ (ဦးမန်းညဏ်ဟိန်း–ဒေါ်စီစီမေ)၊ (ဦးမန်းငွေအောင်)–ဒေါ်နော်တင်ဦးတို့၏အစ်ကို၊ ဦးစောအောင်တင့်မိုး–ဒေါ်မူရှီး၊ ဦးမြတ်ကျော်–ဒေါ်နန်းလင်းလင်းစုတို့၏ဖခင်၊ နော်မြတ်လေးဖြူ၊ နော်နိုနိုလင်းဖြူ၊ မသင်းမြတ်ထက်၊ မဆုမြတ်ထက်၊ မခင်မြတ်ထက်၊ မောင်ရှိန်လင်းမြတ်တို့၏အဘိုး ဦးစောသန်းညွန့် (၈၉)နှစ်သည် ၂၇–၄–၂၀၂၀ (တနင်္လာနေ့)၊ နံနက် ၃:၁၅နာရီတွင် အမှတ်(၃၁)၊ မင်္ဂလာလမ်း၊ (၈)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၄–၂၀၂၀(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးမြင့်ဌေး

**ဒုတိယခရိုင်တရားသူကြီး (တ/၂၀၆၆) (ငြိမ်း)**

**အသက် (၆၁) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ မြို့မပိုင်းနေ ဦးဘယ–ဒေါ်ပုသေးတို့၏သားထွေး၊ တိုက်ကြီးမြို့၊ GIC (189) တမိုင်ဝန်ထမ်းအိမ်ရာနေ မထက်ဖူးဝေ၊ မောင်ခန့်ဇော်ထက်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါ်စုစုမာ၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်ဌေးသည် ၂၈–၄–၂၀၂၀ (အင်္ဂါနေ့) နံနက် ၉:၀၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀–၄–၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် တိုက်ကြီးမြို့၊ GIC (189) တမိုင်ဝန်ထမ်းအိမ်ရာနေအိမ်မှ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသူရကိုကို

**အ.ထ.က(၃) မရမ်းကုန်းမြို့နယ်၊ ကျောင်းသားဟောင်း**

**အသက် (၄၈) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဒေါက်တာကိုကို–ဒေါ်အမာလွင်)တို့၏သား၊ မရမ်းကုန်းမြို့နယ်နေ (ဦးထွန်းအေး)–ဒေါ်မြသန်းတို့၏သားသမက်၊ ကိုတင်မောင်ထွေး–မအိစပယ်လွင်၊ မမိုးစပယ်လွင်တို့၏ အစ်ကို၊ မရမ်းကုန်းမြို့နယ်၊ (၅) ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၁၉/၁၄၇)နေ ကိုဇင်မင်းဦး–မယုယထွေး၊ မရွှေအိမ်သူ၊ မောင်ရဲရင့်ကိုကိုတို့၏ ဖခင်၊ တူ/တူမ လေးယောက်တို့၏ဦးလေး၊ ဒေါ်စုစုထွေး(မစိုး)၏ချစ်လှစွာသော ခင်ပွန်းသည် ၂၅–၄–၂၀၂၀ (စနေနေ့) ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၄–၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အနိစ္စ

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)

## ကိုမောင်မောင်နိုင်

**အသက် (၄၂)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ (၁၅)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ်(၅၈၅)နေ မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင်ဖြစ်သူ ဦးစိုးထွန်း–ဒေါ်ရွှေတင်နုတို့၏သား၊ ဒေါ်နုနုလှိုင်၏ခင်ပွန်း ကိုမောင်မောင်နိုင်သည် ၂၇–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၄–၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/သားများလိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)

အမှုဆောင်အဖွဲ့

---

## မူးယစ်ကိုပစ် ပန်းတိုင်သစ်

## စိတ်သစ် လူသစ် ဘဝသစ်

---

# အထူးကျေးဇူး ဥပကာရတင်ရှိခြင်း

၂၃–၄–၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးချမ်းသာဦး (MD ရွှေဘုန်းပြည့်အောင် Co.,Ltd,)၊ ဇဟိုအလုပ်အမှုဆောင်ကော်မတီဝင် (MRF)၊ ဒုတိယဥက္ကဋ္ဌ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်) အသက် (၃၇)နှစ်၊ ကွယ်လွန်ချိန်မှစ၍ ရက်လည်သည့်နေ့အထိ အစစအရာရာလိုလေသေးမရှိအောင် ဆောင်ရွက်ပေးခဲ့ကြသော နာရေးကူညီမှုအသင်း (ရန်ကုန်)၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်ကုန်သည်များအသင်း၊ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်)၊ ဆန်စပါးကုန်စည်ဒိုင် (ဘုရင့်နောင်)၊ ဆန်စပါးကုန်စည်ဒိုင် (မန္တလေး)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မူဆယ်–နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း၊ JF Group မှ မိသားစုဝင်များ၊ We Love Yangon၊ We Love North– Okkalapa Zone၊ သင်္ကန်း ပရိက္ခရာ လှူဖွယ်ဝတ္ထုအစုစုနှင့် လွမ်းသူ့ပန်းခြင်း၊ ပန်းခွေများပေးပို့ခဲ့ကြသည့် လူပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့အစည်းများ၊ နေအိမ်သို့ ကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း၊ Message၊ Wechat၊ Viber တို့ဖြင့်သော်လည်းကောင်း ဆက်သွယ်အားပေး သတင်းမေးမြန်းခြင်းနှင့် နာရေးခရီးသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော လူကြီးမင်းများ၊ ဌာနဆိုင်ရာများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကုမ္ပဏီများမှ မိတ်ဆွေ အပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေ အပေါင်းအသင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား အထူးကျေးဇူး ဥပကာရတင်ရှိပါသည်။

**ညှိုးငယ်သောစိတ်ထားဖြင့်**
**ကျန်ရစ်သူမိသားစု**

---

**ဘီးလင်းမြို့နယ်အသင်း (ရန်ကုန်)**

## ဒေါ်ခင်ထွေးရီ

**ရာသက်ပန်အသင်းဝင် အမှတ်(၅၁၂)**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၀၈–အိုင်)၊ နွေဦးမာလာလမ်းသွယ်၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၁) ရပ်ကွက်နေ [ဦးကိုလေး (နိုင်ငံခြားရေးဝန်ကြီးဌာန) ]၏ဇနီး၊ အသင်းဝင်များ ဒေါ်မီမီကို၊ ဦးအေးကိုကို(ဒုညွှန်ချုပ်–နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်စီစီကို၊ ဒေါ်နီလာကို၊ ဦးအောင်ကို (ညွှန်ချုပ်–နိုင်ငံခြားရေးဝန်ကြီးဌာန)တို့၏ ကျေးဇူးရှင်မွေးမိခင်သည် ၁၀–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၄–၂၀၂၀ ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

## မာမာအေး(ခ)ထက်ထက်မိုးဦး

**အသက်(၇၀)**

ရန်ကုန်မြို့၊ (၅၇)လမ်း၊ အမှတ်(၁၃၉/၁၄၁–က)နေ ညောင်လေးပင်မြို့ အငြိမ်းစား သမာဓိမြို့ဝန်မင်း ဦးချစ်–ဒေါ်ရွှေညွန့်တို့၏ သမီးထွေး၊ ဒေါ်ကြည်ကြည်(ဝဏ္ဏစာပေ)၊ ဒေါ်လှလှ (ဒုတိယ ညွှန်ကြားရေးမှူး–ငြိမ်း၊ စာရင်းစစ်ချုပ်ရုံး၊ ကထိကဟောင်းနိုင်ငံတော်အစိုးရ စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (လေ့/သု ဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)၊ ကုလသမဂ္ဂ၊ ယခင် UNV Auditor, Uganda၊ ဒေါက်တာဦးစိန်ဝင်း၊ ပါမောက္ခဟောင်း၊ မလေးရှားဆေးတက္ကသိုလ်တို့၏ ညီမအငယ်ဆုံး၊ ဦးလှမြင့် (မန်နေဂျာ၊ AGD ဘဏ်)၏ အစ်မသည် ၂၆–၄–၂၀၂၀ ရက် နံနက် ၀၀:၁၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၂၉ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများနှင့် ညီမလေးအားအတိုင်း ထက်အလွန်ချစ်မြတ်နိုးကြသည့် ပြည်တွင်းပြည်ပ မိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ညီမလေးအား မေတ္တာ အကြင်နာအပြည့်ဖြင့် စောင့်ရှောက်၍ ဆေးဝါးကုသပေးသော ပုဂ္ဂိုလ်အပေါင်းအားလည်း အထူးကျေးဇူးတင်ရှိပါသည်။

ညီမလေး၏ ကျန်ရစ်သူ
အစ်မကြည်၊ အစ်မလေးနှင့်
ကိုလေး–မိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နီနီ**

**အသက် (၈၇) နှစ်**

သူငယ်ချင်း ဒေါ်ဆင့်ဆင့်အောင် (Nippon Television၊ သတင်းထောက်)၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်နီနီသည် ၁၆–၄–၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ သူငယ်ချင်းရဲ့ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းရဲ့မိခင်ကြီး ကောင်းရာသုဂတိမှာ ငြိမ်းချမ်းနိုင်ပါစေ။

**1984–ပျော်ဘွယ် ကားလမ်း**
**လုပ်အားပေးစခန်းသူငယ်ချင်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာ မြင့်မြင့်မေ**

အသက်(၈၅)နှစ်

**သူငယ်ချင်း ပါမောက္ခ Dr အေးထွန်း(ဆေး–၂)+**
**ဒုဗိုလ်မှူးကြီး ယုယုခင်( ငြိမ်း )တို့၏**

**ချစ်လှစွာသော မိခင်သည် (၂၆.၄.၂၀၂၀) တနင်္ဂနွေနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ကောင်းရာသုဂတိလားပါစေ။**

**Class Of 1987 IM(1) ဘွဲ့ရ သူငယ်ချင်းများ**

---

## ဒေါ်စောယဉ် (Elice)

**အသက်(၉၇)နှစ်**

**စစ်တွေမြို့**

(ဒေါက်တာ ဦးထွန်းအောင်ကျော် – ဒေါ်စောဘု)တို့၏ သမီး၊ (ဦးကျော်ဦး–ဒေါ်စံပြရီ)တို့၏ သမီးချွေးမ၊ (ဦးစံလှ)၏ ဇနီး၊ ဒေါက်တာခင်စောလှ(ညွှန်ကြားရေးမှူး–ငြိမ်း၊ FDA)၊ (ဦးခင်မောင်ကြည် R/O)၊ ဒေါ်မေမေခင် (မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်း)–(ဦးထွန်းမြင့်)တို့၏ မိခင်၊ စောထွဋ်အောင် (Star Hub, Singapore)၊ မျိုးသက်ခိုင် (Golden Eagle Co.,Ltd.), မေသန္တာ (Zifam Pyrex Myanmar)တို့၏ အဘောင်ရှင်သည် ၂၇–၄–၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် အမှတ်–၁၊ (၄/ဂ)၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၉–၄–၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးအောင်သန်း(စာရေးဆရာ မောင်မောင်ပြုံး)

**မြန်မာ့ဂုဏ်ရည် စာပုံနှိပ်တိုက်ပိုင်ရှင်၊**
**မြတ်ကြေးမုံမဂ္ဂဇင်း ထုတ်ဝေသူ**

**အသက် (၈၀)**

ရန်ကုန်မြို့နေ (အမျိုးသားပညာဝန် ဦးဖိုးကျား–ဒေါ်အေးကြည်)တို့၏တူ၊ (ဦးချစ်ဆွေ–ဒေါ်အေးကြည်)တို့၏သား၊ အင်္ဂလန်နိုင်ငံနေ Mr.David Ovey–ဒေါ်ဖြူသန့်စင်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၄)ရပ်ကွက်၊ FMI City ရွှေသရဖီ(၂)လမ်း၊ အမှတ်(H–၉၃) နေ ဒေါ်သဇင်ဖေချစ်(Managing Director, Myanmar Fantastic Travel & Tours )တို့၏မွေးသဖခင်၊ Crystal ရှင်းသန့်မေ၊ Emerald အိမ့်ရွှေစည်၊ Michael သုတ၊ Alexander Aung Ovey တို့၏အဘိုး၊ ဒေါ်မေသင်းအောင်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၅–၄–၂၀၂၀ ရက် ညနေ ၅:၁၅ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆–၄–၂၀၂၀ ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း ဒါယကာကြီး**

## ဦးဇော်သိန်း

**အသက်(၆၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ ပွဲစားတန်းလမ်းနေ (ဦးကျင်မောင်–ဒေါ်ကျင်တီ)တို့၏ သား၊ အရှေ့လမ်းမတော်နေ (ဦးစွန်–ဒေါ်ခင်ကြူ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ ဦးသန်းထွန်း–ဒေါ်လှလှဝင်း၊ ဇီးကုန်းမြို့နေ ဦးသန်းရွှေ–ဒေါ်မြမြဝင်းတို့၏မောင်၊ ကြို့ပင်ကောက်မြို့နေ ဒေါ်စန်းစန်းဝင်း၊ ဒေါ်ချိုချိုဝင်း၊ ရန်ကုန်မြို့နေ ဦးကျော်ဌေး–ဒေါ်ကြည်ကြည်ဝင်း၊ ဦးဇော်လင်း–ဒေါ်မြင့်မြင့်အောင်၊ ဒေါ်သန်းသန်းဝင်းတို့၏ အစ်ကို၊ ကိုဝေမင်းဟန်–မချိုသက်ဇော်၊ ကိုမြတ်မင်းဇော်–မနန်းစိန်ပွင့်တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မောင်ဆက်နောင်၊ မနိုရာရွှန်းလက်၊ စိုင်းပုညပိုင်သော်တို့၏ချစ်လှစွာသောအဘိုး ကြို့ပင်ကောက်မြို့၊ အရှေ့လမ်းမတော်လမ်း၊ အမှတ်(၆၀)နေ ဒေါ်စန်းစန်းဌေး၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်သိန်းသည် ၂၇–၄–၂၀၂၀ (တနင်္လာနေ့) ည ၁၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉–၄–၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ကြို့ပင်ကောက်မြို့ သဲတွင်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# ကိုဗစ်-၁၉ သက်ရောက်မှုကာလအတွင်း ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၈

**Coronavirus Disease COVID–19 သက်ရောက်မှုကာလအတွင်း ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၆/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် Video Conferencing စနစ်ဖြင့် ကျင်းပသည်။**

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင်များက နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှလည်းကောင်း၊ ကျန်အဖွဲ့ဝင်များက သက်ဆိုင်ရာ နေရာဒေသများမှလည်းကောင်း ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း(၃)ခုမှ မတည်ငွေရင်း တိုးမြှင့်ခြင်း အပါအဝင် အခြားဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် အိမ်ရာ၊ အဆောက်အဦကဏ္ဍတို့မှ လုပ်ငန်းအသစ်(၅)ခုကို ခွင့်ပြုခဲ့သည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Video Conferencing ဖြင့် ကျင်းပသည့် ကိုဗစ်–၁၉ သက်ရောက်မှုကာလအတွင်း ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက်စေရေးအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးတွင် ပါဝင်ဆွေးနွေးစဉ်။

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်း၊ အပ်ငွေများအပေါ်ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ် တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဗဟိုဘဏ်၏အတိုးနှုန်း၊ အပ်ငွေများအပေါ် ပေးသည့် အတိုးနှုန်းနှင့် ချေးငွေများအပေါ်တောင်းခံနိုင်သည့် အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၈/၂၀၂၀) အား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၂၇ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ ညွှန်ကြားချက်အပြည့်အစုံမှာ–

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်ရည်ရွယ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်း(Bank Rate)ကို တစ်နှစ်လျှင် (၈.၅) ရာခိုင်နှုန်းမှ (၇.၀) ရာခိုင်နှုန်းသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်လိုက်ပြီး၊ ဘဏ်များ၏ အပ်ငွေအပေါ်အတိုးနှုန်းနှင့် ချေးငွေအပေါ်အတိုးနှုန်းများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်–

(က) ငွေစုစာရင်းအပ်ငွေ၊ ငွေစုလက်မှတ်နှင့် အချိန်စေ့မှပေးရမည့် အပ်ငွေတို့အပေါ်တွင် ပေးရမည့် အနည်းဆုံးအတိုးနှုန်းကို ဗဟိုဘဏ်အတိုးနှုန်းအောက် (၂) ရာခိုင်နှုန်း (၇.၀%–၂.၀%=၅.၀%) ထက်မနည်းစေရ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖



# ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး နမ့်စန်မြို့ ယာယီပျံကျဈေး၌ ပိုးသတ်ဆေးဖျန်း

နမ့်စန် မေ ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ရေးအနေဖြင့် အထက(နမ့်စန်) ဘောလုံးကွင်းအတွင်းရှိ ယာယီပျံကျဈေးအား ယနေ့မွန်းလွဲ ၂ နာရီက တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပိုးသတ်ဆေးရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

နမ့်စန်တပ်နယ်မှူး မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦးနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်းတို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများက ယာယီပျံကျဈေးဆိုင်ခန်းနေရာများ၊ ဈေးပတ်လမ်းများ၊ ယာဉ်ရပ်နားသည့်နေရာများနှင့် အများသုံးသန့်စင်ခန်းနေရာများကို မီးသတ်ယာဉ်နှစ်စီးဖြင့် ပိုးသတ်ဆေးရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၄ သို့ ✳


ကြေးမုံ ယနေ့ ဖတ်စရာ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ လာရောက်မည့် ဌာန/အဖွဲ့အစည်းများနှင့် အများပြည်သူများ သိရှိလိုက်နာရန် အသိပေးကြေညာ

စာမျက်နှာ » ၉

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၀၀၀၀ ကျော်ရှိလာ

စာမျက်နှာ » ၁၁

ဖိလစ်ပိုင်၌ ကျန်းမာရေးလုပ်သား ၁၃၃၆ ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရ ရောဂါကူးစက်ခံရသူပေါင်း ၈၀၀၀ နီးပါးရှိလာ

စာမျက်နှာ » ၁၂

မမြင်ရတဲ့ရန်သူနဲ့ တိုက်ပွဲမှာ... တစ်ထောင့်တစ်နေရာ

စာမျက်နှာ » ၂၀


ကြေးမုံ

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်သူ့လွှတ်တော်၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချုပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၂၉၊ ၂၀၂၀ (ဗုဒ္ဓဟူးနေ့)
နိုင်ငံတော်အစိုးရ၏
# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် တစ်ထောင့်တစ်နေရာမှ အားဖြည့်လျက်ရှိသည့် ပြည်သူ့လွှတ်တော်

ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - ထိန်နန်နေ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

### ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်မှုများ

လွှတ်တော်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဥပဒေပြုရေးတာဝန်ကို ထမ်းရွက်လျက်ရှိသည်။

ဒုတိယအကြိမ် လွှတ်တော်များ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ခရီးလမ်းသည် (၄)နှစ်တာဆိုသည့် အချိန်ကာလတစ်ခုကို ပြောင်းလဲခဲ့ပြီ ဖြစ်သည်။

ပြည်သူ့လွှတ်တော်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ(က) နှင့်အညီ နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပြုလျက်ရှိသည်။

လွှတ်တော်၏ မူလတာဝန်များဖြစ်သည့် ဥပဒေပြုခြင်း၊ အပြန်အလှန် ထိန်းညှိခြင်းနှင့် ပြည်သူကိုကိုယ်စားပြုခြင်း လုပ်ငန်းစဉ်များကို ခိုင်မာအားကောင်းရန် ရှေးရှုဆောင်ရွက်လျက်ရှိသလို လွှတ်တော်လုပ်ငန်းစဉ်များ ခိုင်မာအားကောင်းလာစေရန် မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၁၅ - ၂၀၁၈)ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထိုစီမံကိန်းအပေါ်အခြေခံ၍ မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း(၂၀၁၉-၂၀၂၂) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

### ပြည်သူ့လွှတ်တော် ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၉ အရ ပြည်သူ့လွှတ်တော်သည် မြို့နယ်ကိုအခြေခံ၍လည်းကောင်း၊ လူဦးရေကို အခြေခံ၍လည်းကောင်း၊ မြို့နယ် ၃၃၀ ထက်မပိုသော ရွေးကောက်တင်မြှောက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၃၀ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၁၁၀ စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ အများဆုံး ၄၄၀ ဖြင့် ဖွဲ့စည်းရမည်ဖြစ်သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် တစ်သီးပုဂ္ဂလ ၅ ဦး အပါအဝင် နိုင်ငံရေးပါတီ ၁၁ ခုမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၁ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ စုစုပေါင်း ၄၃၁ ဦးရှိပြီး အာဏာ(၃)ရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကို ဦးထိပ်ထား၍ ဒီမိုကရေစီ စံနှုန်းစံထားများ ခေတ်စနစ်နှင့် ကိုက်ညီသော ဥပဒေများပြဋ္ဌာန်းရေးအတွက် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

### ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခြင်း

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် စတင်ကျင်းပခဲ့ပြီး ထိုနေ့တွင် တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်မှ နိုင်ငံတော်သမ္မတတာဝန် ထမ်းဆောင်သွားသဖြင့် လစ်လပ်သွားသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာအတွက် ၂၀၁၈ ခုနှစ် မတ်လ ၂၂ ရက်၌ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၁ ရက်မြောက်နေ့တွင် ကွတ်ခိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် နောင်ချိုမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဟိန်ကို ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ (၇၆)၊ ပုဒ်မခွဲ(က)အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် တို့သည် ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ ပြည်ထောင်စုလွှတ်တော် နာယကနှင့် ဒုတိယနာယက တာဝန်တို့ကို စတင်ထမ်းဆောင်ခဲ့သည်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့(MPU-Myanmar Parlimentary Union)၏ ဥက္ကဋ္ဌ၊ ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဗဟိုကော်မတီနာယကနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် ၂၀၁၉ ခုနှစ် ဇွန်လ ၂၀ ရက်မှ ၂၃ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် ၃၄ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်း၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၆ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခြင်း စသည့် ပြည်ပခရီးစဉ်များကို သွားရောက်ခဲ့သည်။

ထို့အတူ နိုင်ငံတကာမှ လာရောက်တွေ့ဆုံမှုများအနေဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Nguyen Xuan Phuc၊ ထိုင်းနိုင်ငံ အောက်လွှတ်တော် ဒုတိယဥက္ကဋ္ဌ(၁) H.E. Mr. Suchart Tonjaroen၊ ကိုရီးယား-မြန်မာ လွှတ်တော်များအကြား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Kim Jaewon၊ ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်နှင့် ညွန့်ပေါင်းအစိုးရအဖွဲ့မှ Komeito ပါတီ၏ Chief Representative H.E. Mr. Yamaguchi Natsuo အပါအဝင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံအမတ်ကြီးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ စသဖြင့် ပြည်တွင်း/ပြည်ပ ဧည့်သည်တော်များ တွေ့ဆုံမှုပေါင်း ၃၉ ကြိမ် လက်ခံတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးနှင့် လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

### ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များ

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ ဥက္ကဋ္ဌနှင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ အတွင်းရေးမှူး၊ လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ တာဝန်များကို ဆောင်ရွက်လျက်ရှိသည်။

လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) အနေဖြင့် မြန်မာလွှတ်တော် မဟာဗျူဟာ စီမံကိန်း (၂၀၁၉ - ၂၀၂၂)ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် မိတ်ဖက်အဖွဲ့အစည်း ၁၃ ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာ အဖွဲ့အစည်း ၆ ဖွဲ့နှင့် နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ပြည်တွင်း/ပြည်ပ ဧည့်တွေ့ဆုံမှုပေါင်း ၂၄ ကြိမ် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်မှ ဖွဲ့စည်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပြင်ဆင်ရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌ အဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး အစည်းအဝေး ၇၄ ကြိမ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌသည် လွှတ်တော် လုပ်ငန်းတာဝန်များကို ပြည်သူလူထုသို့ ရှင်းလင်းတင်ပြရန်အတွက် ပြည်တွင်းခရီးစဉ်များ၊ နိုင်ငံတော်အဆင့် အခမ်းအနားများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ အထိမ်းအမှတ်ပွဲတော်များကို တက်ရောက်အားပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အထူးကဏ္ဍ [ ခ] သို့ »»



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ကို ၂၇-၁-၂၀၂၀ ရက်နေ့က ကျင်းပစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် လွှတ်တော်ဥက္ကဋ္ဌများ နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၊ သဘင်ဆောင်၌ ၁၅-၉-၂၀၁၉ ရက်နေ့က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ပြသထားသော မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

**ပုံမှန်အစည်းအဝေးကျင်းပမှုများ**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်၏ စတုတ္ထ(၁)နှစ်တာကာလ (၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်အထိ)အတွင်း ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ၅ ကြိမ် ကျင်းပခဲ့ပြီး (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်မှ ၂၀၁၉ ခုနှစ် မတ်လ ၁၄ ရက်အထိ ကျင်းပရက်ပေါင်း ၂၅ ရက်၊ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဧပြီလ ၂၉ ရက်မှ ဇွန် ၆ ရက်အထိ ကျင်းပရက်ပေါင်း ၁၆ ရက်၊ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၅ ရက်မှ စက်တင်ဘာလ ၁၉ ရက်အထိ ကျင်းပရက်ပေါင်း ၂၃ ရက်၊ (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၄ ရက်မှ ဒီဇင်ဘာလ ၁၉ ရက်အထိ ကျင်းပရက်ပေါင်း ၁၈ ရက်နှင့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၂၇ ရက်မှစ၍ ကျင်းပလျက်ရှိသည်။

ထိုသို့ကျင်းပသည့် အစည်းအဝေး အကြိမ်အလိုက် ဆုံးဖြတ်ချက်များနှင့် အစည်းအဝေးမှတ်တမ်းများပြုစု၍ အစည်းအဝေး မှတ်တမ်းစာအုပ်အတွဲ ၈ တွဲကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။

**ပြဋ္ဌာန်းပြီးဥပဒေများ**

ပြည်သူ့လွှတ်တော်၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း (၁-၂-၂၀၁၉ မှ ၃၁-၁-၂၀၂၀ ထိ)အသစ်ပြဋ္ဌာန်းဥပဒေများထဲတွင် အများပြည်သူအကျိုးအလို့ငှာ ဥပဒေနှင့်အညီ မြေသိမ်းဆည်းခြင်းခံရသူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ထိခိုက်နစ်နာသူတို့အတွက် တရားမျှတသည့် လျော်ကြေးနှင့် နစ်နာကြေးများ ခံစားရရှိစေရန် **"မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာ ဥပဒေ"**နှင့် ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျန်းမာရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ယူမှု အခွင့်အလမ်းရရှိရေး အပါအဝင် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ရန်နှင့် ကလေးသူငယ်အားလုံးကို တည်ဆဲဥပဒေအရ သတ်မှတ်ထားသော သက်ဆိုင်ရာ အခွင့်အရေးနှင့် အကာအကွယ်တို့ တန်းတူညီမျှရှိစေပြီး ခွဲခြားဆက်ဆံခြင်း မပြုစေရန် **"ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ဥပဒေ"**တို့ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။

ထို့ပြင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်၊ ကာကွယ်ထိန်းသိမ်းခြင်း၏ တန်ဖိုးကြီးမားမှုကို အများပြည်သူတို့ နားလည်ခံယူနိုင်ကြစေရန်နှင့် ဒေသခံများ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရန် **"ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ"** တို့ အပါအဝင် အသစ်ပြဋ္ဌာန်းဥပဒေ ၁၉ ခု၊ ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန် ပြင်ဆင်သည့်ဥပဒေ ၁၀ ခု၊ အမျိုးသားစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေနှင့် အခွန်အကောက်ဆိုင်ရာဥပဒေ ၆ ခု စုစုပေါင်း ဥပဒေ ၃၅ ခု ပြဋ္ဌာန်းနိုင်ခဲ့သည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် သဘာပတိရွေ့မှောက်တွင် ၂၂-၃-၂၀၁၈ ရက်နေ့က ကတိသစ္စာပြုစဉ်။

**မေးခွန်း/အဆိုများ**

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် မဲဆန္ဒရှင်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လွှတ်တော်အစည်းအဝေးများတွင် မေးခွန်းများ မေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ စတုတ္ထ(၁)နှစ်တာကာလအတွင်း ကြယ်ပွင့်ပြမေးခွန်း နှုတ်ဖြေ ၁၁၄၅ ခု၊ ကြယ်ပွင့်ပြမေးခွန်း စာဖြေ ၂၅၁ ခုနှင့် ကြယ်ပွင့်မပြမေးခွန်းစာဖြေ ၅၄၆၈ ခု စုစုပေါင်း မေးခွန်း ၆၈၆၄ ခုကို ဖြေကြားပေးနိုင်ခဲ့သည်။

ယင်းတို့အနက် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် မေးခွန်းဖြစ်သည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ်မှတ်သည့် မေးခွန်း ၄ ခုကို မြန်မာနိုင်ငံပြန်တမ်းနှင့် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြနိုင်ခဲ့သည်။

အဆိုပါမေးခွန်း (၄)ခုအနက် **"မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့် P.R ရရှိပြီးသူ မူလမြန်မာနိုင်ငံဖွား ဆရာဝန်ကြီးများနှင့် ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကို အခြားနိုင်ငံများကဲ့သို့ ဖြေလျှော့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း"**နှင့် **"နိုင်ငံသူနိုင်ငံသားအားလုံး ခွေးရူးရောဂါအန္တရာယ်ကင်းဝေးစေရန်နှင့် အာဆီယံဒေသတွင်းနိုင်ငံများ သဘောတူညီချက် အောင်မြင်စေရန် ပြည်သူများအား အသိပညာပေးခြင်းနှင့် လမ်းဘေးခွေးအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ ခွေးအားလုံးအား ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်ရန် အစီအစဉ် ရှိ/ မရှိနှင့် မည်ကဲ့သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း"** နှင့် စပ်လျဉ်းသည့် မေးခွန်းတို့ ပါဝင်ခဲ့သည်။

ထို့အတူ အဆိုဆွေးနွေးမှုကဏ္ဍတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်စွမ်းအား ပြည့်ဝစွာရရှိရေးအတွက် **"မြန်မာနိုင်ငံတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် လျှပ်စစ်စွမ်းအား ၁၀၀ ရာခိုင်နှုန်း ပြည့်ဝစွာရရှိရေး ဆောင်ရွက်နေရာ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိမှုကို တိကျခိုင်မာသော မူဝါဒ လမ်းညွှန်မှုများဖြင့် ဆောင်ရွက်ရန်တိုက်တွန်းကြောင်း"** အဆိုနှင့် ဝန်ထမ်းရွေးချယ်ရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသား ဘွဲ့ရလူငယ်များကို ဦးစားပေးခန့်အပ်နိုင်ရေးအတွက် **"အခြေခံပညာမူလတန်းသင် ဆရာ၊ ဆရာမ ဝန်ထမ်းရွေးချယ်ခန့်ထားရာတွင် တိုင်းရင်းသားဒေသကျေးရွာကျောင်းများ၏ လိုအပ်ချက်အလိုက် ထိုဒေသကျေးရွာရှိ ဘွဲ့ရတိုင်းရင်းသား/တိုင်းရင်းသူများကို ဦးစားပေးခန့်အပ်ရေး မူဝါဒတစ်ရပ် ထည့်သွင်းချမှတ် အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"**အဆိုတို့ အပါအဝင် အတည်ပြုအဆို ၄၁ ခု၊ မှတ်တမ်းတင်အဆို ၃၁ခု၊ အတည်မပြုအဆို ၂ ခုနှင့် ဆက်လက်ဆွေးနွေးရန်မသင့်အဆို ၃ ခုစသဖြင့် အဆိုဆွေးနွေးမှုပေါင်း ၇၇ ခု တင်သွင်းဆွေးနွေးနိုင်ခဲ့သည်။

**ကော်မတီများဖွဲ့စည်းခြင်းနှင့် ဆောင်ရွက်ချက်များ**

၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ အရ ပြည်သူ့လွှတ်တော်၏ အမြဲတမ်းကော်မတီ ၄ ခု၊ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တိုင်းရင်းသားလူမျိုးများအရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေးနှင့် နိုင်ငံခြားရေးတို့အပြင် အခြားရေးရာကိစ္စများကို လေ့လာတင်ပြစေရန်အတွက် အခြားကော်မတီ ၁၇ ခုအပြင် လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့တစ်ဖွဲ့ကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၈ ရက်တွင် ထပ်မံဖွဲ့စည်းခဲ့သည်။

**ဥပဒေကြမ်းကော်မတီ**

ကော်မတီသည် ဥပဒေကြမ်းစုစုပေါင်း ၂၅ ခု ဆွေးနွေးခဲ့သည်။ **"စက်မှုဇုန်ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကော်မတီများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီများနှင့်လည်းကောင်း၊ **"တရားလွှတ်တော် ရှေ့နေများကောင်စီရွေးကောက် တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ"**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် ကြားနာမှုများကို ပြုလုပ်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေစုစုပေါင်း ၃၅ ခု ပြဋ္ဌာန်းနိုင်ခဲ့သည်။ နည်းဥပဒေ ၂၂ ခုအနက် နည်းဥပဒေ ၇ ခုကို ဖြန့်ဝေတင်ပြသည့်ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ တင်သွင်းလာသည့်အတွက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့နိုင်ခဲ့သည်။ ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၇၂ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ၁၃ ကြိမ် တွေ့ဆုံခဲ့ပြီး လုပ်ငန်းအစီရင်ခံစာ ၃၁ စောင် တင်သွင်းခဲ့ပြီးဖြစ်သည်။

**ပြည်သူ့ငွေစာရင်းကော်မတီ**

ကော်မတီသည် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၈ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ၄ ကြိမ် တွေ့ဆုံဆွေးနွေးခြင်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ တစ်စောင်တို့ကို တင်သွင်းဆောင်ရွက်နိုင်ခဲ့ပြီး ပေးပို့လာသော တိုင်ကြားစာများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပထမ ၆ လပတ်၊ ဒုတိယ ၆ လပတ် အခွန်ရငွေစာရင်းများ၊ ပညာရေးဝန်ကြီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်နှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများကို ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေးအတွက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့်အတူ ဆွေးနွေးဆောင်ရွက်ခဲ့သည်။

**လွှတ်တော်အခွင့်အရေးကော်မတီ**

ကော်မတီသည် လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊ ရပိုင်ခွင့်များ၊ လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၄ ကြိမ် ပြုလုပ်ခြင်း၊ တိုင်ကြားစာ ၉ စောင်ကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တစ်ကြိမ် တွေ့ဆုံဆွေးနွေးခြင်းနှင့် နှစ်ပတ်လည် အစီရင်ခံစာတစ်စောင် တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျင့်ဝတ်(Code of Conduct)ကို ရေးဆွဲလျက်ရှိပြီး လွှတ်တော်ကိစ္စရပ်များနှင့်သက်ဆိုင်သည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စား ဖြေကြားခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ**

ကော်မတီသည် တိုင်ကြားစာ ၁၅၈ စောင် ဖြေရှင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၄၉ ကြိမ်၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၃ ကြိမ်နှင့် လုပ်ငန်းအစီရင်ခံစာ ၂ စောင် တင်သွင်းဆောင်ရွက်ခဲ့သည်။

ကော်မတီသည် လွှတ်တော်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ကတိဖြစ် ဖြေကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု ရှိ/မရှိကို

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

သိရှိနိုင်ရန်နှင့် အဆင်ပြေချောမွေ့စေရန်အတွက် ဧရာဝတီတိုင်းဒေသကြီးရှိ တရားမဝင်ငါးကန်များတူးဖော်ခြင်းလုပ်ငန်း (ပန်းတနော်မြို့နယ်)နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အရက်ချက်စက်ရုံ(ရွှေပြည်သာမြို့နယ်)၊ ဘုရင့်နောင်အိမ်ရာစီမံကိန်း ဆောက်လုပ်ခြင်းလုပ်ငန်း(လှိုင်မြို့နယ်)၊ ကုက္ကိုဝ ရေပေးဝေရေးစီမံကိန်းလုပ်ငန်း(ထန်းတပင်မြို့နယ်)နှင့် ဗဟိုစည်ဈေးရုံ ၆ ရုံ တည်ဆောက်ခြင်းလုပ်ငန်း (ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်) တို့ကို ကွင်းဆင်းစစ်ဆေးခြင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ ဘဏ္ဍာငွေများကို စိစစ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကာကွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အရပ်ဘက်စက်ရုံများသို့ ကွင်းဆင်းစစ်ဆေးမှု ၃ ကြိမ် စုစုပေါင်းကွင်းဆင်းစစ်ဆေးမှု ၅ ကြိမ် ဆောင်ရွက်ခဲ့သည်။

**နိုင်ငံတကာဆက်ဆံရေးကော်မတီ**

ကော်မတီသည် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁၉ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ၁၃ ကြိမ် တွေ့ဆုံခြင်းနှင့် အစီရင်ခံစာ တစ်စောင်တို့ကို တင်သွင်းဆောင်ရွက်နိုင်ခဲ့သည့်အပြင် ASEAN Inter-Parliamentary Assembly (AIPA), Inter-Parliamentary Union (IPU) ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ချစ်ကြည်ရေးကိစ္စရပ်များနှင့် လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ခဲ့သည်။

**တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီ**

ကော်မတီသည် ဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၅ ကြိမ် ကျင်းပဆောင်ရွက်ခြင်း၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်းနှင့် နှစ်ပတ်လည် အစီရင်ခံစာ တစ်စောင်တင်သွင်းခြင်း ဆောင်ရွက်ခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့သည်။ ထို့အတူ ဖက်ဒရယ်နိုင်ငံများဖိုရမ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကော်မတီသို့ ကူညီပံ့ပိုးပေးနိုင်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

**နိုင်ငံသားများ၏ မူလအခွင့်အရေးကော်မတီ**

ကော်မတီသည် တိုင်ကြားစာ ၅၅၈ စောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဝန်ကြီးဌာန အပါအဝင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၃၈ ကြိမ်၊ ပြည်ထောင်စုလွှတ်တော်၊ ဘတ်ဂျက်ညှိနှိုင်းအစည်းအဝေး ၁၉ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ၉ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်ပတ်လည်အစီရင်ခံစာ တစ်စောင် တင်သွင်းဆောင်ရွက်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးရှိ အကျဉ်းသား၊ အကျဉ်းသူများ၏ ဥပဒေအရ



၂-၁၀-၂၀၁၉ ရက်နေ့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Moon Hee-sang နှင့်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

ခံစားခွင့်ရှိသော အခွင့်အရေးများ ပြည့်စုံစွာ ရ/မရနှင့် အကျဉ်းထောင်အတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ ရှိ/မရှိကို သိရှိရန်အတွက် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့သည်။

**ပညာရေးမြှင့်တင်မှုကော်မတီ**

ကော်မတီသည် တိုင်ကြားစာအစောင် ၉၀ ကို ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဌာနများသို့ ပေးပို့၍ ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၅ ကြိမ်၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၂ ကြိမ်နှင့် KG, Grade-1, Grade-2 သင်ရိုးသစ်များနှင့် ပတ်သက်၍ **"မျိုးဆက်သစ်များ၏ ပညာရေးအတွက် အခြေခံဆရာ/ဆရာမတို့၏ ကျွမ်းကျင်မှုများနှင့် လေ့ကျင့်သင်ကြားမှုများ"**ခေါင်းစဉ်ဖြင့် စုံစမ်းလေ့လာမှုအစီရင်ခံစာနှင့် ကော်မတီ လုပ်ငန်းအစီရင်ခံစာ ၂ စောင်ကို တင်သွင်းဆောင်ရွက်ခဲ့သည်။

**ကျန်းမာရေးနှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် တိုင်ကြားစာ ၅ စောင်၊ ဘတ်ဂျက်စိစစ်ခြင်းနှင့် ဥပဒေမူကြမ်းများ အပါအဝင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၆ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ၆ ကြိမ် တွေ့ဆုံခြင်းနှင့် နှစ်ပတ်လည်အစီရင်ခံစာ တစ်စောင်တို့ တင်သွင်းဆောင်ရွက်ခဲ့သည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက စီမံခန့်ခွဲသောဥပဒေများကို စိစစ်လေ့လာ သုံးသပ်လျက်ရှိရာ **"မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေ"**ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

**ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၄၉ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုအကြိမ် ၂၀၊ နှစ်ပတ်လည် အစီရင်ခံစာနှင့် အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေပြုပြီးနောက် စိစစ်ခြင်းလုပ်ငန်းအစီရင်ခံစာ ၂ စောင် တင်သွင်းနိုင်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး Treasury Bill, Treasury Bond, Mobile Payment System နှင့် အတိုးနှုန်း လက်ရှိဈေးကွက်တွင် ဖြစ်ပေါ်နေသည့် ရွှေဈေးနှုန်းနှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များ၏ ချေးငွေကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် တိုင်ကြားစာ ၅၀၃ စောင်ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီများသို့ အရေးယူဆောင်ရွက်ပေးနိုင်ရန် လွှဲပြောင်းဆောင်ရွက်ပေးခဲ့သည်။ ဝန်ကြီးဌာနများ အပါအဝင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၆ ကြိမ်၊ ပြည်တွင်း/ ပြည်ပ အဖွဲ့အစည်းများနှင့် ၁၅ ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီး နှစ်ပတ်လည် အစီရင်ခံစာ တစ်စောင် တင်သွင်းနိုင်ခဲ့သည်။

**တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ**

ကော်မတီသည် ပေးအပ်ထားသော တာဝန်၊ လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မတီမှ စိစစ်ရသည့် ဥပဒေ ၂၅ ခုကို စိစစ်ဆောင်ရွက်လျက်ရှိရာ ယင်းဥပဒေများအနက် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ပါဝင်ဆွေးနွေးပြီး ၂၀၁၉ ခုနှစ် ဇွန်လ ၃ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်-၁၇ ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့သည်။

ထို့အတူ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေအသစ် ပြဋ္ဌာန်းနိုင်ရေးအတွက် ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှုများပြုလုပ်၍ ဥပဒေကြမ်းကော်မတီနှင့် ပူးပေါင်းကာ ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်- ၈/၂၀၁၉ ဖြင့် ပြဋ္ဌာန်းနိုင်ခဲ့သည်။ တိုင်ကြားစာ ၃၅၅ စောင်ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး နှစ်ပတ်လည် အစီရင်ခံစာ ၁ စောင်၊ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၆ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၉ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ**

ကော်မတီသည် တိုင်ကြားစာ ၈၁ စောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၆ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၀ ကြိမ်၊ နှစ်ပတ်လည်အစီရင်ခံစာ တစ်စောင်နှင့် လုပ်ငန်းအစီရင်ခံစာ ၂ စောင်တို့ကို တင်သွင်းဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မြန်မာ့သတ္တုတွင်းဥပဒေကို လုပ်ငန်းစဉ်တွင် အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းခွင်အခြေအနေနှင့် ဒေသခံ ပြည်သူလူထု၊ သတ္တုလုပ်ငန်းရှင်များ၊ လုပ်သားများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူတို့၏ သဘောထားအမြင်များ၊ သတင်းအချက်အလက်များနှင့် အကြံပြုချက်များကို နားလည်သိရှိစေရန် ကွင်းဆင်းခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒီရေတောများ၏ကြီးကြပ်ထိန်းသိမ်းနိုင်မှုများ၊ အခက်အခဲများနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီနိုင်ရန် ကွင်းဆင်းခြင်းတို့ကို ပြုလုပ်ခဲ့သည်။ သယံဇာတနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများအနက် အရေးယူဆောင်ရွက်သင့်သည့် ကိစ္စအချို့ကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းထိန်းညှိဆောင်ရွက်ပေးလျက်ရှိသည်။

**စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီမှ တာဝန်ယူစိစစ်ရမည့် ဥပဒေများအနက် အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ(မူကြမ်း)ကို ကော်မတီတွင် ညှိနှိုင်းအစည်းအဝေး ၇ ကြိမ် ယင်းဥပဒေနှင့် သက်ဆိုင်သည့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးမှု ၂ ကြိမ် ပြုလုပ်ခဲ့ပြီး ပြည်ထောင်စုဥပဒေအမှတ်-၄၀ ဖြင့် ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့သည်။

လျှော့ဈေးဖြင့် စုပုံတင်ပို့ရောင်းချခြင်းနှင့် အစိုးရအထောက်အပံ့ရယူ တင်ပို့ရောင်းချခြင်းတို့ကြောင့် ထိခိုက်နစ်နာမှုအပေါ် ကုစားမှုဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ ကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ဖိတ်ကြား၍

အထူးကဏ္ဍ [ ဃ ] သို့ »»»

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်တွင် တစ်သီးပုဂ္ဂလ ၅ ဦး အပါအဝင် နိုင်ငံရေးပါတီ ၁၁ ခုမှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၁ ဦးနှင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ စုစုပေါင်း ၄၃၁ ဦးရှိပြီး အာဏာ(၃)ရပ်၏ မူလပိုင်ရှင်ဖြစ်သော ပြည်သူကို ဦးထိပ်ထား၍ ဒီမိုကရေစီ စံနှုန်းစံထားများ ခေတ်စနစ်နှင့်ကိုက်ညီသော ဥပဒေများပြဋ္ဌာန်းရေးအတွက် ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်လျက်ရှိသည်**



၁၇-၁၂-၂၀၁၉ ရက်နေ့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Mr. Nguyen Xuan Phuc နှင့်အဖွဲ့တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

ဆွေးနွေးမှု ၈ ကြိမ်ပြုလုပ်ခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်ကြားစာ ၇၁ စောင်၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၅ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု (၃) ကြိမ်၊ နှစ်ပတ်လည်အစီရင်ခံစာ တစ်စောင် တင်သွင်းဆောင်ရွက်ခဲ့သည်။

**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**

ကော်မတီသည် တိုင်ကြားစာ ၃၉ စောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့သည့်အပြင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအကြိမ် ၆၀၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၄ ကြိမ်၊ နှစ်ပတ်လည်အစီရင်ခံစာ တစ်စောင်၊ လုပ်ငန်းအစီရင်ခံစာ ၆ စောင် ဆောင်ရွက်ခဲ့သည်။

BOT စနစ်ဖြင့် ဆောင်ရွက်နေသော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ – ရေဦး လမ်းပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ BOT လမ်းပိုင်းများ၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ–မလှိုင်–တောင်သာ–မြင်းခြံ–မြို့သာ–တံတားဦး လမ်းပိုင်း၊ ရှမ်းပြည်နယ် နောင်ချိုမြို့ (မြို့ရှောင်လမ်း) မြေယာလျော်ကြေးကိစ္စများ၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လမ်းပိုင်းများ၏ အခြေအနေများကို သိရှိနိုင်ရန်အတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကွင်းဆင်းစစ်ဆေးမှု ၄ ကြိမ် ဆောင်ရွက်ခဲ့သည်။

**ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လျှပ်စစ်စွမ်းအင်၏ အရေးပါပုံ အခန်းကဏ္ဍများ၊ ကျောက်မီးသွေးမှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ–ဥရောပ ကုန်သွယ်မှု ပိုမိုတိုးတက်လာရေး၊ ရင်းနှီးမြှုပ်နှံမှုပိုမိုရရှိရေးအတွက် အဓိကထားဆောင်ရွက်နေမှုများ၊ Euro Cham Myanmar အနေဖြင့် ကြုံတွေ့နေရသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခက်အခဲများနှင့် မော်တော်ကားတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုပေါင်း ၅ ကြိမ် ပြုလုပ်ခဲ့သည်။ တိုင်ကြားစာ (၃)စောင်ကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး ဝန်ကြီးဌာနများအပါအဝင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂၂)ကြိမ်နှင့် တင်ပြခဲ့သည့် အစီရင်ခံစာ စုစုပေါင်း (၈)စောင် တင်သွင်းဆောင်ရွက်နိုင်ခဲ့သည်။

**လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

ကော်မတီသည် အသစ်ပြဋ္ဌာန်းမည့် ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေ(မူကြမ်း)ကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ဥပဒေကြမ်းကော်မတီဝင်များနှင့် ဆွေးနွေးညှိနှိုင်းမှု ၁၁ ကြိမ် ပြုလုပ်ခဲ့သည်။ ထို့ပြင် တိုင်ကြားစာ အစောင် ၂၀ ကို ဖြေရှင်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၁ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ၁၅ ကြိမ်၊ ကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ တစ်စောင် တင်သွင်းခဲ့သည်။

**ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ**

ကော်မတီသည် တိုင်ကြားစာ ၇၄ စောင်ကို ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၅ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၀ ကြိမ်နှင့် ကော်မတီနှစ်ပတ်လည်အစီရင်ခံစာ တစ်စောင်တို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအပြင် Westminster Foundation for Democracy (WFD)အထောက်အပံ့ဖြင့် ဥပဒေမပြုမီနှင့် ဥပဒေပြုပြီးနောက် စိစစ်ခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ အကျဉ်းထောင် ပြုပြင်ပြောင်းလဲရေးအတွက် အရေးပါသော **"အကျဉ်းသားများ စနစ်တကျ စိစစ်လျှော့ချရေး"**ခေါင်းစဉ်ဖြင့် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



၂၀၂၀ ပြည့်နှစ်၊ (၇၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ လွှတ်တော်သို့ လေ့လာရေးလာရောက်စဉ်။

**တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ**

ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ပါ သတ်မှတ်ချက်များအတိုင်း ပြည်သူများ၏ အခွင့်အရေးကို နစ်နာမှုမရှိစေရန် အလေးထား ဆောင်ရွက်လျက်ရှိသည်။ တိုင်ကြားသူများ၏ နစ်နာမှုများအပေါ် ဥပဒေနှင့်အညီ ကုစားပေးနိုင်ရေးအတွက် ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်ကြားခံရသူများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီသို့ ဖိတ်ခေါ်၍ တွေ့ဆုံမေးမြန်းခြင်းများ၊ ညှိနှိုင်းခြင်းများနှင့် အကြံပြုခြင်းများ ဆောင်ရွက်ပေးခြင်းဖြင့် တိုင်ကြားစာ ၈၃၂ စောင်ကို ဖြေရှင်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁၄ ကြိမ်နှင့် ကော်မတီ နှစ်ပတ်လည်အစီရင်ခံစာ ၁ စောင် တင်သွင်းဆောင်ရွက်ခဲ့သည်။

**တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာ ကော်မတီ**

ကော်မတီသည် ပြည်သူလူထုကို တရားမျှတစွာ အကာအကွယ်ပေးသည့် အုပ်ချုပ်မှုစနစ် ဖြစ်ပေါ်စေရေးအတွက် လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ပြည်သူတို့က ပေးပို့လာသည့် တိုင်ကြားစာပေါင်း ၂၁၀၉ စောင် ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၂၄ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် ၂ ကြိမ် တွေ့ဆုံခဲ့သည်။

**အမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီ**

ကော်မတီသည် NGO များ၏ အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများ ဆောင်ရွက်ထားရှိမှု၊ လူငယ်သင်တန်းကျောင်းများနှင့် အမျိုးသမီးသက်မွေး အတတ်သင်ကျောင်းများ၊ ယာယီထိန်းသိမ်းစောင့်ရှောက်ရေးဌာနများသို့ သွားရောက်လေ့လာခဲ့ပြီး လိုအပ်ချက်များကို ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်မှု၊ ကာကွယ်စောင့်ရှောက်ထားရှိမှုများနှင့် လူမှုအဖွဲ့အစည်းများတွင် အမျိုးသမီးများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို သိရှိနိုင်ရန် အမျိုးသမီးနှင့် ကလေးသူငယ်ဆိုင်ရာ လုပ်ငန်းစီမံချက်၊ ရှေ့လုပ်ငန်းစဉ်၊ မူဝါဒများကို ဖြည့်စွက်ချမှတ်နိုင်ရန်အတွက် ကွင်းဆင်းစစ်ဆေးမှုပေါင်း ၄ ကြိမ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ၁၃ ကြိမ်၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများနှင့် (၁၁)ကြိမ် တွေ့ဆုံခဲ့ပြီး တိုင်ကြားစာ ၁၈ စောင်ကို ဖြေရှင်းဆောင်ရွက်ခဲ့သည်။

**လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေးအကြံပေးအဖွဲ့**

မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း (၂၀၁၉–၂၀၂၂)ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC)ကို အထောက်အကူပြုရန်၊ လွှတ်တော်၏ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများကို လွှတ်တော်ဆိုင်ရာ ဘာသာရပ်များ ကျွမ်းကျင်မှုရှိစေရန်၊ ဘာသာစကားစွမ်းရည် မြှင့်မားစေရန်နှင့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ပေးရန် ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လွှတ်တော် အားကောင်းခိုင်မာစေရန်အတွက် အုပ်ချုပ်ရေး၊ တရားစီရင်ရေး မဏ္ဍိုင်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုရန်၊ နိုင်ငံတကာပါလီမန်များ၊ ဒေသတွင်းပါလီမန်များအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို လေ့လာ၍ အကြံပြုတင်ပြရန်၊ နိုင်ငံတကာမှ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီပေးအဖွဲ့များနှင့် လုပ်ငန်းစီမံချက်များ ဆက်စပ်ရေးဆွဲရန်နှင့် လွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်အရ အကြံဉာဏ်တောင်းခံသည့်အခါ အကြံဉာဏ်ပေးနိုင်ရန်အတွက် **"လွှတ်တော်ရေးရာ စွမ်းရည်မြှင့်တင်ရေး အကြံပေးအဖွဲ့"** ကို ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၈ ရက်တွင် ဖွဲ့စည်းခဲ့သည်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂ ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၁၁/၂၀၁၉)အရ ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ပြည်တွင်း/ပြည်ပ တွေ့ဆုံမှု ၆ ကြိမ်နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တစ်ကြိမ် ပြုလုပ်ခဲ့သည်။

**သုတေသနနှင့် လူ့စွမ်းအား အရင်းအမြစ်ဆိုင်ရာ ဆောင်ရွက်ချက်များ**

သုတေသနဌာနအနေဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ လုပ်ငန်းတာဝန် ဝတ္တရားများဖြစ်သည့် ဥပဒေပြုရေး၊ အပြန်အလှန်စောင့်ကြည့် ထိန်းညှိရေးနှင့် မဲဆန္ဒနယ် ကိုယ်စားပြုရေးတို့ ဆောင်ရွက်ရာတွင် ရလဒ်ကောင်းများ ပေါ်ထွက်လာရန်၊ သတင်းအချက်အလက်များ အဆင်ပြေလွယ်ကူစွာရရှိရန်အတွက် လွှတ်တော်သုတေသန မူဝါဒနှင့်အညီ ပါတီစွဲ၊ မူဝါဒစွဲကင်းစင်ပြီး ဘက်မလိုက်သော၊ တိကျမှန်ကန်သော၊ အရည်အသွေးပြည့်ဝသော သုတေသနဝန်ဆောင်မှု ၆ မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

သုတေသနစာတမ်းတိုပေါင်း ၂၆ စောင်၊ ဥပဒေကြမ်းဆိုင်ရာ စာတမ်းတို ၃ စောင်၊ ကိန်းဂဏန်းဆိုင်ရာ စာတမ်းတို ၆ စောင်၊ မျက်မှောက်ရေးရာ သတင်းလွှာစာစောင် ၁၆ စောင် ထုတ်ဝေနိုင်ခဲ့ပြီး အထူးကိစ္စရပ်များဆိုင်ရာ စာတမ်းတိုတောင်းဆိုမှု ၃ ကြိမ် ပြုစုရေးသားပေးခြင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၏ လျှို့ဝှက်စုံစမ်းမေးမြန်းမှုပေါင်း ၂၇၂ ခုကို ဖြေကြားပေးခြင်းများကို ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်ရုံးရှိလူ့စွမ်းအားအရင်းအမြစ်ဌာနမှ ဌာနကြီး ၄ ခု၏ ဝန်ထမ်းစွမ်းအားစုဆန်းစစ်ခြင်း(Work Force Analysis)၊ လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်ခြင်း(Performance Appraisal)၊ ဌာန၏ တစ်နှစ်တာ လုပ်ငန်းစီမံချက်ရေးဆွဲခြင်း(Annual Work Plan)၊ လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ စောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစီမံချက်ရေးဆွဲခြင်း (Monitoring & Evaluating Plan)တို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများသည် ပြည်တွင်း/ပြည်ပ သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် နှီးနှောဖလှယ်ပွဲ ၁၇၇ ခုတွင် ၃၂၃၇ ဦး၊ ဝန်ကြီးဌာနအသီးသီးမှ ဖွင့်လှစ်သောသင်တန်းများနှင့် ဌာနတွင်းသင်တန်းများသို့ ဝန်ထမ်းဦးရေ ၁၆၇ ဦး တက်ရောက်ခဲ့သည်။ ပြည်ပခရီးစဉ် ၅၇ ခုတွင် ကိုယ်စားလှယ်နှင့် ဝန်ထမ်း ၉၀ သွားရောက်ခဲ့ပြီး နိုင်ငံခြားပညာတော်သင်ဆု ၁၂ ခုတွင် ဝန်ထမ်း ၁၅ ဦး ပညာတော်သင် စေလွှတ်နိုင်ခဲ့သည်။

**လွှတ်တော်လေ့လာရေးကဏ္ဍ**

လွှတ်တော်ဆိုင်ရာ အချက်အလက်များကို ပြည်သူများ လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ လွှတ်တော်အသိပညာပေး စာအုပ်၊ စာစောင်များကို ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၂၅ မြို့နယ်ရှိ ခရိုင်၊ မြို့နယ် ပြည်သူ့စာကြည့်တိုက်များသို့ ဖြန့်ဝေနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)သို့ Joint Coordination Committee(JCC) ဦးဆောင်မှု၊ လွှတ်တော်ရုံးများနှင့် Hanns Seidel Foundation(HSF) တို့ ပူးပေါင်းမှုဖြင့် စာအုပ် ၁၇၄၂၅ အုပ်နှင့် ပိုစတာ ၆၅၁၀ လှူဒါန်းနိုင်ခဲ့သည်။

ထို့ပြင် လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်တွင်း/ပြည်ပ ဧည့်သည်များအတွက် လွှတ်တော်လက်ကမ်းစာစောင် (မြန်မာ/အင်္ဂလိပ်) ၈၇၈၁ အုပ်နှင့် လွှတ်တော်မြေပုံ ၃၃၀၁ စောင် ဖြန့်ဝေနိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်သို့ လေ့လာရေးလာရောက်လိုသူများအနေဖြင့် ပြည်သူ့လွှတ်တော် အီးမေးလ်များဖြစ်သည့် observerpyithu.dpm@gmail.com နှင့် visitorservices@ pyithuhluttaw.gov.mm တို့တွင် ပေးပို့လျှောက်ထားနိုင်သလို စတုတ္ထ (၁)နှစ်တာကာလအတွင်း လွှတ်တော်သို့ နိုင်ငံရေးပါတီများမှ ပါတီဝင်များ ၈၀၄ ဦး၊ တက္ကသိုလ်ကောလိပ်/ အခြေခံပညာကျောင်း/ ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ/ဆရာမ၊ ကျောင်းသား/ ကျောင်းသူ ၈၁၀၀ ၊ ပြည်သူလူထု အရပ်ဘက်အဖွဲ့အစည်းများမှ ၆၈၉၁ ဦးနှင့် လူငယ်အဖွဲ့အစည်းမှ ၁၃၉ ဦး စသည့်အဖွဲ့များ အပါအဝင် နိုင်ငံခြားသား လေ့လာသူဦးရေ ၄၀၈ ဦး စုစုပေါင်း ၁၆၃၄၂ ဦး လာရောက်လေ့လာခဲ့သည်။

**ပြည်သူနှင့် လွှတ်တော်အကြား ချိတ်ဆက်ဆောင်ရွက်နေမှုများ**

ပြည်သူနှင့် လွှတ်တော်အကြား ချိတ်ဆက်ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်၏ Website ဖြစ်သော https://www.pyithu.hluttaw.mm နှင့် Facebook Page ဖြစ်သော http://www.facebook.com/pyithu.hluttaw.mm တို့တွင် သတင်းနှင့် ပြန်ကြားရေးကဏ္ဍ၊ အစည်းအဝေးကဏ္ဍ၊ ကိုယ်စားလှယ်များကဏ္ဍ၊ ကော်မတီ/ကော်မရှင်များကဏ္ဍ၊ ဥပဒေဆိုင်ရာများကဏ္ဍ၊ သုတေသနကဏ္ဍနှင့် လွှတ်တော်လေ့လာရေးကဏ္ဍဟူ၍ ဖော်ပြထားသည်။

လွှတ်တော်၏ လုပ်ငန်းဆောင်ရွက်ချက်များကို မြန်မာပြည်သူ၊ ပြည်သားများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပနေမှုများကို တိုက်ရိုက်ထုတ်လွှင့်ပြသခြင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့၏ ဧည့်တွေ့ဆုံမှုများ၊ ကော်မတီဥက္ကဋ္ဌများ၏ ဧည့်တွေ့ဆုံမှုများ၊ မှတ်တမ်းဗီဒီယိုဖိုင်များ၊ အစည်းအဝေး အစီအစဉ်များ၊ မေးမြန်းဖြေကြားချက်များနှင့် အစည်းအဝေးနှင့် ကော်မတီဌာနကြီးမှ ပေးပို့လာသော အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်တို့ကို ပြည်သူ့လွှတ်တော် Website နှင့် Facebook Page၊ Twitter– Pyithu Hluttaw@ Pyithuwebnews တို့တွင် ထုတ်လွှင့်လျက်ရှိသည့်အပြင် **"Visit to Hluttaw – လာလေ့သွားစို့ လွှတ်တော်သို့"** Facebook Page တွင်လည်း လေ့လာရေးပုံရိပ်များကို လွှင့်တင်ပေးလျက်ရှိသည်။

ပြည်သူ့လွှတ်တော်ရုံး နည်းပညာဌာနစု ၁ အနေဖြင့် လွှတ်တော် ၃ ရပ်ရှိ လွှတ်တော်ကိုယ်စားလှယ်များကို Hluttaw Intranet တွင် လွှတ်တော်၌ ဆွေးနွေးနေသည့် ဥပဒေကြမ်းများ၊ အစည်းအဝေးမှတ်တမ်း(နေ့စဉ်)၊ အစည်းအဝေးမှတ်တမ်း(အကျဉ်းချုပ်)၊ အစည်းအဝေးမှတ်တမ်း(ပုံနှိပ်)၊ မေးခွန်းနှင့် အဆိုများ၊ ကိုယ်စားလှယ်များ၏ အစည်းအဝေးတက်ရောက်မှုများ၊ ကော်မတီများ၏ ဆောင်ရွက်ချက်များ၊ သုတေသနဌာန၏ ဝန်ဆောင်မှုများနှင့် လွှတ်တော်စာဖတ်ခန်း၏ ဝန်ဆောင်မှုများ လွှတ်တော်အတွင်းတွင် Wifi Network များဖြင့် လည်းကောင်း၊ လွှတ်တော်ပြင်ပတွင် Virtual Private Network(VPN) များဖြင့် လည်းကောင်း အသုံးပြုကြည့်ရှုနိုင်စေရန် သီးသန့်ဆောင်ရွက်ပေးထားသည်။

ပြည်သူ့လွှတ်တော်ရုံးအနေဖြင့် စစ်ကိုင်းမြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာပညာရေးစင်တာ၊ ကွတ်ခိုင်မြို့ရှိ ဖြူစင်မေတ္တာ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးအသင်း၊ ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်း၊ သဘာဝဘေးဒဏ်ခံစားနေရသော တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ဆဋ္ဌမအကြိမ် သက်ကြီး သတင်းစာပညာရှင် ၁၅၀ တို့နှင့် သက်ကြီးစာပေပညာရှင် ၂၇၉ ဦးတို့ကို လှူဒါန်းထောက်ပံ့နိုင်ခဲ့ခြင်းများ အပါအဝင် စုစုပေါင်း ၁၉ ကြိမ် လှူဒါန်းထောက်ပံ့နိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ဘဝလုံခြုံရေး၊ တန်းတူညီမျှရေးတို့ကို ဖော်ဆောင်ပေးရန် လိုအပ်သည့် ဥပဒေများကို ခေတ်စနစ်နှင့်အညီ အသစ်ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် မဲဆန္ဒနယ်ပြည်သူများ၏ လိုလားတောင့်တချက်များနှင့် မျှော်လင့်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ကိုယ်စားပြုလျက် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့သည်မှာ လေးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သလို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထ(၁)နှစ်တာကာလအတွင်းမှာလည်း လွှတ်တော်၏ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်မှုများကို သိသာထင်ရှားစွာ မြင်တွေ့ခံစားနေရပြီဖြစ်သည်။

ထို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် ပြည်သူ့လွှတ်တော်သည် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ပါသည်။